www.burmeseclassic.com



www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ❖ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၁၂၀၅၁၀၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၁၁၄၀၂၁၂ |
| အကြိမ် | – | ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ မေလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀ိ/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉) ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |
| အတွင်း/ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) |
| အဖုံးပုံနှိပ်သူ | | ရွှေရောင်လင်းပုံနှိပ်တိုက် အမှတ်(၈၈)၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ဒီနိုင်းခ

ဤအရာကို အချစ်ဟုသိရသည် ထို့ကြောင့်.../ ဒီနိုင်းခ၊
ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၁။

၂၄၀ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) ဤအရာကို အချစ်ဟု သိရသည် ထို့ကြောင့်...


BURMESE CLASSIC .com



ထို့ကြောင့် ...

အချစ်က ပစိပစပ်သမားလား ..
ပြီးတော့ နီးစပ်လာသလိုလိုနဲ့
ခရီးထွက်သွားတာ များပါတယ် ...။

သူ့ကွင်း ကိုယ့်ကွင်း မရွေးဘဲ
ခြေစွာတဲ့ ဘောလုံးအသင်းလို
တကယ်ဆို ကိုယ့်ရင်ခွင်တွင်းမှာ
ချစ်ခြင်းနဲ့ ကြုံးကန်ရမှာ ..။

ဒီတော့ .. အရွယ်မရောက်တဲ့ ကလေးပေါက်လေးလို
အချစ်ရေ မင်း ကိုယ့်ကို ထိန်းသိမ်းစောင့်ရှောက်ပေါ့ ...။

ပြီးတော့ .. အချစ် ကိုယ့်လူသားတွေရဲ့ ပထမဆုံး ထွက်ပေါက်လို့
ငှါ့ယုံကြည်ချက်ကို ကြော်ငြာခွင့် ပြုပါ။

အချစ်က ဘာနေ့သားလဲ ..
ယတြာကောင်းကောင်းနဲ့ ဖျားနာခွင့် မရှိအောင်
ကိုယ်က ပြန်လည်စောင့်ရှောက်ခွင့်ပြုပါ။

မသိနားမလည်တဲ့ ဒေတာတွေ ပုန်းအောင်းတဲ့ ဤအရာကိုး
သိနားလည်သလိုလို ဟန်ဆောင် ထင်ယောင်ရင်း
အချစ်ဟု သိရသည်။
ထို့ကြောင့် ...

ရွှေသမင်စာပေ

www.burmeseclassic.com

တန့်

မျက်

အ

မာယာများတဲ့ အားယူမှုနဲ့ အလဲထိုးဖို့စောင့်နေတဲ့ ချစ်သူကို မသိနားမလည်တဲ့ စိတ်ထားနဲ့ ငြိမ်းချမ်းရေး အကြောင်း ပြောချင်နေတဲ့ကောင်က ငါပါ ခင်မင်းဖြူ...၊

ရေဆင်းတဲ့ကတွတ်ပေါက်က ငါးချောင်းနေတဲ့ ဖျိုင်းကို ဥပုသ် ဝင်နေသူလို့ ငါ မှတ်ယူဖူးတယ်။ မာနကို ဦးနှောက်ထဲမှာ ဆေးထိုး သလို သွတ်သွင်းရင်း အရှုံးဆိုတာ လောကမှာ မရှိဘူးလို့ ယုံကြည် နေသူကို တရားပြဖို့ အတော်ခက်မှာပါ ...၊

လူတိုင်းမှာ အဆိပ်ကိုယ်စီ ရှိကြပါတယ် ခင်မင်းဖြူ။ လျှော့ တွက်လို့ အထင်သေးရင် မင်းအတွက်တော့ ရင်လေးစရာ ဖြစ်လာ မှာပေါ့။ ဆင်းရဲသူပဲဖြစ်ဖြစ် ချမ်းသာသူပဲဖြစ်ဖြစ် အရောင်မတူတဲ့ အဆိပ်တွေနဲ့ ကိုယ့်အမောက်နဲ့ကိုယ် ခေါင်းထောင်နေကြတာ မင်း သိရဲ့လား ခင်မင်းဖြူ ...၊

မင်းအလှတရားနဲ့ လာသမျှကို အလဲထိုးနိုင်ရင် ယုံကြည်ရင် ဒါဟာ ပုံပြင်လိုပဲ သဘောတူကြပါစို့...။





"ဒါန နဲ့ သီလ"

"ဒါန နဲ့ သီလ ပါရင် နွေအခါမှသိရမယ်"

"အိုကေ"

ကျွန်တော် တင်မိုး ကို နှုတ်ဆက်ပြီး ထွက်လာခဲ့ပါတယ်။ တင်မိုး ဆိုလို့ ကဗျာဆရာကြီး တင်မိုး လို့ မထင်လိုက်ပါနဲ့ ...။

ဒီ တင်မိုးက ကျွန်တော်တို့ သမိုင်းမေဂျာက နှာဆရာပါ..။ အမြဲ တမ်း နှာလေးတယိုယိုနဲ့ ရှုလွတ်လို့ အသံမြည်အောင် လူကြား မရှောင် သူ့ရဲ့ Trade Mark ကို နှာခေါင်းမှာထားရင်း နှာသမားတို့ ရဲ့ ထုံးစံအတိုင်း နှာစေးပြပါတယ်။ ဒါပေမယ့် သူ့ကို ကြိုက်မယ့်သူ မရှိပါ။

ကျွန်တော် နွေအခါ ဆိုတဲ့ အအေးဆိုင် ရောက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. သေခါမှ သိမယ့်ကောင်တွေ"

ကျွန်တော့်အသံကြောင့် စကားပြောနေရာမှ ဇော်ကြီး က လက်လှမ်းပြရင်း ပလတ်စတစ်ထိုင်ခုံ ယူပေးပါတယ်။

"မင်း .. ငါတို့ ဒီမှာရှိတာ ဘယ်လိုသိလဲ"

"နာဂျော်ကီပြောတာ..၊ ဒါန နဲ့ သီလပါရင် နွေအခါမှ သိမယ်တဲ့"

ဇော်ကြီး က ကျွန်တော့်စကားကြောင့် ရယ်သည်။ ဒါန နဲ့ သီလ ဆိုတာ နန္ဒ နဲ့ သီဟ ဆိုတဲ့ ကျွန်တော့်ရဲ့ ငယ်မွေးချင်းပေါက် သူငယ်ချင်းတစ်ရုံကို ဆိုလိုခြင်းပါ။

အသုံးအစွဲများတဲ့ နန္ဒ ကို ရပ်ကွက်က ဒါန တဲ့..။ ဒါန နဲ့ ပေါင်းတော့ သီဟ က အော်တိုမစ်တစ် သီလ ဖြစ်သွားရရှာပါတယ်။ ကျောင်းက ဆရာ၊ ဆရာမတွေကတောင် နန္ဒ နဲ့ သီဟ နာမည်ရင်းတွေကို မေ့ချင်ချင်။ အလွယ်တကူ ဒါန နဲ့ သီလ ပဲ ခေါ်ကြသည်။

"ဘာတွေ ပြောနေကြတာလဲ"

"မမင်းဖြူ"

ကျွန်တော် ဇော်ကြီးရှေ့က ရေခဲသုပ်ကို ယူစားရင်း ဒါန စကားကြောင့် ...

"သြော် .. မမင်းဖြူ မှန်မှန်ပြော အီးဘွတ်တရားဟော"





ကျွန်တော့်စကားကြောင့် သီလ က ..

"ထွီ .. ရွံစရာကွာ ..၊ ပေးပါဦးဟာ .. ရေခဲသုပ်"

သီလ က ကျွန်တော့်လက်ထဲက ရေခဲသုပ်ကို ပြန်လုယူသည်။

"အဲဒီ မမင်းဖြူ မဟုတ်ဘူးကွ..၊ ဖီးဆစ်က ခင်မင်းဖြူ"

"ဘာလဲ ချိုပေါက်နေလို့လား"

ကျွန်တော် ဇော်ကြီး စကားကို အရေးမပါသလိုပြောတော့ ...

"အေး ... ပေါက်နေတယ်"

"ဟမ်! .."

ကျွန်တော့်ပုံစံကြောင့် ဒါန က ရယ်ရင်း ...

"ပေါက်နေတယ်၊ သူ့သတင်း ပေါက်ကြားမှုက ဒီလို..၊ ရက်ရက်စက်စက် လှသလောက် ပက်ပက်စက်စက်ကို မာနကြီးတာ၊ လာသမျှကိုလည်း မာနနဲ့ ခါချပစ်တာ"

"ခါချတယ်ဆိုတော့ ဟိုကောင်တွေက ဘာတက်လုပ်လို့လဲ"

ဒါန နဲ့ သီလ ကျွန်တော့်ကို တင်းသွားဟန်နဲ့ ...

"ဟော့ကောင် စာအရ ပြောစမ်း၊ စိုးတင့် လို နာအရ မတွေးနဲ့"

"သူက ဘယ်လောက်ချောလို့လဲ..၊ မတင်မီလောက် ချောလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မတင်မိ က ကျွန်တော့်အခန်းထဲက ရုပ်အဆိုးဆုံး မြန်မာမလေးပါ။

“ဟော့ကောင် .. မြင်း မမြင်ဖူးလို့ပါ”

“ဟော့ကောင် .. ဇော်ကြီး မြင်း မြင်ဖူးပါတယ်ကွ”

ဇော်ကြီးက ယောက်ျားတို့မျက်စောင်း အကြောင်းမရွေးဘဲ စီးချင်းထိုးသလို ထိုးသည်။ ဇော်ကြီးက တစ်ခါတစ်ခါ စကားပြောရင် အသံလုံးတယ်၊ သိပ်မပီသဘူးပေါ့ ..။

“မင်း မမြင်ဘူးသေးလို့ပါကွာ”

သီလ က ခင်မင်းဖြူ ကို ပပဝတီလောက် ညွှန်းသည်။

“မင်းတို့ ခင်မင်းဖြူ က ဝပ်ငါးရာလောက်ရှိလား သီလ”

ဟိုကောင်တွေ တစ်ယောက်ကိုတစ်ယောက် နားမလည်သလို ကြည့်ကြတော့ ...

“သြော် .. မီးလင်းလာလို့”

“ဘာဆိုင်လဲကွ”

“ဟ!.. ပပဝတီဆိုရင် ဂျန်နရေတာ သူ့ဗိုက်ထဲမှာ ထည့်ထားတယ်တဲ့”

ဒါန က မယုံကြည်ဟန်နှင့် ...





“ဟော့ကောင်တွေ မဟုတ်မဟတ်တွေ လာမပြောနဲ့”

“ဒါဆိုရင်ကွာ ခုနစ်ဆောင်တိုက်ခန်းမှာ မီးမထွန်းဘဲ လင်းရတယ်လို့ ဘာလို့ရေးထားတာလဲ”

ဒီကောင် မကျေမနပ်နဲ့ ဝိုင်းကြည့်ကြပါသည်။ ကျွန်တော်က ခပ်တည်တည်နဲ့ ...

“အေးကွာ .. မင်းတို့ မမင်းဖြူ က မီးလင်းရင်တော့ အကောင်းသား”

ဇော်ကြီးက မေးသည်။

“မင်းက ဘာလုပ်မလို့လဲ”

“သြော် .. ထုတ်တန်းမှာ ခြေနှစ်ချောင်းကို ကြိုးနဲ့ချည် ဇောက်ထိုးလေး ချိတ်ထားလိုက်ရင် တစ်အိမ်လုံး လင်းမှာကွ”

“ဒါဆိုရင် ..”

ဒီကောင်တွေ အမေးကို သိသည်။

“ဘောင်းဘီ ပါပါတယ် ကိုတင်မိုး တို့ရယ် ..”

ဘေးဝိုင်းတွေကပါ ရယ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

ခင်မင်းဖြူ ကြားရတဲ့စကားကြောင့် မျက်နှာနီရဲကာ ဒေါသဖြစ်မိပါသည်။

"နေပါဦး .. အဲဒီကောင် နာမည်က .."

စိုးတင့် က ယောက်ျားပီပီ မဲ့မဲ့ရွဲ့ရွဲ့နှင့် ...

"ကိုယ် ကုန်းချောစကားပြောတာ မဟုတ်ဘူးနော် ဖြူ..၊ အတင်းလဲ လျှောက်ပြောတာမဟုတ်ဘူး။ သူများအကြောင်းလဲ မပြောတတ်ဘူး စပ်မိလို့"

ဘေးက နေရီ နားကြားပြင်းကပ်လာပါတယ်။ အတင်းမပြောတတ်လို့ဘဲ တစ်နေ့တစ်နေ့ ခင်မင်း ကို လာကြောင် လာငမ်းရင်း ပြောလိုက်တဲ့ လူပေါင်းစုံရဲ့ မကောင်းသတင်း ..။





"ကဲ .. မိကျောင်းကန်သား ရှင့်ကို အဲဒီကောင်နာမည် မေးနေတာ"

စိုးတင့် သွားကျဲလေးနဲ့ အရှက်ပြေရယ်ရင်း ...

"ဒီကောင် နာမည်အရင်းက လင်းချို"

"လင်း .. ချို .."

နေရီ ဒီနာမည်ကို ကြားဖူးနေပါသည်။ ဘေးက အိသက် ကလည်း စဉ်းစားနေပါသည်။

"ဒါပေမယ့် အဲဒီနာမည်ကို ဘယ်သူမှ မခေါ်ကြဘူး"

"သူ့ကို ဘယ်လိုခေါ်လဲ"

ခင်မင်းဖြူ လက်ပိုက်ရင်း ခပ်ဆတ်ဆတ်မေးတော့ နှုတ်ခမ်းတလန် ပန်းတလန်နဲ့ စိုးတင့် က အခုလို ပြောသည်။

"လင်းယုန်"

"လင်း .. ယုန် .."

ခင်မင်းဖြူ သံယောင်လိုက်တော့ အိသက် နဲ့ နေရီ မျက်လုံးတွေ ပြူးသွားရင်း သံပြိုင်ပင် ...

"ဇေယျဝတီ ကို ပညာပေးသွားတဲ့ လင်းယုန်"

"ဘယ်လို .."



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်းဖြူ အမေးကြောင့် နေရီ က ပြန်ဖြေဖို့အလုပ်မှာ ...

"ဟို .. ကိုယ်သွားတော့မယ်နော်..၊ နောက်လဲ အားရင် အတင်းအဲ .. အပျင်းပြေ လာပြောပေးမယ်နော်"

စိုးတင့် စကားကြောင့် ဘယ်အချိန်ကတည်းက အမြင်ကပ်နေလည်း မသိပါဘူး အိသက် က ...

"ကြွ .. ကိုယ်လည်း ကြွ .. ခေါင်းလည်း ကြွ ..၊ တော်တော်အတင်းပြောတဲ့လူ"

တင်စိုး က အိသက် ကို မကြည့်ကြည့် ကြည့်ပြီး ...

"အတင်းပြောတာ မဟုတ်ပါဘူး ..၊ တဖြည်းဖြည်းနဲ့ နားဝင်အောင် ပြောတာကို ဟင်း .. ခေတ်မမှီလိုက်တာ၊ စာစောင်ဝယ်ဖတ်လို့ရတဲ့ သတင်းတွေ မဟုတ်ဘူးဟဲ့"

"အောင်မာ .. ပြန်ပက်သွားသေးတယ်၊ ခဲနဲ့ ကောက်ထုလိုက်လို့ .."

အိသက် တကယ် ခဲကောက်တော့ စိုးတင့် သုတ်ချေတင်ပါတော့သည်။

ခင်မင်း အတော်ကို ဒေါသထွက်နေပါသည်။ နေရီ တို့နဲ့အတူ အခုလို ကန့်တဲင်းမှာ ရှမ်းခေါက်ဆွဲစားနေစဉ်မှာ စိုးတင့် က လင်း





ယုန် ဆိုတဲ့လူ သူမကို နွေအခါမှာ ပက်ပက်စက်စက် ပြောနေတယ်တဲ့ ..။

"ပြောစမ်းပါဦး ...၊ အဲဒီ သိမ်းငှက်အကြောင်း .."

"သိမ်းငှက် မဟုတ်ပါဘူး ခင်မင်းရယ် .."

"အေးပါ .. ပြောပါဦး၊ အဲဒီ လင်းဆွဲဆိုတဲ့ အကောင်အကြောင်း"

ဟိုနှစ်ယောက်က ရယ်ရင်း အိသက် က ...

"လင်းယုန်ပါ ဟယ်"

သူမ အတော်ကို စိတ်တိုနေပါသည်။

"လုပ်ပါဦး .. ဧယျဝတီ ကို လုပ်သွားတာ"

"ဟဲ့ .. ပညာပေးတယ် ပြောစမ်းပါ"

"ထားပါဟာ .."

ဧယျဝတီ ဆိုတာ မြန်မာစာမေဂျာက (ကွင်း) ကွင်းပြီး ပတ်ပြေးကျတာ မဟုတ်ပါ။ တကယ့် အလှမယ် .. အပြင်မှာ မော်ဒယ်အလုပ်ကို တစိုက်မတ်မတ် အိတ်ထဲကငွေ စိုက်ပြီး ကြိုးစားပါတယ်။ နာမည်အမှန်က ဓာဝတီဖြိုး တဲ့ ..။

ကျောင်းသားတွေကတော့ ဧယျဝတီ ပဲ ခေါ်ကြသည်။ ပြီးတော့ မသိမသာမဟုတ် သိသိသာသာ ရှုပ်သည်။ ရုပ်ရည်ချောမော



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံရှိတဲ့ ကျောင်းသားဆိုရင် သူကစ၍ အီသည်။

"နင်လည်း သိတဲ့အတိုင်းလေ..၊ ဓေယျာဝတီ က ရုပ်ရည်ချော ချော ပိုက်ဆံရှိတဲ့လူဆိုရင် သူက စ,အီပြီ"

"သံပရာသီး ဆောင်ပေါ့"

"ဟာ!... ဘာကိုလဲ"

"နင်ပဲ အီတယ်ဆို .. သံပရာသီးလေး ညှစ်လိုက်ပေါ့"

စိတ်ပေါက်ပေါက်နဲ့ ပြောတော့ နေရီ နှင့် အိသက် က ရယ်သည်။

"အဲဒါကို လင်းယုန် က သိထားတယ်၊ ပြဿနာက လင်းယုန် တို့ အတန်းထဲ ရွှေကြာ ဆိုတဲ့ကောင် သူ့ကို ရည်းစားစကား သွား ပြောလို့ ရစရာမရှိအောင် ပြောလွှတ်လိုက်တာက စ,တာပဲ"

"ဆက်ပါဦး .."

ခင်မင်း စကားကြောင့် နေရီ ဆက်ပြောပါသည်။

"လင်းယုန် က ဓေယျာဝတီ ကို ဒုက္ခပြဖို့ လုပ်တယ်"

"ဒုက္ခ ပေးတာပါဟာ"

အိသက် က နေရီ ကို ပခုံးတိုက်ပြီး ပြောတော့ ...

"ပညာပြတာနဲ့ ရောသွားလို့ပါဟာ ..၊ လင်းယုန် က ဓေယျာဝတီ ကိုယ်ကာယလေ့ကျင့်ခန်း လုပ်တတ်တဲ့ ဟိုတယ်ကို သိတယ်၊ အဲဒီ





မှာ ပြတော့တာပဲ"

အိသက် က တွေးတွေးဆဆနဲ့ ...

"လင်းယုန် က ဘာသွားပြတာလဲ"

"ဟဲ့ .. ပညာပြကာ ပြောတာ"

နေရီ က အိသက် ကျောကိုပုတ်ပြီး ပြောတော့ အိသက် က ရယ်ကျဲကျဲနှင့် ...

"ပြောစမ်းပါဟာ"

ခင်မင်း အရမ်းသိချင်နေပါသည်။

"ဒီလိုဟာ .. သူတို့သင်တန်းက ဟိုတယ်ရဲ့ဒုတိယထပ်မှာ .. အဲဒီသင်တန်းကိုသွားရင် ဟိုတယ်ရဲ့မြေညီထပ် စနက်ဘားရှေ့က ဖြတ်ရတယ်၊ တစ်နေ့ ဓေယျာဝတီ က အဲဒီ စနက်ဘားထဲမှာ အအေး သောက်နေတုန်း အနောက်တိုင်းဝတ်စုံနဲ့ လူတစ်ယောက်ကို တွေ့ တယ်တဲ့..၊ အဲဒီလူက အရမ်းချောတာတဲ့၊ တစ်ယောက်တည်း ဂျာ နယ်ဖတ်နေတယ်တဲ့..၊ ဥပဓိရုပ်ကောင်းကောင်း ပိုက်ဆံကလဲ ချမ်း သာတဲ့ပုံစံဆိုတော့ ဓေယျာဝတီ မိုက်သွားတာပေါ့ဟာ ..၊ နေ့တိုင်း အဲဒီလူက အဲဒီနေရာမှာပဲ ထိုင်တယ်၊ ပြီးတော့ ဓေယျာဝတီကို ကြည့် ကြည့်နေတာ ..၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ဇေယျာဝတီ ဝင်ရောတာပေါ့..၊ ဇေယျာဝတီ မိတ်ဆက်တော့ ဟိုလူက ပြုံးနေတယ်၊ ဘာမှလဲ ပြန်မပြောဘူး။ ဇေယျာဝတီ က ဖွဲ့မလျှော့ နှစ်ရက် သုံးရက်အထိပေါ့ ..၊

တစ်နေ့ ဇေယျာဝတီ မခံမရပ်နိုင်ဖြစ်ပြီး အဲဒီဆိုင်မှာ အဲဒီလူကို ရှင့်ကို ကျွန်မ စိတ်ဝင်စားနေတာ ရှင်သိရက်နဲ့ ဘာလို့ အေးစက်စက် လုပ်နေတာလဲ မေးတော့ ပြန်ပြောတယ်"

"ဘယ်လို ပြောလဲ"

နေရီ က သဘောကျစွာနဲ့ ရယ်ရင်း ..

"သူက 'အ' နေတာပါတဲ့"

ခင်မင်း က စိတ်ရှုပ်ရှုပ်နဲ့ ...

"ဟာ .. အ,နေတဲ့သူက ဘယ်လိုပြောလဲ..၊ ယုံအောင်လဲ ပြောပါဟယ်"

"ဟဲ့ .. ဇေယျာဝတီ နောက်က လင်းယုန် က ပြောတာ ..၊ ပြီးတော့ နားလဲ မကြားပါဘူးတဲ့၊ အောက်ပိုင်းလဲ သေနေတယ်တဲ့"

"ကောင်းရောဟာ .. အဲဒီတော့ ..."

"ဟဲ့!.. ဇေယျာဝတီ ငိုးသွားတာပေါ့ဟာ ..၊ အဲဒီမှာ လင်းယုန် ကို လူယုတ်မာ ဘာညာပြောတော့ လင်းယုန် က မင်းကိုငါ ဘာလုပ်





လို့လဲပေါ့ မင်း ငါ့သူငယ်ချင်း ရွှေကြာ ကို ပြောခဲ့တဲ့စကားတွေ မှတ်မိလား ပြောတော့ ဇေယျာဝတီ ဘာမှ မပြောနိုင်တော့ဘူးလေ"

"ဇေယျာဝတီ က ရွှေကြာ ကို ဘာပြောလွှတ်လို့လဲ"

ခင်မင်း အမေးကြောင့် နေရီ က ဖြေပါတယ်..။

"ရွှေကြာ ကို ဝတီ က ရိုင်းရိုင်းပျပျ ပြောလွှတ်ပြီး နင့်ကို လက်ခံမယ့်အစား မျက်လုံးကန်း နားမကြား အောက်ပိုင်းသေနေတဲ့ ကောင်ပဲ ကြိုက်လိုက်မယ်လို့ ပြောတာကို ဟာ"

ခင်မင်း ပြုံးသွားပါတယ်။

"ဒီလူ အပြုံးထားတတ်ပုံပဲ"

နေရီက ခင်မင်း စကားကြောင့် ပြုံးသည်။

"အဲဒီစကားကို ဇေယျာဝတီ က လင်းယုန် ကို ပြောသေးတယ်"

"ဒီကောင်က ဘာပြန်ပြောလဲ"

"ငယ်ငယ်တုန်းက ကလေးအချင်းချင်း ရန်ဖြစ်လို့ စိန်ခေါ် ချင်ရင် ဘာလုပ်ကြလဲလို့ မေးတယ်"

"ဖက်ကိုက်ကြတာပေါ့"

အိသက် က ဝင်ဖြေတော့ နေရီ တဟားဟားနှင့် ရယ်သည်။ ပြီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့!.. ရန်ဖြစ်ဖို့ စိန်ခေါ်ပါတယ်ဆို"

"အဲဒီတော့ .."

"ဖေယျဝတီ က ခေါင်းခါတော့ လင်းယုန် က ပြုံးပြီးပြောတယ်တဲ့၊ ကိုယ်နဲ့ရန်ဖြစ်ချင်တဲ့ ကလေးရဲ့နားရွက်ကို တံတွေး လက်မှာ ဆွတ်ပြီး ကိုင်လိုက်ရတယ်တဲ့၊ အခု ခင်ဗျားက အရင် ကျွန်တော့်တို့ ဦးနှောက်ကို တံတွေး လာစွပ်တာလေ တဲ့"

လင်းယုန် ရဲ့ ဥပမာစကားကြောင့် ခင်မင်းဖြူ မဲ့ရွဲ့မိပါသည်။





"မင်းက ဘယ်သူလဲ"

အိမ်ထဲ ဝင်ဝင်ချင်း ဖေဖေက ခပ်ထန်ထန်မေးတော့ အန်တီထက် က ပြုံးစေ့စေ့နှင့် ဖေဖေ့ကို မေးငေါ့ကာ အချက်ပြသည်။

ဖေဖေ သူ့ကို တင်းနေတယ်ပေါ့။

"ညီလေးက ဘယ်သူလဲ"

ကျွန်တော် ခပ်တည်တည်နဲ့ နှောက်တော့ ဖေဖေ စိတ်ဝိုသွားပါတယ်။

"ဟောကောင် ငါ မင်းအဖေကွ"

ကျွန်တော် အန်တီထက် ဘေးမှာ ဝင်ထိုင်ရင်း အန်တီထက် လက်မောင်းကို မှီကာ ..

"လာမနှောက်နဲ့ ဦးလေးရာ ..၊ ကဲ ဖေဖေ ဘယ်ရောက်သွားလဲ ခေါ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မနေနိုင်တော့ ..။

ရယ်ပြီး ထလာကာ ...

"ဖအေမွေး မအေမွေး မအေပေးကောင် သိမယ်"

"ဟာ .. ဖေဖေ .. အဖေဆိုပြီး မာနမထောင်နဲ့နော်"

ကျွန်တော် ညွှန်းမှာ ပတ်ပြေးတော့ ဖေဖေက နောက်က လိုက်ကာ ...

"ဟော့ကောင် ထောင်တယ်ကွာ"

"ဟာ .. ရှက်စရာကြီးဗျာ"

"ဟော့ကောင် .. မာန ပြောတာကွ"

"ဘယ်မှာလဲ ပြ .. အဲဒီထောင်နေတဲ့ မာန"

"ဒီ .. ဟာ .. ဒီကောင်တော့ ဟော့ကောင် .. ထိုင်ဦး"

ကျွန်တော် မယုံမရဲနှင့် ...

"ဒါဆို ဖေဖေ အရင်ထိုင်"

"တောက် .. မင်းက ငါ့ကို အမိန့်ပေးလို့ မရဘူး၊ ကဲ .. ထိုင်ပြီကွာ"

ဖေဖေက အရင်ဝင်ထိုင်ပါသည်။

ကျွန်တော် အန်တီထက် ဘေး မှာ ဝင်ထိုင်ပါသည်။ အန်တီ





ထက် က ဖေဖေ့ရဲ့ နောက်မိန်းမပါ။

မေမေကတော့ ကျွန်တော် ကိုးကန့်ယဲက သေမင်းဆီမှာ အပေါင်တင်ထားတာ ဆုံးသွားခဲ့ပါပြီ..၊ ပြန်လည် ရွေးလို့မရပါ။

"မင်း .. အိမ်ပြန်မလာတာ ဘယ်နှစ်ရက် ရှိပြီလဲ"

"နှစ်ပတ်ပဲ ရှိပါသေးတယ် ဖေဖေရာ .. မများသေးပါဘူး"

ဖေဖေက မကျေမနပ်နဲ့ ...

"မင်း ဟိုအိမ်လိုလို ဒီအိမ်လိုလိုနဲ့ မလိမ့်တစ်ပတ် လုပ်မနေနဲ့ နော်"

"မယုံရင် ဦးလေးအောင်ဒင် ကို ဖုန်းဆက်မေးကြည့်လေ"

ဦးလေးအောင်ဒင် ဆိုတာ ဖေဖေ့သူငယ်ချင်း ..။

ဒါန ရဲ့ အဖေ ..။

"ပြီးတော့ သူကားတွေနဲ့ မနိုင်မနင်းဖြစ်နေတော့ ဒါန နဲ့ ပိုင်းကူ လုပ်ပေးနေတာပါ"

"သားချို့ ထမင်းရော အစားမှန်ရဲ့လား"

အန်တီထက် အမေးကြောင့် ကျွန်တော်ရယ်ရင်း ခေါင်းညိတ်ပြ ပါသည်။ ဖေဖေ မေမေ့ကိုယူတော့ ဘိုးဘိုးနဲ့ ဘွားဘွားတို့ မကျေနပ်။ မေမေက နာမည်မရတာရအဆိုတော်ဆိုတော့ ဘွားဘွားက ဖက်ခွက်



www.burmeseclassic.com

www.burmeseclassic.com



စားနဲ့ သူ့သားကို မပေးစားနိုင်ပါဘူးတဲ့။

မေမေက ဖက်ခွက်စားမဟုတ်ကြောင်း ကျွတ်ကျွတ်အိတ်နဲ့ ဝယ်ပြီး အိမ်မှာ ပန်းကန်နဲ့စားကြောင်း ရှင်းပြလည်း မရတာကြောင့် မေမေ ဖေဖေ့ကို ငြင်းလွှတ်ပါသည်၊ (ယူမယ်တဲ့)။ ကျွန်တော် ရှစ်တန်း အောင်တဲ့နှ ဘွားဘွားဆုံးတော့ မေမေကလည်း အတင်စီးမခံ မှီရာရောဂါနဲ့ ပြုး အသက်ထွက်ပြပါသည်။

ကျွန်တော်က မေမေ ဖေဖေတို့နဲ့ နေခဲ့တဲ့ ဒါန တို့ ရပ်ကွက်ထဲ က အိမ်လေးကို မရောင်းရက်။ ဖေဖေလည်း ကျွန်တော့်လိုပါပဲ။ ကျွန်တော် အဲဒီမှာ တစ်ပတ်ကိုးသီတင်း သွားသွားနေတော့ အန်တီ ထက် က ဖေဖေ့ကို အန်တီထက် ယူလိုက်လို့ မကျေနပ်ဘူးလို့ ထင် နေပုံ ရပါသည်။

ကျွန်တော်က ကိုယ့်အမေလို စိတ်ထားကောင်းတဲ့ အန်တီ ထက် ကို လူငယ်ပီပီ နားဝင်အောင် ရှင်းပြရပါတယ်။ အဲဒီတော့မှ အန်တီထက်က စိတ်ကျေနပ်သွားတာပါ ..။ ဖေဖေကတော့ ဘွား ဘွား လွှဲပေးခဲ့တဲ့ ကုမ္ပဏီတွေ၊ ခြံတွေ လုပ်ငန်းတွေနဲ့ နဂိုအစိုးရ ဝန်ထမ်းအလုပ်ကထွက်ပြီး လုပ်ဖော်ကိုင်ဖက် အန်တီထက်ကို ယူ လိုက်ပါသည်။





ဖေဖေ ပြောတာကတော့ ...

"လုပ်ဖော်ကိုင်ဖက်ဆိုတော့ ပြောစရာမလိုတော့ဘူးတဲ့"

အရင်က အန်တီထက် က ဖေဖေ့လက်အောက် တပည့်ပါ။ ဆရာသမားဆိုတော့ ပြုစုစောင့်ရှောက်တဲ့သဘောလား အနိုင်ကျင့် တာလား မသိပါ။

"အောင်ဒင် ရော နေကောင်းလား"

ဖေဖေ့စကားကြောင့် ကျွန်တော် ခေါင်းညိတ်ပြကာ ...

"ကောင်းပါတယ် ဖေဖေ..၊ ဒါပေမယ့် မနက်မိုးလင်းရင် ပြော ပြောတတ်တယ်"

"ဘာပြောလဲ"

"ညညကျရင် မောမောနေတယ်တဲ့"

"ဒါကတော့ .. ဟာ!... ခွေးကောင်"

ကျွန်တော် တစ်ချိုးတည်း ထပြေးပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှုတ် .. တစ်ဆိတ်လောက် .."

ခေါ်သံကြောင့် ဖုန်းကို ခါးကအိတ်ထဲ ပြန်ထည့်ရင်း နောက်လှည့်ကြည့်တော့ ခပ်ချောချော အမျိုးသမီးတစ်ယောက် ..၊ လက်မှာလည်း အိတ်တွေနှင့် ပြီးတော့ မျက်နှာက သူလုပ်စာပဲ ကျွန်တော်က ထိုင်စားနေရတဲ့ရုပ်နဲ့ ကျွန်တော် သူမဆီ လျှောက်လာပြီး သူ့လက်ဖျံကို ခပ်ဖွဖွလေး ဆိတ်လိုက်ပါသည်။

"အား .. ရှင် ဘာလုပ်တာလဲ"

"ခင်ဗျားပဲ .. တစ်ဆိတ်လောက်ဆို"

သူမ အတော်ကို ဒေါသထွက်သွားပုံရတယ်..၊

"တောက် .. ရူးသလို ကြောင်သလိုနဲ့ ရှင့်ကို ဆိတ်ခိုင်းတာ မဟုတ်ဘူးရှင့်"





"ဩော် .. ထိုးခိုင်းတာလား၊ ပြော .. ဘယ်နေရာလဲ"

သူမ မအောင့်အီးနိုင်တော့ ...

"ရှင့်ကို ကျွန်မ ခြေထောက်နားက အိတ်ကို ကောက်ခိုင်းတာ"

သူမ ပြောမှ ကျွန်တော်ကြည့်တော့ ဟုတ်ပါတယ် .. အခုမှ ဝယ်လာဟန်တူသည်။ ဒါပေမယ့် အိတ်ပေါ်က တံဆိပ်ကြောင့် ...

"ဒါက ဘာအိတ်ကြီးလဲ"

သူမက မျက်နှာနီရဲသွားရင်း ...

"ဘယ်လိုလူမှန်း မသိဘူး၊ ရှင့်ကို ပြောလို့ဖြစ်မလား"

"ကျွန်တော်ကရော ကိုင်လို့ဖြစ်မလား ..၊ ဘယ်လိုမိန်းမမှန်း မသိဘူး"

ပြောပြီး လှည့်ထွက်ခဲ့တာကြောင့် ခင်မင်းဖြူ ဒေါသတွေနှင့် ကျန်ခဲ့ပါသည်။ လင်းယုန်လည်း ကားပေါ်တက်တော့ ...

"ဟဲ့! .. ဘာဖြစ်တာလဲ"

နေရီ က စူပါးမားကတ်ထဲကနေ ထွက်လာရင်း မေးတော့ ...

"တောက် .. ဟိုကောင်လေ ပစ္စည်းကျလို့ ကောက်ခိုင်းတာကို .."

နေရီ က လှမ်းကောက်ပေးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ နင်ကောက်နိုင်းတဲ့ပစ္စည်းကို ကြည့်ဦးလေ"

"ဩော် .. ခေါင်းပေါ်ရွက်ရတာမှ မဟုတ်တာ ..၊ အဲဒီကောင်ငါ့ကို လုပ်ပုံက .."

နေရီ မျက်လုံးပြူးတော့ ...

"ဟဲ့ .. ဘာကြည့်တာလဲ၊ အစော်ကားခံရတာကို ပြောတာ"

"ဗုဒ္ဓေါ ! .."

"ဒုက္ခပဲ .. စကားနဲ့ဟော့"

နေရီ က သဘောကျစွာရယ်ရင်း ကားစက်နှိုးနေတဲ့ လင်းယုန်ကို အခုမှ ပီပီပြင်ပြင်မြင်ကာ ...

"ဟဲ့ .. အဲဒါ လင်းယုန် လေ"

"ဘာ!..."

ခင်မင်း လှည့်ကြည့်တော့ ကားက ထွက်သွားပါပြီ..။

"ဩော် .. စွန်ရဲ ဆိုတာ ဒီကောင်ကို .."

"လင်းယုန် ပါဟာယ်"

"နှစ်ကောင်စလုံး ဟိရဏ္ဍာန်တွေချည်းပါပဲ နေရီ ရယ် .."

နေရီ က ရယ်သည်။





"ခင်မင်းဖြူ က မာနကြီးတယ်ကွာ"

"ဒီ တွေ့တာပဲ အဲဒီလောက် မကြီးပါဘူး"

"ဟော့ကောင် .."

ကားရဲ့ပါးချပ်ကို ကွက်တိဖြစ်အောင် သံပြားကို ခပ်နာနာရိုက်ပြီး ပုံဖော်နေရာမှ ဒါန က မျက်လုံးအပြူးသားနှင့် ပြောတော့ ...

"မာနကို ပြောပါတယ်"

"တော်သေးတာပေါ့"

"နေပါဦး ..၊ မင်း ကို ကောက်နိုင်းတဲ့ အိတ်က .."

ကျွန်တော် ပြောပြတော့ ဒါန တဟားဟားနဲ့ အော်ရယ်ပါသည်။

"လင်းယုန် ရေ .. မင်း ဒါန နဲ့ ဈေးကွေ့က ဦးခင်ဇွန်း တို့အိမ် သွားလိုက်၊ သေသေချာချာ ပြင်ပေးလိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား ဦးလေးရာ..၊ မလွယ်လောက်ဖူး ထင်တယ်နော်"

"တစ်ခါ တစ်ခါလောက်ပဲ ဖောက်တာပါကွာ..၊ အလတ်ကြီးရှိ သေးတယ်"

ဦးလေးအောင်ဒင် ကတော့ မသိ။ ဒါန က တဟိဟိ .. ကျွန်တော် က ခပ်တည်တည်။

"အလတ်ကြီးဆိုပေမယ့် အငယ်မကဖြင့် လှသေးတယ် ဦးလေး အောင်ဒင်"

ဦးလေး မျက်လုံးပြူးရင် ..

"ဟေ့ကောင် .. မင်းက ဘာပြောတာလဲ"

"ဦးလေး ပြောတာ .. ဦးခင်ထွန်းသမီး စိတ်ဖောက်ပြန်တယ် .. အလတ်မ နီလာ ကို ပြောတာ မဟုတ်လား"

ဦးလေး တဟားဟား ရယ်ရင်း ...

"ဟာကွာ .. ဒီကောင်တွေတော့ သွားလိုက် ..၊ သေသေချာချာ ပြင်ပေးလိုက်နော်"

"ဦးနောက်လား ဦးလေး"

"အေး .. သူ့အဖေပါ တစ်ခါတည်း ပြင်ပေးလိုက်"

ဦးခင်ထွန်း ဆိုတာက ဈေးကွေ့မှာ တက္ကစီ ငါးစီးထောင်ထား





တဲ့ ကားအုံနာ။ သူ့သမီးအလတ်က ခေါင်းတွေအုံပြီးနာတဲ့ စိတ္တဇ..။ ကျွန်တော်နဲ့ ဒါန ကားပြင်တဲ့ သေတ္တာဘောက်စ်နဲ့ လိုရမယ်ရတွေ ကို ကိုင်ဆောင်ပြီး ရှီတက်လာခဲ့ပါသည်။

စက်ဆီတွေ ဆီချေးတွေ ပေကျံနေတဲ့ ကျွန်တော်တို့နှစ် ယောက် တက်တက်ကြွကြွကြီး လမ်းလျှောက်လာပါတယ်။

"နေပူတယ်၊ ရေခဲချောင်း ဝယ်စားရအောင်ကွာ"

"စားလေ"

ကျွန်တော်တို့ ရေခဲချောင်း တစ်ယောက်တစ်ချောင်းစီ စားပြီး ဆက်လျှောက်လာခဲ့ပါတယ်။

"ပျော်တယ်ကွာ"

ဒါန စကားကြောင့် ..

"ဘာပျော်စရာရှိလို့လဲ မောင်ဒါန ရယ်"

ကျွန်တော့်စကားကြောင့် ဒါန က ..

"အဲဒီ ပျော်တယ်ဆိုတာ ပျော်စရာ အပျော်မဟုတ်ဘူး ရေခဲ ချောင်းက အရည်ပျော်တာကို ပြောတာ"

ကျွန်တော် တဟိဟိနဲ့ ရယ်ရင်း ...

"အဲဒါဆို ပျော်တော့ပျော်တယ်၊ ဒါပေမယ့် ပြနေတော့ ပျော်



www.burmeseclassic.com

www.burmeseclassic.com



ပြပေါ့"

"ဒါပေါ့"

ကျွန်တော် ့ထောက်ခံစကားကြောင့် ဒါန က ရှေ့ကိုကြည့်ရင်း...

"ရှေ့မှာ ပျော်ပြဲတစ်ယောက်"

ကျွန်တော် လှမ်းကြည့်ပြီး မျက်လုံးမြင့်တက်သွားကာ ...

"ပျော်ပြဲရုံတင်မကဘူး၊ ပျက်ပါ ပျက်နေတာ ဖြစ်မယ်"

"ဒါဆို ကိုချို ပျော်ပြဲပျက် ဖြစ်ရမယ်"

တကယ်လည်း ပျက်နေတာပါ။ ပျက်နေတာက ကားရော လူပါ။ ကားက ဘာပျက်လည်းတော့ မသိ။ မမင်းဖြူ မှန်မှန်ပြောက မျက်နှာပျက်နေရှာပါတယ်။

ကျွန်တော်တို့ နှစ်ယောက်ကို တွေ့တော့ သူမ ပြုံးတုံးပြုံတဲ ကြည့်ပါတယ်။ မမင်းဖြူ စိတ်ထဲမှာ မျက်နှာပေါ်က ဆီရေးတွေ ကြောင့် သူမ ကျွန်တော်တို့ကို ကွန်မန်ဒိုတွေလို ထင်သွားမှာ စိုးရိမ်မိပါ တယ်။ ကျွန်တော်တို့ ကွန်မန်ဒို မဟုတ်သလို ဘာသေနတ်မှမရှိ၊ သေနတ်ဆိုလို့ သရက်သီးသနပ်တောင် ကိုင်မထားပါ။

ကိုင်ထားတာဆိုလို့ ဒါန လက်ထဲက သေတ္တာနက်ပဲ ရှိသည်။

"ဪ .. ဘယ်သူတွေများလဲလို့"





မာနသံကို နေ့စဉ် လေ့ကျင့်ထားလို့လား မသိ။ တော်တော် အမြင်ကပ်စရာကောင်းတဲ့ မျက်နှာထားနဲ့ ပေါင်းစပ်တော့ တစ်မျိုး တော့ ထူးခြားသည်။

"ရှင်တို့ ပြင်တတ်လား"

ကျွန်တော်တို့ရဲ့ ယူနီဖောင်းကိုကြည့်ပြီး ခင်မင်းဖြူ က တစ်ယစ် ချတွေးပြီး ပြောသည်။

"ကားပျက်တာတော့ ပြင်တတ်တယ်၊ စိတ်ပျက်တာတော့ မပြင်တတ်ဘူး၊ အခု ဘာပျက်တာလဲ"

ဒါန က ကျွန်တော့်စကားကြောင့် တဟဲဟဲ ..။ သူမက အကူ အညီလိုလို့သာ တောင်းရတာ သိပ်တောင်းချင်ဟန် မတူတဲ့ ရုပ်ခန္ဓာ နဲ့ ...

"ကဲ .. လုပ်ဗျာ"

"ရှင် မမိုက်ရိုင်းနဲ့နော်"

"ကားဘောနက်စ်ကို လှန်ခိုင်းတာ ခင်ဗျားက ဘာလုပ်မိုင်း တယ် ထင်လို့လဲ"

သူမက ပြင်လည်း ပြင်ပေးရသေးတယ် 'တောက်' ခေါက်ကာ ဘုကြည့်ပါ ကြည့်ပြီး လှန်ပေးပါသည်၊ ကားဘောနက်စ်ကို ..။



www.burmeseclassic.com

www.burmeseclassic.com



"ပေါ့ကောင် လှန်ပြီးပြီ ကိုင်တော့ ..၊ အဲ .. အင်ဂျင်ကို"

ခင်မင်းဖြူ အဲဒီ လင်းသုန် နဲ့ လင်းဘက် ဆိုလား အဲဒီနှစ်ကောင်ကို ဖော်တော် မြင်ပြင်းကပ်နေမိပါသည်။ အကူအညီလိုလို့သာ ပြင်ခိုင်းရတာ..။ လင်းယုန် က ဟိုကလိ ဒီကလိနဲ့ ကလိပြီး ခင်မင်းဖြူ ဘက်လှည့်ကာ ..

"စမ်းမလို့"

"ဘာရှင့် .."

ကျွန်တော်က လက်နှစ်ဖက်က လက်ချောင်းတွေကို ဆုပ်ချည်နယ်ချည်လုပ်ပြတော့ မျက်နှာရဲတက်ကာ ဒေါပွတော့ လင်းယုန်က အားငယ်နေတဲ့ မျက်နှာလေးနဲ့ ...

"ဟို .. ကား စတီယာရိုင်ကို ဘယ်ညာလှုပ်မလို့လေ..၊ သော့လေး တဆိတ်လောက် ပေးနိုင်မလား"

သူမရဲ့ ဆုတောင်းပြည့်တဲ့ မျက်စောင်းတွေနဲ့ အလဲထိုး အနိုင်ယူဖို့ ကြိုးစားပါတယ်။

"ကိုရင် ဒါန နိုးကွာ"

"ဘယ်သူ အိပ်နေလို့လဲ"

"အိပ်ဆေးသောက်ပြီး အိပ်နေတဲ့ ပေါ့ဘီကား"





"ရတယ်..၊ ဒါန ကြံရင် ကာလနဂါးတောင် အိပ်ပျော်ချင်လို့ အိပ်ဆေးပေးပါလို့ အသနားခံရတဲ့ ဒါန ..၊ ကဲ .. လာမစနဲ့ ဒါန တဲ့.. ကဲ .. နိုးပြီ"

ကားစက်သံ လုံးဝ အလုပ်မလုပ်...။

"တော်တော် အိပ်ပျော်နေတာ ကိုချို"

ဒါန စကားကြောင့် ဒုတိယမ္ပိ နှစ်ကြိမ်မြောက် ကားအင်ဂျင်ကို ပြန်စစ်ဆေးရင်း ...

"ဒီကားကလည်း စက်နိုးမယ့်အရေးကို မာနကြီးနေတယ်၊ လူ အတိုင်းပဲ"

ခင်မင်း သူမကို စောင်းပြောမှန်း သိတာကြောင့် အောင့်သက်သက်နဲ့ နေနေရပါသည်။ ဟိုကလိ ဒီကလိ ပြီးတော့ ..

"ထပ်နိုးကွာ ဒါန"

ဒါန နောက်တစ်ကြိမ် ခက်ရာခက်ဆစ် နိုးပြီးချိန်မှာတော့ အမောဖောက်သလိုလို ထွက်လာပြီး လေနှစ်ချက် ဖွတ်ဖွတ်နဲ့ လေလည်လိုက်ပြီး ကျန်းမာရေး ကောင်းမွန်လာတဲ့စက်သံကို ကျန်းကျန်းမာမာ ကြားလိုက်ရပါသည်။

"ကဲ .. သေမင်းဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော် .."

"ဟို ဆောရီး .. ခင့်မင်းဖြူ ကားကို လုံးဝ စက်မသတ်နဲ့..၊ အိမ်အထိ မောင်းသွား၊ ခင်ဗျားအိမ်ရောက်မှ ကောင်းသလို စီစဉ်တော့"

"ကားပြင်ခ .. ဘယ်လောက်ပေးရမလဲ"

ပြောပုံက တင်တင်စီးစီး ..

"အသပြာ ဒေါင်းဒင်္ဂါး တစ်ရာတိတိ"

"ရှင် ကပ်သီးကပ်သပ် မလုပ်နဲ့နော်"

"ပေးနိုင်ရင် ပေး..၊ မပေးနိုင်လည်း ကိစ္စတော့ မရှိတော့ဘူး။ ကဲ .. မြန်မြန်ကြွ .. စက်က အစိုးမရဘူးနော်"

သူမ မှုန်တေတေ ဂျစ်တစ်တစ်နဲ့ ကားပေါ် တက်သည်။ ကားမထွက်ခင် သူမက ပြောပါတယ်။

"ရှင်က ကလိန်ကကျစ်ပဲ"

"ဗျာ!... ဘာဖြစ်လို့"

"ဟိုတစ်နေ့က မသိရင် သူဌေးသားလိုလို ခွေးဝဲစားလိုလိုနဲ့ ဟင်း .. ဟင်း .. ဟင်း အခုမှ ဝပ်ရှော့ကိုလာပြင်တဲ့ ကားနဲ့ ရှင်က ဂိုက်ပေးကြွမ်းနေတာကို၊ ဩော် .. လူတွေ .. လူတွေ .."





ကျွန်တော်က ပြုံးဖေ့ဖေ့နှင့်ပဲ နေနေပါတယ်။ ဘာမှ ပြန်မပြောချင်ပါ။ သူမ ကားထွက်သွားတော့ ဒါနက တဟားဟား ရယ်ရင်း..

"ဟော့ကောင် လင်းယုန် .. မင်းကို ဟိုဟာမလေးက အနှိမ်ခံကျောမွဲလူတန်းစားလို့ ထင်နေတာ"

ကျွန်တော် ဘာမှ ပြန်မပြောဘဲ ခပ်ပြုံးပြုံးလေး နေလိုက်ပါတယ်။ မိန်းမလှလေးတွေဆိုရင် ကျွန်တော်က သဘောထားကြီးတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



“
ဟေ့ကောင် လင်းယုန် .. ငါတို့ ဒီမှာ ..”

လင်းယုန် ဆိုတဲ့ အသံကြောင့် နေရီ တို့အုပ်စု မြွေဟောက်တွေ လို ခေါင်းထောင်ကာ ကြည့်ကြပါသည်။

“ဟဲ့ .. နင့်ရဲ့ အသည်းကျော်လေး”

အိသက် ရဲ့စကားကြောင့် ခင်မင်း မဲ့ရွဲ့ပြပါတယ်။ အော့နှလုံး နာစရာကောင်းတဲ့ ကောင်ကိုများ သူတို့မို့ ..။

“အသည်းကျော် မဟုတ်ဘူးဟေ့ အဲဒါ အမဲကျော်”

သူမ စကားကြောင့် အိသက် နဲ့ နေရီ က ရယ်သည်။

ထမင်းစားချိန်ဆိုတော့ ကျောင်းကန်တင်းက လူပြည့်မပြည့်..။ သူမထိုင်နေရာနဲ့ လင်းယုန် အနေအထားက ကျောချင်းခိုင်းထားတဲ့ အနေအထား။





မလှမ်းမကမ်းလို့ ပြောလို့ရသလို နီးနီးနားနားလို့လဲ ပြောလို့ရပါ တယ်။

ရာသီဥတုကလည်း ပူပါတယ်။

လင်းယုန် ဝင်ထိုင်ရင်း ခပ်လှမ်းလှမ်းဝိုင်းက ကျောင်းသူတစ် သိုက်ကို ကြည့်ကာ ...

“ကောင်မလေးတွေများ လှချင်တော့လည်း အပူအအိုက်ဒဏ် ကို ကျိတ်ခံပြီး အကျီလက်ရှည်တွေကို ကြိတ်မှိတ်ပြီး ဝတ်လာရ တယ်လို့ကွာ”

တစ်ယောက်က ဆက်ပြောပါတယ်။

“မိန်းမတွေဆိုတာ အလှအပနဲ့ ပတ်သက်လာရင် အလေးလဲ ခံနိုင်တယ်ကွ။ ရွှေငွေလက်ဝတ်လက်စား ဇောက်ကြီးသွားပစေဦး အလေးခံပြီး ဝတ်တယ်..၊ နောက် ခံနိုင်တာ ဘာခုရှိတယ်”

“ဟေ့ကောင် ဇော်ကြီး ..”

ရယ်သံတွေ ထွက်ကျလာပါတယ်..။ နေရီ က သူတို့စကား ကြောင့် ...

“ငါတို့ဘာသာခံတာ သူတို့အပူ ကျနေတာပဲ”

“ဟဲ့ .. ”



www.burmeseclassic.com

www.burmeseclassic.com



အိသက် က လှမ်းရိုက်တော့ နေရီ က စပ်ဖြဲဖြဲနဲ့ ...

"အပူခံနိုင်တာ ပြောတာပါဟ"

လင်းယုန် ရဲ့ အသံကို ဆက်ကြားရပြန်ပါသည်။

"ပူတဲ့ဒဏ်ကတော့ လေးစားစရာကောင်းအောင် ခံနိုင်တာ"

"ဘယ်လို .."

"ဩော် .. ဖော်ကြီးရယ် အပူဒဏ်ကို ဘယ်ကီးရော ညာကီးပါ ခံနိုင်ရည်ရှိတာကွ"

"ဘာလဲကွ ဘယ်ကီး"

သီလ က နားမရှင်းတာကြောင့် မေးတော့ ...

"ဩော် .. နေပူမှာ ချွေးပျံအောင် ပူပါလေ့စေ အဝတ်အစား ထူထူဝတ်ပြီး ပူတဲ့အပူဒဏ်ကိုလည်း ခံနိုင်တယ်၊ အဲဒါ ဘယ်ကီး..၊ ညာကီးကျတော့ ကိုယ်ဝန်လွယ်ရတဲ့ ဗိုက်ပူတဲ့ဒဏ်ကိုလည်း ခံနိုင်တယ်၊ အဲဒီအပူကျတော့ လေးစားစရာ အပူ"

နေရီ တို့ ခင်မင်း တို့ အုပ်စုကတော့ သူမတို့ကို စောင်းပြောနေတာပဲ ထင်နေပါသည်။

"ပုထုဇဉ်ထဲမှာ ဘယ်အမျိုးအစားက ဟန်ဆောင်မှု အနည်းဆုံးနဲ့ ရောင့်ရဲတင်းတိမ်နိုင်မှု အနည်းဆုံးလဲ သိလား .."





လင်းယုန် ဒီကောင်တွေကို ပြုံးစေ့စေ့နဲ့ပြောတော့ ဒါန က စဉ်းစားရင်း ...

"ပြောပါဦး"

"အရက်သမား"

"ဘာဆိုင်လို့လဲ"

ဖော်ကြီး တို့က အင်တင်တင်နဲ့ဆိုတော့ ...

"မယုံဘူးလား..၊ စဉ်းစားကြည့် အရက်သမား အရမ်းမူးလာရင် အကျီတောင် မဝတ်နိုင်တော့ဘူး၊ ဘာမှ ဆုပ်ကိုင်မထားချင်တော့ဘူး၊ ဟန်ဆောင်မှု ကင်းတယ်၊ ဘာမှ တွယ်ဖက်မထားဘူး၊ လုံချည်တောင် မကောင်းတတ်လို့ ဝတ်ထားတာ..၊

လှချင်ပချင်စိတ်ဆို ဝေးသေး၊ ဟန်ဆောင်ဖို့ နေနေသာသာ ကိုယ့်အိမ်ကို ဘယ်လိုနည်းနဲ့ အဆင်ပြေဆုံးသွားရမလဲ စဉ်းစားနေရတာ .."

ဟိုကောင်တွေက ရယ်သည်။ ခင်မင်း ကတော့ ဒါ ကဗိသပ် ပြောတာလို့ပဲ ယုံကြည်သည်။

"ဟဲ့ .. ဟိုမှာ နင့်ကိုလာအီနေတဲ့ ကျော်ငြိမ်းခိုင်"

ကျော်ငြိမ်းခိုင် ဆိုတာ ဖေဖေ့သူငယ်ချင်းရဲ့သား သူ့အဖေက



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့နဲ့အတူ အစုရှယ်ယာထည့်ဝင်ထားတဲ့ လုပ်ငန်းတူ အကျိုးတူ ဆောင်ရွက်နေသူတွေ ..။

ကျော်ငြိမ်းနိုင်က သူ့ကိုယ်သူ အထင်ကြီးသည်။ သူ့ကိုယ်သူ မင်းသားလိုလို ငါ့သားလိုလို ထင်နေသူ။

ဆိုင်ထဲကို စတိုင်ကျကျနဲ့ ဝင်လာတော့ ကောင်မလေးတွေက ငေးတာပေါ့ ..၊ အဲလေ .. ငေးတာပေါ့..။

"ရှာလိုက်ရတာ ခင်မင်း ရယ် .."

"ဘာသောက်မလဲ .. ကိုနိုင်"

ကျော်ငြိမ်းနိုင် ခင်မင်း ကို စိတ်ဝင်စားနေမှန်း ခင်မင်း သိသည်။ ဒါ ခင်မင်းအတွက် အထူးအဆန်း မဟုတ် ..။

"လင်းယုန် မင်းတို့အဖေက သိမ်တောကဆို"

"အခု အငြိမ်းစား ယူလိုက်ပြီ ..၊ ကုမ္ပဏီ ထောင်လိုက်ပြီလေ"

"ဘယ်မှာ တာဝန်ကျဖူးလဲ"

ခင်မင်း နဲ့ ကျော်ငြိမ်းနိုင် ကလည်း တိုးတိုး တိုးတိုးနဲ့ ပြောနေကြပါတယ်။

"ဖေဖေက ကချင်ပြည်နယ်ဘက်တွေပေါ့"

နေရီ တို့လည်း လင်းယုန် ရဲ့အသံတွေကို ကြားရပါတယ်။





"ကုမ္ပဏီက တော်တော်အခြေအနေကောင်းတယ်ဆို ..၊ ကိုနိုင် လိုက်သွားတာ သတင်းကြားပါတယ်နော်"

ကိုနိုင် က ပြုံးသည်။

"အင်း .. မြစ်ဆုံမှာတောင် အပန်းဖြေခဲ့သေးတယ်"

"လင်းယုန် အဲဒီဘက်မှာ ရွှေတူးတဲ့ကုမ္ပဏီတွေ တော်တော် သောင်းကျန်းနေတယ်ဆို ဟုတ်လား .."

ရွှေတူးသူတွေဆိုတော့ ကိုနိုင် နဲ့ ခင်မင်း မတိုင်ပင်ရဘဲ အသံတွေတိတ်ကာ နားစွင့်မိကြပါတယ်။

ကိုနိုင် တို့အဖေနဲ့ ခင်မင်း တို့အဖေက မြစ်ဆုံဘက်မှာ လိုင်စင်နဲ့ ရွှေတူးတဲ့ကုမ္ပဏီတွေ ထောင်ကာ စက်တွေနဲ့ အကြီးအကျယ် ရွှေတူးသူတွေ..။

"အဲဒီအကြောင်း ပြောရမှာ ရင်နာစရာကောင်းတယ်ကွ"

"ပြောပါဦး .."

"ဆရာ ဦးထွန်းလွင် (မိုးလေဝသ) ပြောဖူးတဲ့ စကားတစ်ခွန်း လိုပေါ့..၊ ဧရာဝတီရဲ့ ဖြစ်ပျက်နေတဲ့ဒဏ်ရာကို အခုလို ပြောဖူးတယ်..၊

ကျွန်တော်တို့ ကင်ဆာဖြစ်တာ ခြေထောက်မှာ ဖြစ်ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပစ်လိုက်လို့ ရတယ်ပေါ့ဗျာတဲ့ ..၊ ခေါင်းမှာဖြစ်လို့ ဖြတ်ရရင် ဘယ် အသက်ရှင်တော့မှာလဲတဲ့"

"မင်း ပြောချင်တာက .."

လင်းယုန် ရဲ့ စကားကို အားလုံး စိတ်ဝင်တစား နားစွင့်နေကြပါသည်။

"ဖေဖေက သဘာဝတရားကို ချစ်ခင်မြတ်နိုးတယ်၊ ငယ်ငယ်လေးကတည်းက ငါတို့ကို သဘာဝတရားကို ချစ်တတ်အောင် စိတ်ရှည်ရှည်နဲ့ နားဝင်အောင် ပြောပြတတ်တယ်"

ခင်မင်း မျက်မှောင်ကုပ်ကာ နားထောင်မိသည်။

"အခုတလော ဧရာဝတီရဲ့သတင်းကို အမျိုးမျိုး ကြားရတယ်လေ..၊ စိုးရိမ်တကြီး ဖြစ်နေခဲ့တာတွေ မချိတင်ကဲ ဖြစ်ခဲ့တာတွေရောပေါ့..၊ ဧရာဝတီအကြောင်းကို သီချင်းတွေ ကဗျာတွေ ရေးစပ်ကြတယ်၊ ဧရာဝတီမြစ်ဆိုတာ သက္ကတဘာသာက လာတာတဲ့..၊

သက္ကတလို Iravati အဲဒီကမှ ဧရာဝတီဖြစ်လာတာ..၊ အင်္ဂလိပ်လို ဘာသာပြန်ရင်တော့ (River of Refreshment)တဲ့..၊ ကျွန်တော်တို့ကို ပြန်လည်လန်းဆန်းစေတဲ့မြစ်တဲ့ ..၊ ဘယ်လောက် အဓိပ္ပာယ်ရှိလဲ"





"နေပါဦး..၊ အဲဒီကိစ္စတွေနဲ့ ရွှေတူးတဲ့သူတွေက ဘာဆိုင်လို့လဲ"

ကိုခိုင် က ခင်မင်း ကို လှမ်းကြည့်သည်။

"ဧရာဝတီမြစ် မရှိရင် ဘာဖြစ်မလဲ"

"ဟာ .. တော်တော် ဒုက္ခရောက်မှာပေါ့"

"ဧရာဝတီဆိုတာ မြန်မာနိုင်ငံရဲ့ အထင်ကရ နိမိတ်ပုံတစ်ခုပဲ၊ ပြီးတော့ ယဉ်ကျေးမှုနဲ့ ရှေးဟောင်းအမွေအနှစ် တစ်ခု..၊ အခု ဧရာဝတီက တစ်နှစ်ထက်တစ်နှစ် ရေအနက် ဆုတ်ယုတ်လာနေပြီ၊

တစ်လထက် တစ်လ ရေကြောင်းသွားယာဉ်တွေအတွက် သောင်တင်နိုင်တဲ့ သတိပေး အချက်ပြ အမှတ်အသားတွေ တိုးပွားလာနေပြီလေ..၊ သစ်တောပြုန်းတီးတဲ့ ဆိုးကျိုးကြောင့် စီမံကိန်းတွေ..၊

ထားပါ.. မင်းကို တစ်ခုပဲ ရွေးပြောပြမယ်၊ ငယ်ငယ်က ဖေဖေတို့ဆီ ငါ အလည်ခဏခဏ ရောက်ဖူးတယ်၊ ချောင်းတွင်းမြစ်ဟာ တော်တော်လှပတဲ့နေရာကွ..၊

အဲဒီတုန်းက ရွှေသည်တွေ မရောက်သေးဘူး၊ စက်တွေ မသုံးဖူးသေးဘူး၊ ဟုမ္မလင်းအောက်က ဥရုချောင်းဟာလဲ အတူတူပါပဲ..၊



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ ငယ်ငယ်တုန်းက ခန္တီး – နန့်မှော်တောင်ဟာ အခုတော့ ပြား သွားပြီ..၊

မြစ်ထဲကိုတော့ ကူးဆွယားတဲ့ မြေစာတွေ ပစ်ချ..၊ တောင်လို ပုံအောင်ပစ် အကြီးအကျယ် ရွှေကျင်တော့ ရွှေကျင်တဲ့နေရာမှာသုံး တဲ့ ပြဒါးခေါ် မလား ဓွန့်ပစ်ရေထဲမှာ မာကျူရီဆိုင်ယာနိုက် ရေထဲ ရောက်ကုန်တော့ ရေကောင်းရေသန့် မဟုတ်တော့ဘူး။

ငါးတွေ သေကြတယ်၊ လူနည်းစုရဲ့ လောဘက သန်းပေါင်းချီ တဲ့ လူတွေအတွက် မြန်မာနိုင်ငံရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ မြစ်တစ်စင်း အတွက် အဆိပ်ခတ်လိုက်သလိုပဲ..၊

နောက်ထပ်ကြုံရင် ငါ ထပ်ပြောပြမယ်၊ ငါဆိုရင်တော့ ငါ့ အတွက် ငါ့မိသားစုအတွက်ဆိုတဲ့ လောဘနဲ့တော့ လူပေါင်းများစွာနဲ့ သဘာဝတရားကို အဆိပ်မခတ်နိုင်ဘူး"

"မင်း ဘာစကားပြောတာလဲကွ"

ကိုနိုင် ဝုန်းခနဲ ထရပ်ပြီး လင်းယုန် ကိုပြောတော့ လင်းယုန် ကြောင်တောင်တောင် ဖြစ်သွားပါတယ်။

"ကိုနိုင် .."

ခင်မင်း က ကိုနိုင် ကို တားပေမယ့် မရ..။





"ငါ.. ဘာစကားပြောလို့လဲ၊ သဘာဝထိခိုက်တဲ့ကိစ္စပြောတာ ဘာဖြစ်လို့လဲ"

လင်းယုန် က ထိုင်ရာမှမထ အေးအေးဆေးဆေး။

ကျော်ငြိမ်းခိုင် ကတော့ ရှုံ့ရှဲရှုံ့ရှဲ ဖြစ်နေပါသည်။ ခင်မင်းဖြူ ကျော်ငြိမ်းခိုင် ရှေ့က ရပ်ရင်း ...

"နေပါဦး..၊ ရှင်က သဘာဝထိန်းသိမ်းရေးကလား .. ဒါမှ မဟုတ် ကုလသမဂ္ဂကလား၊ ကျွန်မတို့မိဘတွေ ရွှေတူးတဲ့ကုမ္ပဏီ ထောင်တာ ဒီလောက်အပြစ်ကြီး ဖြစ်စရာလား"

ခပ်ရွဲ့ရွဲ့ပြောလိုက်တဲ့ ခင်မင်းဖြူ စကားကြောင့် လင်းယုန် ပြုံး မိပါသည်။

"ကျွန်တော်က သဘာဝထိန်းသိမ်းရေးကလဲ မဟုတ်ပါဘူး .. ကုလသမဂ္ဂက အထွေထွေအကျင်းရေးမှူးလဲ မဟုတ်ပါဘူး .. ဟုတ် တာတစ်ခုကတော့ ကျွန်တော် ရောဝတီကို ချစ်တဲ့ ပရိသတ်တစ် ယောက်ပါ"

ခင်မင်းဖြူ က လေကြီးလေကျယ်နိုင်တဲ့ လင်းယုန် ကိုတွေ့လူကို နှာခေါင်းရှုံ့မိပါသည်။

"အရာရာမှာ ကိုယ်နဲ့မဆိုင်ဘူးဆိုတော့ အတင်မှတ်ငို့ မရသကို



www.burmeseclassic.com

www.burmeseclassic.com



ခုနှ ခင်ဗျားပြောတဲ့ ရှေးတုန်းက ကုမ္ပဏီထောင်တာ ဒီလောက် အပြစ်ကြီးဖြစ်စရာလားဆို ဖြစ်စရာလို့ ကျွန်တော် ပြောရမှာပဲ..၊

မနာလိုလို့ပြောတာ မဟုတ်ဘူးနော်..၊ ရောဝတီရဲ့ ခေါင်းပိုင်းမှာ ဖြစ်နေတဲ့ ပြဿနာတွေဟာ ရောဝတီရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းကို ဘယ်လောက်ထိနိုက်လဲဆိုရင် ခင်ဗျား ရောဝတီမြစ်ပေါ်မှာ ခြေကျင်လျှောက်တဲ့အထိ ဖြစ်လာနေပြီဆိုတာ ခင်ဗျား သွားလေ့လာကြည့် ခင်မင်းဖြူ..၊

ဆုတ်ယုတ်တယ်ဆိုတာ လှပတဲ့ အနာဂတ်တော့ မဟုတ်ဘူးနော် .. လူဟာ အတ္တသမား မဟုတ်ဘူးဆိုရင် ဆရာကိုတာ ပြောသလို အတိတ်သမိုင်းက ဘာတုန်း .. ပစ္စုပ္ပန်က ဘာတုန်း .. ကျွန်တော်တို့တွေကရော ဘာတုန်း .. သမိုင်းတွေးခေါ်ခြင်းကို သိတတ်ရမယ်၊ ခင်ဗျားက ဒါတွေ နားလည်မှာလဲ မဟုတ်ဘူးနော်"

"ဟော့ကောင် .. စကားကြီးစကားကျယ်တွေ ပြောမနေနဲ့ .. မင်းကွာ .."

"ကိုနိုင် .. မလုပ်နဲ့"

ခင်မင်းဖြူ တို့အဖွဲ့က ကျော်ငြိမ်းနိုင် ကို ဝိုင်းဆွဲထားတော့ လင်းယုန် မတ်တတ်ရပ်ကာ ...





"အေး .. စကားကြီးစကားကျယ် မပြောတော့ဘူးကွာ..၊ လက်ရုံးချင်း ယှဉ်မလား၊ ငါက ကျောင်းသားတစ်ယောက်ဖြစ်တော့ ကျောင်းဂုဏ်သိက္ခာကို ညှိုးနွမ်းမှာစိုးလို့ ကျောင်းဝန်းထဲမှာတော့ မဖြစ်ချင်ဘူး..၊ မင်း သတ္တိရှိရင် ရေခဲတိုက်ထဲမှာ ချမလား .. သေသွားလဲ ပုတ်စော် မနံတော့ဘူးပေါ့"

ကျော်ငြိမ်းနိုင် ဆွေ့ဆွေ့ခုန်နေပါသည်။

စကားအရ ပြောတာပါ။ ခုန်တော့ မခုန်မိပေမယ့် ဒေါသနဲ့ မခံချိမခံသာ ဖြစ်နေပါတယ်။

ခင်မင်းဖြူ တို့ အားမတန်လို့ မာန်လျှော့ကာ စားသောက်ထားသမျှကို ရှင်းပြီး ပြန်လည် ထွက်ခွာသွားခဲ့ပါတယ်။

ဇော်ကြီး က အားရကျေနပ်စွာ ...

"ဩော် .. သူတို့အဖေတွေက ရှေးတုန်းက ကုမ္ပဏီထောင်ထားတော့ အနာပေါ် တုတ်ကျသလို ဖြစ်တာကိုး .. နေပါဦး .. လင်းယုန် ရောဝတီက အဲဒီလောက်ဆိုးသလား"

ကျွန်တော် သက်ပြင်းချမိပါသည်။

"ငါပြောတာထက် ပိုဆိုးတာပေါ့ကွာ..၊ သဘာဝ[illegible]ဟာစနစ်ပျက်ယွင်းလာတယ် ပြောရမှာပေါ့ ..၊



www.burmeseclassic.com

www.burmeseclassic.com



သဘာဝဂေဟစနစ်ဆိုတာ သဘာဝရယ် လူရယ် တိရစ္ဆာန်တွေ ဆက်စပ်နေတာလေ..၊ သဘာဝသံသရာ လည်ပတ်မှု ပျက်စီးနေတဲ့ သဘောပေါ့..၊

ရွှေတူးတဲ့ကုမ္ပဏီ ကစ်ခုထဲတော့ မဟုတ်ဘူး ရှိပါသေးတယ်၊ နောက်ကြုံရင် ငါ ပြောပြမယ်..၊ အင်လေးကန်တို့ ဘာတို့က အစ ပေါ့ကွာ"

ကျွန်တော် ကြည့်ရှုခဲ့တဲ့ ပြပွဲတွေအကြောင်း လူတို့ မေ့လျော့နေတော့ သဘာဝတရားနဲ့အတူ ကိုင့်ကက်ဆိုခဲ့ဖူးသည့် သီချင်းစာသားတစ်ပိုဒ်ကို သတိရမိခဲ့သည်။

(ယဉ်ကျေးမှုရဲ့နှလုံးသား ... ရှင်သန်စေသူ တန်ခိုးရှင် .. အခမ်းအနားဆုံးသော သက်ရှိကဗျာ) တဲ့..။





"ဟော့ကောင် .. လာဦး"

ကျွန်တော် အိမ်ထဲဝင်ဝင်ချင်း ဖေဖေက လှမ်းခေါ်သည်။

ကျွန် တော် ဖေဖေရှေ့ ထိုင်ခုံမှာ ဝင်ထိုင်တော့ အန်တီထက်က ...

"သားချို .. မင်း ထမင်းစားတော့မလား .."

အရေးထဲ ထမင်းစားဖို့ ဦးစားပေးနေတဲ့ ဇနီးဖြစ်သူကြောင့် ဦးလေးထွန်း အမြင်ကပ်ကပ်နဲ့ ...

"ဟာ .. မင်းကတမျောင့်..၊ ငါ သားကို ကိုယ်ဖိရင်ဖိ ဆုံးမပါရစေဦး။ ထမင်းက ဘယ်အချိန်စားစား ရတယ်"

"ဟိုလေ ဖေဖေ အိပ်နေတုန်းတော့ စားလို့မရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ !.. ဒီကောင်"

အန်တီထက် က ရယ်သည်။

"ဖေဖေ ဘာပြောစရာရှိလို့လဲ .. မိန်းမ ပေးစားမလို့လား..၊ ဒါပဲ နော် .. ဟင့်"

"မယူဘူးလား"

"နှစ်ယောက်လောက် ရရင်တော့ ယူချင်တယ် ဖေဖေ..၊ စပယ်ယာပတ်လေးပါတော့ ပိုကောင်းတာပေါ့"

ဖေဖေ ရယ်သည်။

"ခွေးကောင် .. ဖအေမွေး မအေမွေးလေး၊ ဟော့ကောင် .. မင်းခြေလှမ်းပျက်နေတယ်ဆို .."

"ဖေဖေ့ကို ဘယ်သူပြောလဲ"

"အောင်ဒင်"

ဦးလေးအောင်ဒင် အချွန်နဲ့ မ,လိုက်ပြီဆိုတာ လင်းယုန် သိသည်။

ဦးလေးက အတည်ပေါက်နဲ့ ပေါက်တဲ့သူ .. အဲလေ ..နောက်တဲ့သူ။

"ဟုတ်တယ် ဖေဖေ"





"ဘာကွ .. မင်းကွာ မင်း ဘာတွေလျှောက်လုပ်နေတာလဲ ပြောစမ်း"

ကျွန်တော် မရယ်မိအောင် အတည်နဲ့နေရင်း ...

"အဲဒီလို လျှောက်လုပ်နေလို့ ဖြစ်တာပေါ့..၊ အလုပ်လုပ်ရင်းခြေဖဝါးကို သံပြားရှတယ်..၊ ဒီကြားထဲ ဖိနပ်ကပေါက်တော့ ခြေလှမ်းက ပျက်ရုံတင်မကဘူး လျှောက်တာတောင် မနည်း လျှောက်နေရတာ"

အန်တီထက် ကူမြွေမဆည်နိုင်တော့ဘဲ တခွိခွိနှင့် ရယ်သည်။ ဖေဖေလည်း သူ့ဇနီး စမောလေးကို မကြည်ကြည်နဲ့ကြည့်၍ ကျွန်တော့်ဘက် လှည့်ပြီး ...

"မအေမွေး .. ဖအေမွေး .. အေပေးလေး"

ပြောလည်းပြော ထ,ထွက်သွားတော့ အန်တီထက် က ...

"ကိုလင်း ဘယ်လဲ"

"ဟာ .. ခုနက မင်းကို ပြောပြီးပြီလေ၊ ကိုထွန်းအောင်တို့နဲ့ ချိန်းထားပါတယ်ဆို"

ကျွန်တော်က တခွိခွိ၊ ဖေဖေက ကျွန်တော့်ကို မကြည်ကြည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်း သွားရမှာက အိမ်မကြီးဘက်လေ..၊ ဘာဖြစ်လို့ နောက်ဖေးဆောင်ဘက် လှည့်သွားနေတာလဲ"

ဖေဖေ အိုးတိုးအမ်းတမ်းနဲ့ ခြေလှမ်းကို ပြန်ပြင်တော့ ...

"ဖေဖေ .. ခြေလှမ်းပျက်နေတယ်နော်"

ဖေဖေက ပါးစပ်လှုပ်ရုံဆဲတော့ ကျွန်တော်နဲ့ အန်တီထက် ရယ်ပါတော့သည်။





"ဟုတ်ကဲ့ .. ဘာမှာမလဲ အန်ကယ်"

ကျွန်တော် ဖေဖေနဲ့ ဖေဖွေ့အလုပ်ကို ပိုင်းကူပေးရင်း ဖေဖေနဲ့ နေ့လယ်စာ နီးရာဆိုင်တစ်ဆိုင်မှာ ထမင်းဝင်စားဖို့ ဆိုင်ထဲဝင်တော့ ဝန်ထမ်းကောင်လေးက ကျိုးကျိုးနွံနွံနှင့်ပြောတော့ ကျွန်တော် တစ်ဖက်ဝိုင်းကိုကြည့်ရင်း မျက်ခုံးမြင့်တက်မိပါသည်။

တစ်ဖက်ဝိုင်းမှာ ခင်မင်းဖြူ နဲ့ သူမ၏ အဖေနှင့် အမေဖြစ်ဟန်တူသူ မိသားစု ..။ ဦးလင်းထွန်းကိုယ်တိုင်လည်း တစ်ဖက်ဝိုင်းက ခင်မင်းဖြူ အဖေ ဦးမင်းထိုက် ကို မြင်တော့ မျက်နှာကြီး တင်းမာသွားပါသည်။ ဦးမင်းထိုက် ကိုယ်တိုင်လည်း ဦးလင်းထွန်းလိုပါပဲ။

ပြဿနာ ရန်ငြိုးရန်စရှိသူနှစ်ဦး တိုက်တိုက်ဆိုင်ဆိုင်ဆိုင်မှာ လာတွေ့နေပါသည်။ ဖေဖွေ့မျက်နှာကိုကြည့်ပြီး ဖေဖေ့ယုန် ခပ်တိုးတိုး မေးမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ အဲဒီလူက .."

"စီးပွားရေးသမား စစ်စစ်တွေပါကွာ"

"ပြော် .. အဲဒီ ဖေဖေနဲ့က .."

"မြစ်ဆုံမှာနေတုန်းက ဖေဖေနဲ့ အမြဲပြဿနာဖြစ်တဲ့ မင်းထိုက် ဆိုတဲ့လူက ဒီလူပေါ့။ ဖေဖေက သစ်တောထိန်းသိမ်းရေးက .. ဒီလူတွေက သစ်ခုတ်ဖို့ပဲ စဉ်းစားနေတာ၊ ခုတ်မယ် ထစ်မယ် ပါးပါးလှီးမယ်ပေါ့ .. နောက်တော့ နန့်မှော်တောင်ဘက်မှာ ရွှေတူးတဲ့ကိစ္စနဲ့ ဖေဖေနဲ့ ပြဿနာတက်သေးတယ်..၊ သေသေချာချာ ကြည့်ထားသား .. ရှောဝတီကို မြုပ်နှံမယ့်ကောင်တွေဆိုတာ အဲဒီလူတွေပေါ့"

ဝန်ထမ်းကောင်လေးကလည်း ဖေဖေ့စကားကို စိတ်ဝင်တစားနားထောင်ပြီး ဦးမင်းထိုက် ဆိုတဲ့လူကို လှည့်ကြည့်ပါသည်။

သူတို့ကလည်း ကျွန်တော်တို့ကို ကြည့်ပြီး ဘာတွေပြောနေသည် မသိ။

"ဒါနဲ့ အန်ကယ်တို့ ဘာမှာမလဲ ခင်ဗျာ"

ဝန်ထမ်းကောင်လေး စကားကြောင့် ဖေဖေက ကောင်လေးပေးတဲ့ မီနူးကို လှမ်းယူကြည့်ကာ ...

"သဘာဝနဲ့ သဟဇာတဖြစ်မယ့် သီးနှံတစ်ပွဲကွာ..၊ ဆိုးဆေး





မပါစေနဲ့နော်"

"တောက်!..."

တစ်ဖက်က တောက်ခေါက်သံတွေ ထွက်လာပါသည်။ ဝန်ထမ်းကောင်လေးက ရယ်ရမလိုလို ပြဿနာတက်မှာ စိုးရိမ်နေသလိုလိုဖြစ်နေပါသည်။

"အန္တရာယ်မရှိတဲ့ ရေသန့်တစ်ဘူး"

"ဟော့ကောင် .. မင်း ဘာစကားပြောတာလဲ"

"ဒယ်ဒီ .."

ဝုန်းခနဲ ထရပ်ကာ ဦးမင်းထိုက် ဒေါသနဲ့ပြောတော့ မနေ့ကျာပြဿနာဖြစ်ပြီဆိုတာ သိလိုက်တာကြောင့် ပြေးလာပါသည်။ ဦးလင်းထွန်းကလည်း ဝုန်းခနဲ ထရပ်ကာ ...

"ငါ လူ့စကားပြောတာ မသိရအောင် မင်းက လူမဟုတ်လို့လား"

"ဘာကွ .."

"လာစမ်းပါ .. လင်းထွန်းကွ ..၊ လင်းလို့ထွန်းတာ မင်းနှာမည်းလို မင်းထိုက်နဲ့မင်းကာ ခံရမယ့်ကောင် မဟုတ်ဘူး"

"ဟား .. ဟား .. ဟား .. ရယ်ချင်လိုက်တာ လင်းထွန်းရာ"

"ဟား .. ဟား .. ဟား မရယ်ချင်လိုက်တာ မင်းထိုက်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ပြဿနာ မဖြစ်ကြပါနဲ့ဗျာ.. ဘာသာတန်မှာ အချင်းချင်း ပြေပြေလည်လည် ညှိနှိုင်းကြပေါ့ဗျာ"

မန်နေဂျာက ကြားထဲက ဖောင်းပန်တော့ ဦးလင်းထွန်းက..

"အချင်းချင်း ပြေပြေလည်လည် ညှိနှိုင်းရအောင် ငါ့သားက သူ့သမီးကို ယူမယ့်ကိစ္စမှ မဟုတ်တာ"

ကျွန်တော် မျက်ခုံးမြင့်တက်ဟန်ပြုပြီး ...

"ဗျာ .. ဟာ .. သား မယူချင်ပါဘူး။ သူ့သမီးက သဘာဝမစစ်တဲ့ မျက်နှာအတုနဲ့ဟာကို"

"လင်းယုန် .. လင်းဝက်ကောင် နှင့် ဘာစကားပြောတာလဲ"

"တော်ကြပါတော့ဗျာ"

"မတော်နိုင်ဘူး .. စားကောင် မစားရသေးတာ"

"ဟာ .. အဲဒါကို ပြောတာ မဟုတ်ဘူး"

ဝန်ထမ်းတွေနှင့် မန်နေဂျာ လူချင်းခွဲလိုက်ကြပါသည်။ ကျွန်တော်နဲ့ ဖေဖေ့ကို အပေါ်ထပ်ကို ခေါ်သွားပြီး နေရာ စီစဉ်ပေးပါသည်။





ဒါနဲ့ ထိုအုပ်စု ကျွန်တော် ပြောပြတဲ့ အကြောင်းအရာတွေကြောင့် တခွီးခွီး ရယ်ကြပါသည်။

"မင်းတို့ ပြဿနာက လူငယ်ချင်းတင် မဟုတ်ဘူး .. လူကြီးချင်းပါ တကယ့်ကမ္ဘာ့ရန်ကို"

ကျွန်တော် မနေ့ကကိစ္စကို စဉ်းစားမိရင် တကယ့်ကို ရယ်ချင်မိပါသည်။

"မင်း မယူချင်ဘူးပြောတော့ မခင်ဖြူ မှန်မှန်ပြောတော့ ဒေါသပေါက်ကွဲမှာ သေချာတယ်"

သီလ ရဲ့စကားကြောင့် ကျွန်တော် ခေါင်းညိတ်[illegible]ရင်း...

"ပေါက်ကွဲတာကတော့ ဆိုက်စလန် မီးတောင်[illegible] ရှိမယ် ထင်တယ်၊ ငါ ပြောတာလဲ မမှားပါဘူးကွာ..၊ [illegible]ချော အရမ်းလှတာတော့ မှန်ပါတယ် .. သူ့မျက်နှာပေါ်[illegible]သဘာဝစစ်စစ် မြင်ခွင့်ရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အသားအရည် ဘာရှိလဲ.၊ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေ ဖုံးကွယ်ထားတော့ မျက်နှာက ကော်ပတ်ရုပ်ကြီးလိုလို မျက်နှာအတုကြီးလိုလို .."

လင်းယုန် ရဲ့ ဥပမာစကားကြောင့် ဘေးဝိုင်းက လူတွေပါ ဝိုင်းရယ်ကြပါသည်။

"လင်းယုန် ရာ လူများသားသမီးကို မင်းမို့ မှိုချိုးမျှစ်ချိုးကွာ"

"ဘာမှ မချိုးပါဘူးကွာ.၊ သူတို့က ချိုးရတာ မဟုတ်ဘူး ..စိုက်ရတာ"

"ဟော့ကောင် .."

"ဩော် .. မိန်းကလေးဆိုတာ သစ်ပင်ပေါက်လေးလို ကိုယ့်ဘဝကို ကူမြှေသိက္ခာဆိုတဲ့ ရေ၊ လေ၊ နေ၊ မြေသြဇာနဲ့ ကိုယ့်ကိုယ်ကိုယ် ရှင်သန်နေအောင် ရပ်တည်ရတာကွ"

"ဟော .. ပြောရင်းဆိုရင်း မင်းရဲ့ သစ်ပင်ပေါက်လေး လာပြီ"

ဖော်ကြီး ရဲ့စကားကြောင့် အားလုံးလှည့်ကြည့်တော့ ခင်မင်းဖြူ တို့ အုပ်စု ..။ လင်းလင်းလက်လက် တောက်ပနေတဲ့အလှကို တစ်ခုချင်း သီတွယ်ဆက်ချုပ်လုပ်ထားတဲ့ ပေါင်းစပ်မှုတွေနဲ့ သူမက လင်းမြနေသည်။





"ခင်မင်းဖြူ က သစ်ပင်ပေါက်လေး မဟုတ်ဘူးကွ"

သီလ ကျွန်တော့်စကားကြောင့် ပခုံးတွန့်ရင်း ...

"ဒါဆိုရင် ပင်စည်ကြီးလား"

လှိုက်တဲ့ အပြုံးတစ်ခုကို ပန်းလိုပွင့်ပြရင်း ကျွန်တော် အခုလို ပြောသည်။

"ပင်စည်လဲ မဟုတ်ဘူး.၊ ခင်မင်းဖြူ က ရွှေတွေနဲ့ ပွင့်တဲ့ပန်း"

လင်းယုန် အဖြေကြောင့် အားလုံးက ပြုံးဖော့ဖော့နှင့် ခင်မင်းဖြူကို လှည့်ကြည့်တော့ ခင်မင်းဖြူ က အားလုံးကို စက်သေနတ်တစ်လက်လို မျက်စောင်းနဲ့ ဝေ့ဝဲကျနေသည်။

"ဒါဆို မင်းကရော ဥယျာဉ်မှူးလား .."

ကျွန်တော် ရယ်ကျဲကျဲနှင့် ...

"ဝတ်ရည်စုပ်တဲ့ လူ"

ဟိုကောင်တွေ ကျွန်တော့်စကားကို သဘောကျနေသည်။

"လင်းယုန် မင်း အပျင်းပြေ ထိုင်ရာက မထ မင်းဟာမလေးကို ပြသနာရှာခဲ့လား"

"အေး .. လုပ်စမ်းပါဟ"

"စိတ်ချ .. ထိုင်ရာက မထဘူး။ ဒီမှာကြည့် .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပလက်ကျင်းသလိုနဲ့ ရေနွေးတွေ တစ်ခွက်ပြီးတစ်ခွက် ကျွန်တော် လှမ်းလှမ်းထွေးသည်။

ကျွန်တော်တို့ပိုင်တဲ့ဗိုင်းက ခပ်မြင့်မြင့် ကုန်းတက်ဆိုတော့ ရေနွေးတွေက သူမရဲ့ဖိနပ်နားအထိ စီးပါသည်။

သူမ လင်းယုန် ဘာမင်လုပ်မှန်း သိပါသည်။

"ဟဲ့ .. ပြဿနာ ရှာမနေနဲ့ .. ဒီဘက် ပြောင်းထိုင်ပါလား"

အိသက် က ပြဿနာမဖြစ်ချင်တာမို့ ပြေရာပြေကြောင်း ပြောပါသည်။ ခင်မင်းဖြူ ကို ဒီလိုကျောလို့ကတော့ မရမှန်း လင်းယုန် သိ သင့်သည်။

"လင်းယုန် .."

သူမ ခပ်ဆတ်ဆတ် လှမ်းအော်တော့ လင်းယုန် မျက်စုံးမြင့်တက်ကာ အရေးမကြီးဟန် လုပ်ပြတော့ သူမ အောင့်သက်သက်..။

"နင် .. မမိုက်ရိုင်းနဲ့နော်"

"ဟ .. ငါ ဘာလုပ်ပြနေလို့လဲ"

"နင် .. နင်နော် .."

သူမ မျက်နှာ ရဲတက်သွားသလို ဒေါသက တစ်ခွီးခွီးနှင့် ရယ်ကြပါသည်။





"တောက်!.. နင် အပေါ်စီးကနေ ရေနွေးတွေ သွန်တော့ ငါတို့ အောက်ဘက်ကို စီးလာတာပေါ့"

သူမစကားကြောင့် လင်းယုန် တဖြည်းဖြည်း ပြုံးလာပါသည်။

"နင် ပြောချင်တာ အထက်ဘက်ကနေ ဖြစ်သလို စွန့်ပစ်လိုက်တဲ့ရေက အောက်ဘက်က နင့်ဆီ စီးသွားတယ်ဆိုပါတော့"

"ဟုတ်တယ်"

"ဟဲ့ .. ခင်မင်း"

နေရီ အသန့်တကြား တားသည်။ နေရီ က လင်းယုန် ဘာကို ရည်ရွယ်ချင်မှန်း ရိပ်မိလိုက်ပါသည်။ အမြင်ကပ်စရာကောင်းတဲ့ အပြုံးက လင်းယုန် နှုတ်ခမ်းနဲ့ မျက်နှာပေါ် တွင် ပေါ်လွင်နေသည်။

"နင် .. ကိုယ်ချင်းစာတတ်ပြီလား ခင်မင်းဖြူ"

ခင်မင်းဖြူ က မျက်စုံးကြုံ့ပြီး လင်းယုန် ဘာပြောမှန်း နားမလည်။

"တောင်တွေပြို ကမ်းပါးတွေပြိုချ နုန်းအနယ်အနှစ်တွေ ဖုံ့ချမျောချ ဦးခေါင်းဘက်ကနေ လုပ်ချလိုက်တဲ့ အနယ်အမှိုက်တွေဟာ ဧရာဝတီအောက်ပိုင်းမှာရှိတဲ့ သက်ရှိငါးတွေ မြစ်ကြောင်းတိမ်ကောမှုတွေအတွက် ဘယ်လောက်အထိ ထိခိုက်ခဲ့သလိုဆိုတာ ခင်ဗျား ကျွန်တော် အနုလုပ်ခဲ့လိုက်တဲ့ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ပဲ ယှဉ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချင်းစာကြည့်ပေါ့"

ခင်မင်းဖြူ အပြောရ ခက်သွားပါသည်။

"ရှင်ပြောသလိုဆို ဧရာဝတီနဲ့ ပတ်သက်တဲ့ ဆိုးကျိုးတွေဟာ ကျွန်မကိုယ်တိုင်ပဲ လုပ်သလို ရှင် ပြောပုံက"

ခင်မင်းဖြူ ဒေါသနဲ့ ပြောမိတော့ လင်းယုန် ပြုံးသည်။

"ခင်ဗျားနဲ့တော့ မသက်ဆိုင်ပေမယ့် ခင်ဗျားအဖေနဲ့ ပတ်သက်တဲ့ လူတွေနဲ့တော့ သက်ဆိုင်ဖာယ်လေ..၊ ခင်ဗျား မဆင်မခြင်ပဲ ပြောဖူးပါတယ်၊ ကျွန်မ မိဘတွေ ရွေးတူးတဲ့ ကုမ္ပဏီတွေထောင်တာ ဒီလောက်အပြစ်ကြီးကြီး ဖြစ်စရာလားဆိုတဲ့ စကားလေ..၊ ခင်ဗျားကို ကျွန်တော်ပြောမယ် .. အိန္ဒိယနိုင်ငံရဲ့ မိခင်ကြီးလို့ တင်စားခဲ့တဲ့ ဂင်္ဂါမြစ်ဆိုရင် အခု သဲနုန်းတွေနဲ့ ပြည့်နှက်ပြီး တိမ်ကောအသုံးပြုလို့ မရတော့ဘူး ခင်မင်းဖြူ"

နေရီ တို့ လင်းယုန် စကားကို စိတ်ဝင်တစား နားထောင်မိပါတယ်။

"ဧရာဝတီမြစ်ကို အခုလို ပစ်စလက်ခတ် ပစ်ထားမယ်ဆိုရင် သဲချောင်းကြီး ဖြစ်သွားနိုင်တယ်လို့ ဧရာဝတီသုတေသီ စာရေးဆရာ ဆရာချစ်စံဝင်း ပြောဖူးတယ် ဒေါ် ခင်မင်းဖြူ"





ခင်မင်းဖြူ ဒီတစ်ခါတော့ နည်းနည်းတွေဝေသွားတာ အမှန်ပါပဲ။

"ရှင်းမယ်ဟေ့"

လင်းယုန် စားပွဲထိုးကို လှမ်းအော်ပြီး ကျသင့်ငွေကို ဘွက်ချက်ကာ ပိုက်ဆံထုတ်ပေးပြီး တစ်အုပ်ကြီး အတန်းတက်ဖို့ အတန်းရှိရာဘက်ကို ထွက်လာခဲ့ကြသည်။

နေရီ က တွေးတွေးဆဆနှင့် ...

"အင်း .. ငါတို့လည်း တက္ကသိုလ်မှာ ကျောင်းပဲ နေ့တိုင်းတက်နေတော့ ပြင်ပနဲ့ အတော့်ကို အဆက်အသွယ် ပြတ်နေတာပဲ"

"အပိုတွေပါဟာ မပြောလိုက်ချင်ဘူး ..၊ မြန်မာနိုင်ငံရဲ့ သဘာဝတရားကြီးကို သူတစ်ယောက်ပဲ ကယ်တင်နိုင်သလိုလို လေသံနဲ့ လူအထင်ကြီးအောင် လျှောက်ပြောနေတာပါဟာ"

သူမ အမြင်ကပ်ကပ်နဲ့ ပြောတော့ သူမတို့နှင့်အတူ အတန်းပြီးလို့ နေ့လယ်စာ လာစားတဲ့ ခင်မိုးဆွေ က ...

"လင်းယုန်စကားကို အထင်မမှားပါနဲ့ ခင်မင်း ရယ်..၊ ဒါကို တစ်ခါ ယောမင်းကြီးလမ်းမဘက်ရောက်တုန်း အသိတစ်ယောက် ပြောလို့ ၆၅ ဂယ်လာရီပြပွဲကို သွားလေ့လာဖြစ်တယ်၊ ပြပွဲအမည်က



www.burmeseclassic.com

www.burmeseclassic.com



Art of Watershed ဖြန့်မာလိုဆိုရင်တော့ 'ရေဝေရေလဲ' အနုပညာ ပြပွဲ၊ ပြပွဲကို ဦးစီးစီစဉ်သူတွေက ဆရာမြင့်မောင်ကျော် ကိုမြင့်ဇော် ဆရာမ ဂျူး တို့လေ"

"ဟယ် ... ကြိုသိရင် သွားကြည့်ပါတယ်ဟယ်"

နေရီ စကားကြောင့် ခင်မိုးဆွေ က ခင်မင်းဖြူ ကို ပြုံးကြည့် ရင်း...

"အဲဒီပြပွဲကြည့်ပြီးရင် ရင်ထဲမှာ တစ်ခုခု ဖြစ်ကျန်ခဲ့မှာ သေချာ တယ် ခင်မင်းဖြူ...၊ ခုနက လင်းယုန် ပြောသွားတဲ့ စကားတွေက နင့်အဖေကို တိုက်ခိုက်ချင်ရုံသက်သက် အတ္တနဲ့ ပြောတဲ့စကား မဟုတ်ပါဘူးဟာ"

"ဒါဆို ဘာနဲ့ပြောတဲ့ စကားလဲ"

နေရီ့ စကားကို ခင်မိုးဆွေ က အခုလို ဖြေရှင်းချက် ပေးပါ တယ်။

"အတ္တနဲ့ပြောတဲ့စကား မဟုတ်ဘူးဆိုရင် သူပြောတဲ့စကားက သဘာဝနဲ့ ပြောခဲ့တဲ့ စကားပေါ့"

နေရီ ခင်မင်းဖြူ ကိုယ်စား သက်ပြင်းချမိပါသည်။










♥ ကုန်ဝယ်ဖို့လာတဲ့ ကုန်သည်ပါ
ငါ ဝယ်ဖို့လာတဲ့ ကုန်က သိပ်မြင့်မြတ်တာ
ငါ့စကားကို အယုံမလွယ်ပါနဲ့
ဝုက်မငယ်တဲ့ ချစ်ခြင်းနဲ့ရင်းပြီး
ဈေးဖြတ်ရမယ့်ပွဲ မလွဲချော်ရမယ့် ဈေးခေါ် ပွဲ...။

♥ မင်းနှလုံးသားကို ငွေသားနဲ့ မပေးချေ
ရွှေ၊ ပတ္တမြား၊ ရတနာများစွာနဲ့ မလဲ
ကဲ .. ခပ်ရဲရဲပြောမယ်
နှလုံးသားကို မေတ္တာတရားနဲ့ ကြေးထပ်
ဈေးဖြတ်ခဲ့ပြီ...။





www.burmeseclassic.com

www.burmeseclassic.com



"မခင်မင်းဖြူ သံကြိုးစာ"

အတန်းထဲမှာ ဆရာ မလာခင် ဝိုင်းဖွဲ့၍ နေကြာစေ့စား စပ်စပ်ရာတွေ ပြောကောင်းနေတုန်း သူမကို ခေါ် သံကြောင့် လှမ်းကြည့်တော့ အပေါက်ဝနားမှာ ထိုင်တတ်တဲ့ ထက်ထက်ထွန်း ...

နေရီ က မျက်မှောင်ကုပ်ရင်း ...

"ဟဲ့ .. မိထက် ဘယ်က သံကြိုးစာလဲ၊ အတန်းထဲထိ သံကြိုးစာ ပို့လို့ရတယ်လို့ ငါ မကြားမိပါဘူး"

နေရီ စကားကြောင့် အိသက် က ..

"ထက်ထက်ထွန်း အကြောင်းလဲ နင် သိရဲ့နဲ့ဟယ်..၊ နာမည်ကသာ ထက်ထက်ထွန်း လူက ထွန်းလို့မရတဲ့ ဖယောင်းတိုင်"

ထက်ထက်ထွန်း က အူလည်ချာလည်ရုပ်နဲ့ ခင်မင်းဖြူ ကို ပြောပါသည်။





"ဟို .. ကန့်တဲင်းသွားတုန်း ကောင်လေးတစ်ယောက်က နင် ခင်မင်းဖြူ တို့ အတန်းကလားတဲ့..၊ ငါက ဟုတ်တယ်လို့ပြောတော့ နင့်အတွက် သံကြိုးစာလာတယ်တဲ့ ယူသွားပေးပါလို့ ပြောပြီး ပေးလိုက်တာ"

ထက်ထက်ထွန်း က ခင်မင်းဖြူ ကို စာအိတ်တစ်အိတ် လှမ်းပေးတော့ ...

"ဟဲ့ .. သံကြိုးကရော"

ခင်မင်းဖြူ အရွဲ့တိုက်ပြီး မေးတော့ ထက်ထက်ထွန်း က ထုံးစံအတိုင်း အူလည်ချာလည် ရုပ်တည်နဲ့ပဲ ...

"သံကြိုးကတော့ သံရည်ကျိုစက်က သန့်သန့်မာမာလူကြီး သံတမန်ဆန်ဆန် ယူသွားတယ်တဲ့"

နေရီ တို့က ရယ်သည်။ ခင်မင်းဖြူ အမြင်ကပ်ကပ်နှင့် ...

"တော်သေးတာပေါ့ ...၊ သန့်မြန်သူ ကားဂိတ်က ဂိတ်မှူး မယူသွားလို့"

"ဟဲ့ .. ဘာစာလဲ"

အိသက် က စပ်စပ်စုစုနှင့်ပြောတော့ ခင်မင်းဖြူ ဘာမှ လိပ်စာမတပ်ထားတဲ့ စာအိတ်ကို ဖင်ပြန်ခေါင်းပြန် ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး ...၊ တစ်ယောက်ယောက်ရေးတာ နေမှာပေါ့"

သူမ စကားကြောင့် နေရီ က မျက်စောင်းထိုးသည်။

"သြော် .. နင်ပြောမှလား ...၊ ကဲ .. ဖွင့်ဖတ်စမ်းပါဦး"

"ရည်းစားစာပဲ နေမှာပါဟာ"

"ဟုတ်ပါတယ်၊ ဘယ်သူ့ဆီက စာလဲလို့ သိရအောင်"

ခင်မင်းဖြူ စာအိတ်ထောင့်ကို ဆွဲဆုတ်ပြီး ဖွင့်ဖတ်ကြည့်မိတော့ အခုလို ...

သို့

ခင်မင်းဖြူ ...

မာပါကြောင်း သာပါကြောင်း ဆုမွန်ကောင်း တောင်းရင်း အကြောင်းကြောင်းတွေနဲ့ အကြောင်းတိုက်ဆိုင်စွာ ဤစာကို ရေးဖြစ်ပါသည်။ ရေးရတဲ့ အကြောင်းအရင်းက ရှေ့ရေးနောက်ရေး ရေး၊ မြိတ်၊ ထားဝယ်အထိ အဆုံးမရှိတွေးပြီး တိုးတိတိ ရေးချမိဟာပါ။ မရှိတာထက် မသိတာ ခက်သလို...။

(မှတ်ချက်။ ။ မသိတာ မတုတ်ပါ မသိတာ ဖြစ်သည်)





ကျွန်တော့်မှာ မရှိသေးတဲ့ ချစ်ခြင်းတရားကို ခင်များဆီမှာ ရှိမလား။ ဝေခွဲရခက်တဲ့ ကိစ္စ။ ကိစ္စက ထိပ်ဝမှာ တစ်နေသလို တစ်ခိုဒိုနဲ့ အတော် အနေရခက်နေပါသည်။ ဗိုလ်ဇအောင်ခင် ရုပ်ရှင်ကားထဲကလို ငွယ်သလား ခက်သလား ရာမလို့ .. ရာမကို မေးချင်သော်လည်း ကျွန်တော့်မှာ ရာမ မရှိလို့ ဒါနု ကို ဗိုင်ပင်သော်လည်း ဒါနုမင်းသားက မခက်ပါဘူး။ တကယ်ကြိုက်ရင် တကယ်လုပ် အဟုတ်ဖြစ်ရမည်လို့ အားပေးသည်။ အားပေးတယ်ဆိုတာ အားဆေးပေးတာ မဟုတ်ပါ။

နံရိုမှာကပ်ထားတဲ့ တာတမ်းလို သင်ကြိုက်လျှင် ကျွန်ုပ် မမုန်းပါလို့ အဖြေပေးပါလားတွေယ်..။

မင်းရဲ့

မစ္စတာ လင်းယုန်

အရှေ့အာရှ

တစ်လင်တစ်မယားစနစ် ဝန်ဆောင်မှုကုမ္ပဏီ

လိပ်စာ = အမှတ်(-၃) ဇိဂ္ဂာဇလမ်း

အူကြောင်ကြားရပ်ကွက်

ဇရပ်းဇတာမြို့နယ်၊ လူမသိသူမသိတိုင်း



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲဟ"

စာဖတ်ပြီး သူမ အခုလိုပြောမိတော့ နေရီ တို့က ဟက်ဟက်ပက်ပက် ရယ်သည်။

"ဟဲ့ .. နင့်ကို လင်းယုန် က စာပေးတာ"

"တောက်!.."

သူမ က ဒေါသနဲ့ တောက်ခေါက်တော့ အိသက် က မျက်ခုံးမြင့်တက်ရင်း ...

"ဟဲ့ .. ဘာဖြစ်တာလဲ..၊ နင့်ကို ရည်းစားစာပေးတာ ဆန်းသလား ခင်မင်း ရယ် .. တခြားလူတွေလဲ နင့်ကို ရည်းစားစာ ပေးနေတာပဲ"

"ဟဲ့ .. ရည်းစားစာပေးတာက ကောင်းကောင်းကန်းကန်း ရေးပါလား .. တွေ့မယ်"

သူမ စိတ်ကလည်း ခပ်မြန်မြန်မို့ အိတ်ကိုဆွဲပြီး အခန်းအပြင်ထွက်တော့ ...

"ဟဲ့ .. ခင်မင်း ကိုယ်က မိန်းကလေးလေ အဖြေပေးဖို့ စဉ်းစားပါဦးဟဲ့"

"ဟာ .. နင်ကတမျှောင့် အိသက် ရယ် .. အဲဒါ အဖြေပေးဖို့





မဟုတ်ဘူး။ ပြဿနာဖြစ်ဖို့ သွားတာ"

"ဟင် .. အဲဒီလို .."

"အေး .. အဲဒီလို"

"ဟာ .. မဖြစ်ဘူး၊ လိုက်မှ"

အိသက် နဲ့ နေရီ ကမန်းကတန်း ပြေးလိုက်ခဲ့ရပါသည်။ အဲဒီအချိန်မှာ ရွှေအခါမှာ လင်းချို ဆိုတဲ့ လင်းယုန် တစ်ယောက် အာဝဇ္ဇန်းရွှင်ရွှင်နှင့် စကားပြောကောင်းနေတဲ့အချိန် ..

"ဥက္ကာပျံ ဆိုတာရှိပေမယ့် မပျံတဲ့ ဥက္ကာပျံ အဲ.. မပျံတွေလဲ ရှိတယ်"

"ဟုတ်လို့လားကွာ"

ဖော်ကြီး က မယုံကြည် ယုံကြည်ဟန်နှင့် မေးတော့ လင်းယုန် ခေါင်းညိတ်ပြပြီး ...

"ဟုတ်ကိုဟုတ်တယ် ဖီးဆစ်က ဟိုကောင် တောင်ဥက္ကလာက မောင်ဥက္ကာ ပျံမှမပျံနိုင်တာ၊ ဖယ်ရီတောင် လစ်သလို နိုးစီးတာလေ"

"ဟာကွာ .. အဟုတ်မှတ်လို့"

ဒါန က ခေါင်းကုတ်ရင်း ပြောတော့ ..



www.burmeseclassic.com

www.burmeseclassic.com



"အဟုတ်က ကျောင်းမတက်ဘူး။ မင်း လှမ်းတွေ့ကာ မာစွတ်၊ အဟုတ်က သူ့အဖေ နေမကောင်းလို့ ကော်သားကုတ်ထိုးဆိုင် ဖွင့်ရမယ်ဆိုလား"

စိန်မြင့် နှင့် တင်မိုး တို့ တဟီးဟီးနဲ့ ရယ်နေကြသည်။ အဲဒီအချိန်မှာပဲ ခေါက်ထီးတစ်ချောင်းကိုင်ကြီး တစ်ကယ်လို့ ဒေါသအပြည့်နဲ့ တင်းဆောင်လာတဲ့ ခင်မင်းဖြူ ဦးဆောင်တဲ့အဖွဲ့ပဲဘာ နွေအခါကို သေချာအောင် ရောက်ရှိလာပါတယ်။

လင်းယုန်က ကျောပေးနေလို့ မသိ။

ခေါင်ကြီး တို့ကတော့ မျက်လုံးပြူး မျက်ဆံပါ ပြူးထွက်နေပါသည်..။

"မိန်းမတွေရဲ့ အလှဆုံးအချိန်က ဘယ်အချိန်လဲ သိလား"

ဒါနဲ့ က မျက်နှာငယ်လေးနဲ့ ခါးထောက်ရပ်ကြည့်နေတဲ့ ခင်မင်းဖြူ ကို မော့ကြည့်ကာ ...

"အဘိဖွား"

"မသိရင် သေသေချာချာ မှတ်ထား .. ဈေးထဲမှာ ဈေးဝယ်နေတဲ့အချိန် ..၊ ဟိုလေကွာ အလေးမပြည့်ဘူး .. သေသေချာချာ ချိန်နော်"





"လင်း .. ယုန် .."

နောက်က ကျုံးအော်လိုက်တာကြောင့် လင်းယုန် လန့်ဖြန့်သွားပါသည်။

"အောင်အောင် နဲ့ မလေး"

လန့်ဖြန့်အော်မိရင်း နောက်လှည့်ကြည့်တော့ ခင်မင်းဖြူ ကို တွေ့ကာ သွားအဖြဲသားနဲ့ ...

"အဟီး .. နေမကောင်းဘူးလား။ အဲလေ .. နေကောင်းလား"

ခင်မင်းဖြူ စပ်ဖြဲဖြဲနိုင်လှတဲ့ ဒီကောင်ကို တောက်ခေါက်မိကာ လင်းယုန် ပေးမိတဲ့စာကို စားပွဲပေါ် ပစ်တင်မိပါသည်။

"တောက် .."

ခင်မင်း အပြုအမူကြောင့် လင်းယုန် က ...

"ဟာ .. နင်ကလဲ လူရှေ့သူရှေ့ကြီးဟာ"

"ဘာ!..."

ဟိုကောင်တွေ ဟိုကောင်မလေးတွေက ပြူးစူးစူး ...

"ဟိုလေ .. နင် ငါ့ကို စာလာပေးတာ မဟုတ်ဘူးလား။ နင်ပေးတာတို့ စာလွှတ်တာတို့ဆိုတာ ဖြည်းဖြည်းသက်သာ ကောင်းတယ်..၊ ဟုတ်တယ်နော် .. မမင်းဖြူ မှန်မှန်ပြော"



www.burmeseclassic.com

www.burmeseclassic.com



အခြားဝိုင်းက လူတွေကလည်း ကျိတ်ရယ်ကြရင်း အသည်းကောင်းလို့ ပွဲတောင်းနေတဲ့ လင်းယုန် တို့နှစ်ယောက်ကို ကျိတ်အားပေးနေကြပါသည်။

ခင်မင်းဖြူ ဒေါသက ပို၍ ပွစိပွစိဖြစ်လာရင်း ...

"နင် .. နင်နော်၊ ဒီစာ နင်ပေးတဲ့ စာမဟုတ်လား"

အဲဒီအခါကျမှ လင်းယုန် သတိရကာ မျက်ခုံးတွေ မြင့်တက်သွားရင်း စာကို ကမန်းကတမ်း ယူဖွင့်ကြည့်ကာ ...

"အေးလေ .. ဘာဖြစ်လို့လဲ"

"ဒါ .. ဘာစာလဲ"

"စာဘုန်းကြီး"

"ဟဲ့.."

ခင်မင်း စားပွဲကို ဖုန်းခနဲ ရိုက်လိုက်တော့မှ လင်းယုန် အရာရှိ ပောက်လိုက်တော့ သတိဆွဲလိုက်တဲ့ တပ်သားလေးလို ...

"ဟုတ် .. ရည်းစားစာ"

"အဲဒါ ဘာသဘောလဲ"

"ဟာ .. ရည်းစားစာဆိုမှတော့ ရည်းစားသဘောပေါ့"

ခင်မင်းဖြူ သူလိုချင်တဲ့ ဖွင့်ဟဲရောက်ပြီမို့ နှုတ်ခမ်းလေး တွန့်





ကွေးရင်း ဆိုင်ထဲကို ဝေ့ကြည့်ကာ ရဲလင်းလုပ်ဖို့ စတင်ပါတော့သည်။

"နင် .. မရှက်ဘူးလား"

လင်းယုန်က မျက်ခုံးတွန့်မိရင် ...

"မရှက်ပါဘူး ...၊ ငါ လုံလုံခြုံခြုံ ပေးတာပဲ"

"ဘာ!..."

ခင်မင်းဖြူ မျက်နှာအရဲသားနှင့် အော်ပော့ ...

"ဟို .. ဒါန နဲ့ သီလ ကို ခါးမှာဝတ်ထားသလို မြဲမြဲဝတ်ပြီး လုံလုံခြုံခြုံ ပေးတာလို့"

ဒါန နဲ့ သီလ က လင်းယုန် ခြေထောက်ကို ဆောင့်နင်းကြပါသည်။

"နင် မရှက်ပေမယ့် နင့်အစား ငါ ရှက်တယ်ဟဲ့"

"ကြော် .. နင်က မလုံခြုံဘူးပေါ့"

"နင်နော် .. မမိုက်ရိုင်းနဲ့"

"ငါ့စကားမှာ တစ်လုံးမှ ဆဲတာမပါဘူး"

အရေးထဲ ဇော်ကြီး က ခပ်တိုးတိုး ပြောသည်။

"တစ်လုံးလောက် မဟုတ်ဘူး၊ တစ်ပိုဒ်လောက်ဆို အိုကေပဲ



www.burmeseclassic.com

www.burmeseclassic.com



ကွာ”

တခွီးခွီးနဲ့ ရယ်သံတွေကြောင့် ခင်မင်းဖြူ ပို၍ စိတ်တိုလာ ဟာ ...

“နင့်လိုကောင်မျိုးကို ငါက ကြိုက်မယ်ထင်လား”

လင်းယုန် ကလည်း အားကျမခံ..။

“နင့်လိုကောင် အဲလေ .. နင့်လို မိန်းကလေးမျိုးကို ငါကရော ကြိုက်မယ် ထင်လား”

“ဘာ!... နင် မယုတ်မာနဲ့”

အဲဒီစကားကြောင့် လင်းယုန် မျက်လုံးအပြူးသားနဲ့ ...

“အဲဒီစကားကြီးက ရုပ်ရှင်တွေထဲမှာ ဟိုဟာဖြူရင် ဟိုဟာ..”

“နင် .. နင်မှော်..၊ တောက်!.. နင် ငါ့ကို စာပေးပြီး ကြောင်မလိမ်နဲ့”

“မလိမ်ပါဘူး..၊ နင့်ကို ရည်ရွယ်ပြီး ငါ စာမပေးဘူး”

“ဘာ!...”

အလည်ချာလည်ဖြစ်နေတဲ့ ရည်းစားစာကြောင့် ခင်မင်းဖြူ လင်းယုန် ပေးတဲ့စာကို ဖြန့်ကာ ...

“ဒီစာက နင် မရေးလို့ ဘယ်သူရေးတာလဲ..၊ အောက်မှာ နင့်





နာမည်”

လင်းယုန် ကလည်း ခေါင်းအေးအေးနဲ့ ညိတ်ပြရင်း ...

“ဟုတ်ပါတယ် .. မှန်ပါတယ် .. မမင်းဖြူ ရယ်..၊ ဒါပေမယ့် ဒီမှာကြည့်လေ”

ခင်မင်းဖြူ လင်းယုန် ထောက်ပြတဲ့နေရာကို ကြည့်ရင်း ...

“အဲဒါ ဘာဖြစ်လဲ မင်းရဲ့ အဲဒါ နင်ပဲလေ ..”

လင်းယုန် တခွီးခွီးနဲ့ရယ်တော့ ခင်မင်းဖြူ မျက်စောင်းထိုးပါ သည်။

သူမ လုပ်နိုင်တာ ဒါပဲရှိသည်လေ..။

“ဒါကြောင့် ဒါနဲ့ နဲ့ သီလ ကောင်းတဲ့ ကျွန်တော်မျိုးကို အသင် မင်းသမီးက စွပ်စွဲပြောဆို ပုတ်ခတ်တာကို ..၊ ခင်မင်းဖြူ .. ခင်မင်း ဖြူ မင်းကိုယ့်ကိုယ်ကိုယ် အထော် အထင်ကြီးတာပဲ မင်းကို ရည်း စားစာပေးတာ ဖိုးဆက်မိုင်နယ်က ပိုက်ကျော်ခြင်းတော်တဲ့ မင်းရဲ့ လေ..၊ သူ့ ရည်းစားစာ မရေးတတ်လို့ ငါရေးပေးတာ မင်းရဲ့ မဟုတ်ဘူး မင်းရဲ့ သဘောပေါက်လား ..”

ခင်မင်းဖြူ ဘာပြောလို့ ပြောရမှန်းမသိ အံကို တင်းတင်းကြိတ် ရင်း ဒေါသနဲ့ တောက်ခေါက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တောက် .. နင် .. နင် .."

"လာပါဟယ်"

နေရီ နဲ့ အိသက် ခင်မင်းဖြူ ကို အတင်းဆွဲကာ ထွက်သွားတော့ သူတို့အုပ်စု တဟားဟားနဲ့ ကျန်ရစ်ခဲ့ပါသည်။

တစ်ဖက်ဝိုင်းက မျိုးမင်းအောင် တို့ အုပ်စုက ...

"ရိုက်ချက်ကတော့ မိုက်တီးပဲဟေ့"

"လင်းယုန် သတိထားနော်..၊ မင်းကို ခင်မင်းဖြူ ကျေမှာမဟုတ်ဘူး"

"မကျေရင် နေလင်းအောင် ပေးလိုက်မှာပေါ့"

"ဘယ်က နေလင်းအောင် လဲ လင်းယုန်"

"အစာမကြေချင်သူများအတွက် နေလင်းအောင် အစာကြေဆေးလေ"

လင်းယုန် စကားကြောင့် တစ်ဆိုင်လုံး ပွဲကျနေပါသည်။





"တွေ့မယ် ..၊ တောက်!.. ဒါ သက်သက် လုပ်ကြတာ"

အတန်းထဲရောက်တဲ့အထိ ခင်မင်းဖြူ ဒေါသက မပြေသေး။ အိသက် က ခင်မင်းဖြူ ကို မျက်စောင်းထိုးရင်း ...

"နင့်ကိုက မဟုတ်တာ..၊ ဒီလောက် ညဏ်နီညဏ်နက် ညဏ်ပြာများတဲ့ ဒီကောင့်အကြောင်းကို သိရဲ့သားနဲ့..၊ ဒေါသဖြစ်ဖို့ပဲ စဉ်းစားနေတာကို"

"ဟဲ့ .. ဘယ်သိမလဲ၊ ငါလဲ အပိုင်ပဲဆိုပြီး သွားတာပေါ့"

နေရီ က ...

"နင်ကိုက စုန်းတောက်တာကို"

"ဘာလဲဟဲ့.."

"အိသက် ရယ် .. အဲဒီစကားကို ပြောင်းပြန်လှန်ကြည့်လေ"

အိသက် က သေချာစဉ်းစားကြည့်ပြီးမှ မိန်းကလေးပီပီ တခွိုးခွိုးနဲ့ ရယ်တော့ ခင်မင်းဖြူ အဲဒီနှစ်ယောက်ကို မကျေနပ်သလို ကြည့်ကာ..



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့နှစ်ယောက်နော် .. ကိုယ့်လူသူ့ဘက်သား မလုပ်နဲ့"

"မဟုတ်ပါဘူး ခင်မင်းရယ်..၊ ဒေါ်သနဲ့ သွားတဲ့လူက ဟိုရောက်တော့ အီလည်လည်နဲ့ ခံရတာကို ရယ်ချင်လို့ပါ"

အိသက် က တစ်မုခ္ခ စဉ်းစားမိပုံနဲ့ ...

"နေပါဦးဟ .. ဖစ်ဆစ်ဖိုင်နယ်က မင်းရဲ ဆိုတာ တကယ်ရှိလို့လား"

"ရှိချင်လဲ ရှိမှာပေါ့ဟာ..၊ ဒါပေမယ့် နင့်ကို ကောင်းကောင်ပညာပြတာ နေမှာ"

"ဟင် .. ကောင်းကောင်းက ဘယ်သူလဲ"

အရေးထဲ နေရီ က ဉာဏ်တိမ်နေတာကြောင့် ခင်မင်းဖြူအမြင်ကပ်ကပ်နှင့် ..

"အဲဒါ နင့်ရည်းစားလေ"

"ချောလားဟင်"

နေရီ စကားကြောင့် အိသက် က ရယ်သည်။ ခင်မင်းဖြူ နေကို ဆွဲဆိတ်တော့ နေရီ ရှောင်လိုက်ရင်း ...

"သြော် .. ကိုင်လို့တောင် မရအောင် ချောတယ်"

အိသက် က အခါင်းမှာ ဘီးတပ်ပေးသည်။





"ဘယ်သူလဲ ..၊ ခင်မင်း ရဲ့ ကိုကိုလင်းယုန် လား"

"ဘာ .. ဒီကောင်ကို ဒီကောင်က လင်းယုန် မဟုတ်ဘူး။ အလင်းမစုံ .. လင်းဆွဲ .. လင်းတ .. လင်းဝက် .."

ဆောင့်ဆောင့်အောင့်အောင့်နဲ့ပြောတော့ နေရီ က ခင်မင်းကို ဖြူးစေ့စေ့နှင့်ကြည့်ပြီး ပြောသည်။

"ခင်မင်း .. နင်ကလဲဟယ်..၊ ကိုယ့်ရည်းစားရဲ့ ချစ်စနိုးနာမည်တွေက များလှချည်လား"

"ခွေးမ .. နင်နော်"

"ဟယ် .. ငါ့ရည်းစားက ငါ့ကို အဲဒီလို မခေါ်ပါဘူးနော်"

"နင် .. နင်တို့နော် သိမယ်"

နေရီ နဲ့ အိသက် ကလည်း လျှင်သည်..။

"လစ်မယ် အိသက်..၊ တော်ကြာ ရည်းစားထိ စားကြည့်ဆိုပြီး ငါတို့ကို ရန်မူနေမှ ဒုက္ခရောက်နေဦးမယ်"

"ဘာ!... အေး .. စားမရှိပေမယ့် လက်သီးရှိတယ်"

နေရီ နဲ့ အိသက် က ပြောလည်းပြောအပြီး အပေါက်နားရောက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



City Mart ထဲ ဝင်လာလာချင်း ဒီလူကို ဘယ်မှာ မြင်ဖူးပါ လိမ့်လို့ စဉ်းစားနေမိပါသည်။ နောက် သေချာကြည့်လိုက်တော့မှ...

"သြော် .. ရွှေဘူးစားတဲ့ ပုဂ္ဂိုလ်လေးတွေပဲ"

ကျော်ငြိမ်းနိုင် ကလည်း လင်းယုန် ကို မှတ်မိတာကြောင့် မျက် နှာက ခပ်ထန်ထန် ဖြစ်သွားပါသည်။

"ဘာ အလိုရှိပါသလဲရှင်"

နှစ်ယောက်လုံး မျက်နှာချင်းဆိုင်ကလာရင်း ဆိုင်တစ်ဆိုင်ရှေ့ မှာ ဟိုကြည့်ဒီကြည့်နဲ့ ငေးကြည့်ရင်း ဆုံမိတော့ ဆိုင်အပေါက်ဝက စည့်ကြိုကောင်မလေး အခုလို စည့်ဝတ်စကားဆိုတော့ နှစ်ယောက် လုံး တစ်ပြိုင်တည်း ...

"မွေးနေ့လက်ဆောင်"





လွှတ်ခနဲ နှစ်ယောက်လုံးပြောပြီးမှ တစ်ယောက်ကို တစ် ယောက် အကဲခတ်သလို ကြည့်မိကြပါသည်။

စည့်ကြိုကောင်မလေးက ပြုံးစေ့စေ့ဖြစ်သွားရင်း ကျော်ငြိမ်း နိုင် ကို အရင်မေးပါသည်။

"ဘယ်အရွယ်လဲ အမျိုးသမီးလား .. အမျိုးသားလား"

ကျော်ငြိမ်းနိုင် ဂုဏ်ယူဝံ့ကြွားတဲ့ဟန်နှင့် လင်းယုန် ကို မသိ မသာကြည့်ပြီး ...

"ကောင်မလေးဗျာ .. အသက်က နှစ်ဆယ်ဝန်းကျင် ဟဲ .. ဟဲ ခင်မင်းဖြူ တဲ့ တော်တော်ချောတယ်"

လင်းယုန်, အမြင်ကပ်လာတာကြောင့် ခပ်တိုးတိုး ပြောမိပါ သည်။

"မှတ်ပုံတင်တို့ သန်းခေါင်စာရင်းတို့ပါ ပြောပြမယ့်ပုံပဲ"

"ဘာကွ .."

ဆိုင်စည့်ကြိုကောင်မလေးတောင် ပြုံးစေ့စေ့ ဖြစ်သွားပါသည်။ လင်းယုန်ကြ ကတော့ ခပ်တည်တည်ပဲ ...

"သြော် .. အလုပ်လျှောက်ဖို့ သတိရလို့ပါ"

"မင်း .. မင်းကွာ .."

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျော်ငြိမ်းခိုင် ဒီကောင် တမင်ပြောမှန်းသိတာကြောင့် အောင့်အည်းသည်းခံပြီး နေနေရပါတယ်။

"ဒီက .. အစ်ကိုကရော .."

လင်းယုန် က အားရဝမ်းသာနှင့် ...

"ချောတယ် .. လှတယ် .. သူ့နာမည်က မီကို တဲ့"

ကျော်ငြိမ်းခိုင် အလကားပါဆိုတဲ့ မျက်နှာပေးနှင့် လင်းယုန်ကို ကြည့်သည်။

"တွေ့တဲ့လူတိုင်း သူ့ကို ချစ်ကြတယ်"

"ဘယ်အရွယ်လဲ .."

"နှစ် နှစ်ကျော်ပြီ"

"ရှင် .."

ကောင်မလေး မျက်လုံးပြူးသွားတော့ ...

"ရှင် .."

"အဟဲ .. ကျွန်တော့်တူမ ဝမ်းကွဲလေးပါ"

ကောင်မလေးက ခေါင်းငုံ့ပြီး ရယ်မိပြီး ...

"ဟုတ်ကဲ့ .. ဒီကအစ်ကိုပြောတဲ့ နှစ်ဆယ်ကျော်ရော ဒီက နှစ်နှစ်ကျော်ရော ရှိပါတယ်"





ဆိုင်ထဲကို နှစ်ယောက်လုံး ဝင်လာကြပါတယ်။ ကျော်ငြိမ်းခိုင် ကောင်မလေးလိုက်ပြတဲ့ ပစ္စည်းတွေကို လိုက်ကြည့်ရင်း ...

"ဘရန်း ကောင်းမကောင်းထဲက ပေးဗျာ ..၊ အီတာလီမိတ်တို့ ပြင်သစ်မိတ်တို့"

"ဟုတ်ကဲ့ ရှိပါတယ်ရှင့် ..၊ စန္ဒာ ရေ ဒီက အစ်ကို့ကို ပြပေးလိုက်ပါကွယ်"

စန္ဒာ ဆိုတဲ့ ကောင်မလေးက ကျော်ငြိမ်းခိုင် ကို ခပ်လှမ်းလှမ်းကို ခေါ်သွားပါတယ်။

"ဒီက အစ်ကိုရော ကြိုက်ရဲ့လား..၊ ဘယ် ဘရန်းထဲက ကြိုက်လဲ .."

"အညာ ဘရန်း"

"ရှင် .."

ကောင်မလေး မျက်ခုံးမြင့်တက်သွားပေမယ့် ကျော်ငြိမ်းခိုင် ကပြုံးစွင့်နေ၍ သူ့ကို တမင်ကျောမှန်းသိတာကြောင့် အောင့်သက်သက် ...

"ဪ .. ဒီလိုပါ ..၊ အိမ်မှာက အီတာလီမိတ်တို့ ပြင်သစ်မိတ်တို့က ပြည့်နေတာ၊ တစ်ခါတစ်ခါကျရင် နွားဘက်ကို မြန်မာမိတ်



www.burmeseclassic.com

www.burmeseclassic.com



အရင်ထွက်တာ"

"ရှင် .."

"ဟိုလေ .. အညာဘာရန်းဆိုတာ ကျွန်တော့်တူမလေးအတွက် မြန်မာဖြစ်စစ်စစ် အဝတ်အစားတစ်စုံစာ လက်ဆောင်ပေးချင်လို့ မြန်မာဖြစ်တွေက ရှားနေပြီ မဟုတ်လား"

"ဟောဗျာ .."

လင်းယုန် ဝေဝေဆာဆာ ပြောနေသလောက် ကျော်ငြိမ်းခိုင် မျက်နှာကြီး နီရဲကာ အောင့်သီးအောင့်သက် ဖြစ်နေရှာပါသည်။ ဒီကောင် သူ့ကို တမင်ရိနေမှန်း သိပါသည်။

ကျော်ငြိမ်းခိုင် ပိုက်ဆံရှင်းပြီး ပြန်ထွက်လာကာ သူ့ကားပါကင်ထိုးထားတဲ့နေရာ ရောက်တော့ သူ့ကားရှေ့မှာ ကန့်လန့်ခံနေတဲ့ ကားတစ်စီးကို တွေ့တာကြောင့် စိတ်ပျက်မိပါသည်။

"ဟာကွာ .. ဘယ်လို မဆင်မခြင် ရပ်ထားလဲ မသိပါဘူး"

ကျော်ငြိမ်းခိုင် စိတ်ပျက်ပျက်နှင့် တစ်ယောက်ထဲ ပြောနေရင်း ဘေးပတ်ဝန်းကျင်ကို ကြည့်တော့ ကားပါကင် ဝန်ထမ်းလေးက အပြေးရောက်လာပြီ ...

"အစ်ကို စိတ်မရှိပါနဲ့ဗျာ ..၊ ခုန ကားတစ်စီးပျက်ပြီး ဂျမ်းဖြစ်





နေလို့ ဒီကားပိုင်ရှင်ကို ခဏစောင့်ခိုင်းထားတာ၊ ဒီကားပိုင်ရှင် ဘယ်ရောက်သွားလဲ မသိဘူး၊ ပြဿနာပဲ .. ဟော ဟိုမှာလာပြီ"

ကျော်ငြိမ်းခိုင် လှည့်ကြည့်တော့ လင်းယုန် ..။ လင်းယုန် က လေလေးတချွန်ချွန်နှင့် ကားသော့ တရမ်းရမ်းနှင့် သူတို့နားကို လျှောက်လာတော့ ...

"ဟေ့ကောင် .. ငါ့ကားရှေ့က မြန်မြန်ဖယ်"

လင်းယုန် ကျော်ငြိမ်းခိုင် စကားကြောင့် မျက်ခုံးမြင့်တက်သွားရင်း ...

"မင်းကားရှေ့မှာ ငါ ရပ်မနေပါဘူး"

"ဟာ့!... မင်းကို ပြောတာ မဟုတ်ပါဘူး"

"ဘယ်လို .. မင်းကို မဟုတ်ရင် တင်စိန် လား"

ကျော်ငြိမ်းခိုင် ခေါင်းတဗျင်းဗျင်း ကုတ်ရင်း ...

"တောက်! .. မင်းရဲ့ကားကို ပြောတာ"

"သြော် .. အဲဒီလိုလား ဆောရီး"

လင်းယုန် ရဲ့ ကားက ဝပ်ရှော့က ပြုပြင်ဆဲယာဉ် လင်းယုန် ကားပေါ်တက်ပြီး စက်နှိုးတော့ စက်ကမနိုး။ ကျော်ငြိမ်းခိုင် နှာရိုကို တကြည့်ကြည့် ဒီနေ့ အလုပ်ကိစ္စတွေက အရေးကြီးသည်လေ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဘာဖြစ်ပြန်ပြီလဲ"

ဟင်းယုန် ကားထဲကနေ စပ်ဖြဲဖြဲနှင့် ...

"အဟီး .. ဟိုလေ ကားကို နည်းနည်းလောက် ဝိုင်းတွန်းပေးပါလား"

"ဘာကွ .."

လင်းယုန် မျက်နှာက မျက်နှာပိုးမသေ။

"ဟိုလေ .. ငါ့ကားက နေမကောင်းတော့ .."

"ဟောဗက်! ..."

ကျော်ငြိမ်းခိုင် အခုအချိန်မှာတော့ လင်းယုန် လုပ်သမျှ ခံရတော့မှာလေ..၊ လင်းယုန် ကို မကျေမနပ်နဲ့ တက်ခေါက်ပြီး ဒီကောင့်ကားကို တွန်းပေးလိုက်ရပါသည်။

"အားစိုက်ပြီး တွန်းပါကွာ..၊ မင်းက အခြောက်ကျနေတာပဲ"

လင်းယုန် ကျော်ငြိမ်းခိုင် အကြောင်းကို သိသည်လေ..။ တာမင်အမြင်ကပ်ကပ်နဲ့ ကောင်းနေတဲ့ကားကို ပျက်ချင်ယောင်ဆောင်ပြီး တာမင်တွန်းခိုင်းခြင်း ဖြစ်သည်။

ကျော်ငြိမ်းခိုင် ကလည်း သူ့ကားနှင့်လွတ်ပြီဆိုရင် တွန်းပေးမှာမဟုတ်မှန်း လင်းယုန် သိသည်။





နောက်ကြည့်မှန်မှတစ်ဆင့် လင်းယုန် ကျော်ငြိမ်းခိုင် အားစိုက်တွန်းတာကို ကြည့်ရင်း ရုတ်တရက် ကားကို စက်နှိုးပြီး မောင်းထွက်လိုက်တော့ ကျော်ငြိမ်းခိုင် ဟပ်ထိုးလဲကျသွားသည်။ လင်းယုန်တဟားဟား ရယ်ရင်း ကားကို မောင်းထွက်သွားပါသည်။

ကျော်ငြိမ်းခိုင် ကားလမ်းမမှာ မှောက်ခုံကြီး လဲကျရင်း ထွက်သွားတဲ့ လင်းယုန် နဲ့ လင်းယုန် ကားကိုကြည့်ကာ လှမ်းဆဲရင်း မကျေမနပ်နှင့် ကျန်ရစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ခင်မင်း၊ နင် နေရီ ဆီ ဖုန်းဆက်ပြီးပြီလား"

ခင်မင်းဖြူ ကားကိုမောင်းလာရင်း ခေါင်းညိတ်ပြပါသည်။

ဒီနေ့ ကျောင်းပိတ်ရက်မို့ ခင်မင်းဖြူ အိသက် ကို ဂင်ခေါ်ကာ နေရီ ကို သွားကြိုပြီး ဈေးဝယ်ထွက်ဖို့ စီစဉ်ထားခြင်းဖြစ်သည်။

"ခင်မင်း .. မနေ့က ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ .."

"ဟာ .. နင့်ကိုပြောတာ မဟုတ်ဘူး..၊ ကျော်ငြိမ်းနိုင် မူးလဲလို့ ဆို နင့်လူက အဲဒီလောက် သောက်ရလားဟယ်"

အိသက် စကားကြောင့် ခင်မင်း သဘောကျစွာ ရယ်ပါသည်။ အိသက် က မကျေမနပ်နှင့် ...

"ဟဲ့ .. ဘာရယ်တာလဲ"





"ဘယ်က မူးလဲရမှာလဲ အိသက် ရယ် .. ကောလဟာလတွေ ပါဟဲ့..၊ မူးလဲတာ မဟုတ်ဘူး .. ဒူးပြဲတာဟ"

အိသက် မျက်လုံးအဝိုင်းသားနှင့် ...

"ဒါဆို ဒီကောင်က .."

"ဟဲ့ .. မတော်တရော်တွေ လျှောက်မတွေးနဲ့..၊ ဟို လင်းယုန် ဆိုတဲ့ ဖြဟွာဦးခေါင်း ဒုက္ခပေးတာလေ"

မနေ့က လင်းယုန် ကြောင့် ကျော်ငြိမ်းခိုင် ဒုက္ခရောက်ပုံကို ခင်မင်း ပြောပြတော့ .. အိသက် က ပြုံးစေ့စေ့နှင့် ...

"ဟီ .. ဟီ .. နောက်ဆုံးတော့ နင်တို့ပဲ ခံရတာပဲ ခင်မင်းရယ်"

ခင်မင်း မှုန်ကုပ်ကုပ်နှင့် ကားမောင်းရင်း မကျေမနပ် ပြောမိပါသည်။

"မိုးကောင်းတုန်းတော့ ရွာထားပေါ့ လင်းယုန် ရယ်၊ တွေ့ကြ သေးတာပေါ့"

"ဘာလဲ .. မိုးတိတ်ရင် ထီးပေးမလို့လား"

"အိသက် နော် .. ဘာလဲ နင်က အဲဒီကောင်ဘက်က [illegible]အောင် နင် ကြိုက်နေလို့လား"

အိသက် က ပြောင်စပ်စပ်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟီ .. ဟိ .. ကြိုက်တာပေါ့ဟဲ့ ..၊ လင်းယုန် က ဒီလောက်ချော တာ .."

"တော်စမ်းပါဟာ..၊ ဒီကောင့်မျက်နှာမြင်ရတာ ရင်ပူလွန်းလို့"

"ဩော် .. စိတ်မချသူးပေါ့"

"အိသက် .. နင် ဘယ်လိုဖြစ်နေတာလဲ"

ခင်မင်း မှုန်ကုပ်ကုပ်နှင့်အော်မိတော့ အိသက် က တဟားဟား နှင့် သဘောကျနေပါသည်။

"ဟဲ့ .. သေခဲဦးမယ်..၊ ရှေ့မှာ ငါတို့ကိုကျောပေးပြီး လျှောက် နေတာ လင်းယုန် မှတ်လား .."

ခင်မင်း က ကမန်းကတန်းကြည့်တော့ ငိုက်စိုက်ငိုက်စိုက်နှင့် သူမတို့ကို ကျောပေးပြီး လျှောက်နေသူဟာ လင်းယုန် မှ လင်းယုန် အစစ် ခင်မင်းဖြူ သွေးအေးအေးနှင့် ပြုံးလိုက်မိပါသည်။

"တွေ့ကြသေးတာပေါ့ လင်းယုန် ရယ်..၊ နင့်အတောင်တွေ ကို ငါ ညှပ်ပစ်ပြမယ်"

ခင်မင်း ရဲ့ ကြုံးဝါးသံကြောင့် အိသက် ရင်ထိတ်သွားကာ ...

"ဟဲ့ .. ပေါက်တတ်ကရတွေ လျှောက်မလုပ်နဲ့နော်"

"နင် အသာကြည့်နေစမ်းပါ .. အိသက် ရယ် .."





အိသက် ရင်တုထိတ်ထိတ်နှင့် ကြည့်နေရပါသည်။ ဒီအချိန်မှာ ခင်မင်းဖြူ ကို သိကြားမင်းရဲ့ အဖေ ညို့မျက်လုံးရွှဲကြီးနှင့် လာဖြား ယောင်းပြီး တားလေ ခင်မင်းဖြူ ဆိုတဲ့ မိန်းမဟာ မျက်မှန်အနက်ကြီး တပ်ပြီး ထင်ရာလုပ်မယ့်လူ..။

ခင်မင်းဖြူ ကားကို လင်းယုန် လျှောက် နေတဲ့ဘက်ကို ဆွဲယူပြီး ကပ်ဆွဲလိုက်တော့ ...

"ဒုန်း .."

"အောင်မလေးဗျ"

ကားဘေးနံရံနဲ့ တိုက်မိပြီး လင်းယုန် ပက်လက်လန် လဲကျ သွားပါသည်။ ခင်မင်းဖြူ ကျေကျေနပ်နပ်နှင့် ကားရပ်ပြီး ကားပြတင်း တံခါးပေါက်ကနေ လမ်းမပေါ် လဲကျနေတဲ့ လင်းယုန် ကို ငုံ့ကြည့် ကာ ...

"ဘယ်လိုလဲ ဆရာကြီး .. နေလို့ကိုင်လို့ ကောင်းသွားပြီ မှတ် လား"

လင်းယုန် လက်နှင့်နောက်ပြန် အားယူထောက်ရင်း ကားပြ တင်းတံခါးဝမှာ သူ့ကို သရော်အပြုံးလေးနဲ့ ရိသဲ့သဲ့ကြည့်နေတဲ့ ခင် မင်း ကို မြင်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. ထမင်းဖြူကို .."

"ဘာ!.. တောက် .. ဒီလိုမှန်းသိရင် ကျိုးကန်းသွားအောင် တိုက်ပစ်ပါတယ်၊ ကောင်းတယ် .. အခုတော့ ဘယ့်နှယ်ရှိစ ကိုရွှေ လင်းယုန် .. တော့တာ .."

လင်းယုန် မျက်နှာလေးချိုပြီး သူမလုပ်ရပ်အတွက် ကျေနပ် အားရဖြစ်နေတဲ့ ခင်မင်းဖြူ ကို ပီပီပြင်ပြင်လေး ပြုံးပြလိုက်ရင်း..

"နေပါဦး .. မင်း ထွက်သွားလို့ မရဘူး ခင်မင်းဖြူ"

ကျွန်တော့်စကားကြောင့် မာနလူသားလေးက တဟားဟား ရယ်ရင်း ...

"ထွက်သွားတော့ ဘာဖြစ်လဲ..၊ လင်းယုန် .. လင်းယုန် .. နင် ဟာလေ အခုထိ လေသံက မလျော့သေးဘူး"

"ညီမ ကားပေါ်က ခဏဆင်းပေးပါ"

ရုတ်တရက် ကြားလိုက်ရတဲ့ အသံကြောင့် ခင်မင်းဖြူ နှင့် အိ သက် လှည့်ကြည့်တော့ ခင်မင်းဖြူ ဆီ ကားကိုပတ်ပြီး လျှောက်လာ တဲ့ ယာဉ်ထိန်းရဲနှစ်ဦး..။

"ဘုရားရေ!... ဒုက္ခတော့ ရောက်ပြီထင်တယ် ခင်မင်း"

အိသက် ဘုရားတမိပါသည်။ ယာဉ်ထိန်းရဲတစ်ဦးက လင်းယုန်





ကို တွဲထူပေးသည်။

"ညီလေး ရလား"

အမှန်တကယ်တော့ လင်းယုန် က ဘာမှမဖြစ်။ ကားဘေးခြမ်း ကို သူ့လက်နှင့် ရိုက်မိခြင်း သက်သက်ပါ..။ ဒါပေမယ့် ခင်မင်းဖြူ ကို ပညာပေးချင်တာနှင့် ...

"အား .. မရဘူး အစ်ကို..၊ အောက်ပိုင်းတစ်ခုလုံး နာနေတယ်၊ အဟင့် .. ကျွန်တော့်ဘဝ ဆုံးပြီ ထင်ပါတယ် အစ်ကိုကြီးတို့ရယ်"

လင်းယုန် စကားကြောင့် ခင်မင်းဖြူ တို့ မျက်လုံးပြူးသွားပါ တယ်။ ပြီးတော့ ဒီကောင် တမင် အမူအရာပိုနေမှန်း သိတာကြောင့် ကားပေါ်က ကမန်းကတမ်း ဆင်းပြီး ...

"နင် .. နင်နော် အပိုတွေ လျှောက်ပြော မနေနဲ့..၊ တိုက်မိရုံ လေး တိုက်မိတာ အမှုကြီးအောင် လုပ်မနေနဲ့"

လင်းယုန် ကလည်း မျက်နှာငယ်လေးနှင့် ယာဉ်ထိန်းရဲနှစ်ဦး ကို ကြည့်ကာ ...

"အစ်ကိုကြီးတို့ပဲ စဉ်းစားကြည့်ပါဗျာ..၊ ဒီသံနဲ့ လုပ်ထားတဲ့ ကားကြီးနဲ့ ဒီလေးသက်နုးညံ့တဲ့ အသားအရည်ကို ဝင်တိုက်တာ ဘာမှ မဖြစ်ရတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ယာဥ်ထိန်းရဲကလည်း ခေါင်းတညိတ်ညိတ်နှင့် ...

"ဟုတ်တာပေါ့ .. ငါ့ညီမ ဝိုးတက်ပေး ..၊ ညီလေး ဘာဖြစ်ချင်လဲ .. အမှုဖွင့်ချင်လား၊ ပြီးရင် ဆေးရုံသွားရဦးမယ်"

အမှုဖွင့်ချင်လား စကားကြောင့် ခင်မင်းဖြူ နှင့် အိသက် မျက်လုံးပြူးသွားပါသည်။ အိသက် က အထိတ်ထိတ်အလန့်လန့်နှင့် ...

"ဒုက္ခပဲ ဘယ်လိုလုပ်မလဲ၊ ဟို .. ဦးရဲကြီး .. ကျွန်မ ဘေးမှာ ထိုင်တာ ကျွန်မပါ ပါလားဟင်"

အိသက် စကားကြောင့် ခင်မင်းဖြူ က မျက်စေ့မျက်နှာအပျက်ပျက်နှင့် ...

"ဟာ .. ပါတာပေါ့..၊ နှစ်ယောက်ပေါင်း မောင်းတာပဲ"

"ဟာ!... ငါ မပါပါဘူး..၊ နင့်ဘာသာ နင် မောင်းတာပါ၊ လင်းယုန် နင် ဘာမှ မဖြစ်ဘူးနော်..၊ လာ .. လာ .. ငါ တွဲမယ်"

အိသက် ပြောလည်းပြော လင်းယုန် ကို အတင်းဆွဲထူနေတော့..

"ဟာ .. နာတာပေါ့၊ မယုံရင် နင် အကိုက်ခံကြည့်ပါလား"

လင်းယုန် ငေါက်စပ်စပ်နှင့် ပြောလိုက်တော့ အိသက် မျက်နှာငယ်လေးနှင့် ...

"နင်ဟာယ် တစ်ကျောင်းတည်းသားချင်းတွေပဲ ဟယ်..၊ နင်





လျော်ကြေး ယူမလား၊ လုပ်ပါဟယ် .. ငါ ထောင်ထဲ မသွားရဲဘူး၊ ထောင်ထဲမှာက ယောက်ျားတွေ အများကြီးဆို ..၊ ငါ ထောင်ဆိုရင် ငယ်ငယ်လေးတည်းက အရုပ်ထောင်ပြီးတော့ မကစားတာပါဟယ်"

ခင်မင်းဖြူ ကတော့ မှုန်ကုပ်ကုပ်နဲ့ လင်းယုန် ကို ကြည့်နေပါသည်။ ဒီကောင် အဲဒီလောက် မဖြစ်မှန်း သိတာပေါ့..။ ယာဥ်ထိန်းရဲကြီးကလည်း အခြေအနေကို သဘောပေါက်မိတာကြောင့် ...

"ကဲ .. ငါ့ညီက ဘာလုပ်ချင်လဲ"

လင်းယုန် စဉ်းစားမိပါသည်။ ဒီဟာမလေးကို တစ်ခုခုတော့ ပြာပြန်ပေးရပါမည်။ အနီးအနားကို ဝေ့ကြည့်တော့ ကွမ်းယာဆိုင်တားနားမှာ ဒန်အိုးဒန်ခွက်ဝယ်တဲ့ဆိုင်..။ ပြီးတော့ ...

"ဦးရဲကြီးရယ် .. တစ်ကျောင်းတည်းသားချင်းဆိုတော့ အမှုဖွင့်တော့ပါဘူး"

အိသက် မျက်နှာ ဝင်းလက်သွားပါသည်။ ခင်မင်းဖြူ က ကျိတ်ပျော်သွားပေမယ့် မျက်နှာမှာ မပေါ်အောင် ထိန်းထားရပါသည်။

"ဒါပေမယ့် .."

နောက်ဆက်တွဲစကားကြောင့် အိသက် မျက်နှာ အ...ပျက်က ...ဝက်တစ်ပျက်..။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို သူတို့ အိမ်ပြန်ပို့ပေးရမယ်"

"ဒါတော့ ဟုတ်တာပေါ့"

"ကျွန်တော် အိမ်ရောက်မှ ကိုယ့်ဘာသာကိုယ် ကုတော့မယ်"

ယာဉ်ထိန်းရဲကြီးက ခေါင်းညိတ်ပြရင်း ...

"ဒါဆိုလည်း အဆင်ပြေပါတယ်..၊ အခုတော့ မဆင်မခြ[illegible] မောင်းမှုနဲ့ ဒဏ်ငွေဆောင်ရမယ်..၊ ညီမ ပိုးတက်ကို ငါးဆယ့်နှစ်လမ်[illegible] ရုံးမှာ ဒဏ်ငွေဆောင်ပြီး လာယူ"

ခင်မင်းဖြူ အောင့်သက်သက်နှင့် သူမရဲ့ ပိုးတက်ကို ကား[illegible] က ထုတ်ပြီး ယာဉ်ထိန်းရဲကြီးကို ပေးပြီး ....

"ကဲ .. တက် ကိုယ်တော် .. နင့်အိမ် လိုက်ပို့ပေးမယ်"

"ငါ နင့်ကားနဲ့ မသွားဘူး"

"ဘာ!..."

ခင်မင်းဖြူ လင်းယုန် စကားကြောင့် ကျုံးအော်လိုက်တေ[illegible] လင်းယုန် မပြောနဲ့ ယာဉ်ကိန်းရဲနှစ်ယောက်တောင် လန့်သွာ[illegible] သည်။ လင်းယုန် က အေးအေးဆေးဆေးပါပဲ။

"ဟုတ်တယ် .. ဟိုလှည်းနဲ့ နင်တို့နှစ်ယောက် တွန်းပြီး လို[illegible] ပို့"





လင်းယုန် လမ်းညွှန်ပြတဲ့ ဒန်အိုးဒန်ခွက်ဝယ်တဲ့ လက်တွန်း လှည်းကိုကြည့်ပြီး ယာဉ်ထိန်းရဲနှစ်ယောက် ပြုံးစိစိ ဖြစ်ကုန်ကြပါ သည်။

ခင်မင်းဖြူ မျက်နှာ ရဲတက်သွားပြီး ဒေါသလည်း ဖြစ်မိပါသည်။ [illegible]လောက် တမင်အကျင့်ယုတ်မှန်းလည်း သိတာကြောင့် ...

"မလုပ်ပေးနိုင်ဘူး"

ခင်မင်းဖြူ ရဲ့ ခပ်ဆတ်ဆတ်အသံကြောင့် ...

"အား .. ခြေထောက်နာလိုက်တာ ဦးရဲကြီး..၊ လုပ်ထုံးလုပ်နည်း အရပဲ လုပ်ကြပါတော့ .."

"ဟာ .. တွန်းပေးလိုက်ကြရအောင်ဟာ နော် .. ခင်မင်းဖြူ [illegible]မှုဖွင့်ရင် အဖမ်းခံရမှာ ဟ..၊ စိတ်ချ ကိုကိုလင်းယုန်"

ပြောလည်းပြောရင်း အီသက် က ဒန်အိုးဒန်ခွက်ဆိုင်ကို ပြေး [illegible]သွားကာ ...

"မာမူ .. ကျွန်မတို့ကို လှည်းခဏ ငှားပါလား"

မာမူက မျက်လုံးအဝိုင်းသားနှင့် ...

"ကန်မလေး .. မာမူလှည်းကို ဘာလုပ်မလို့လဲ..၊ [illegible]ည်းက [illegible]ပြောင်းပစ္စည်း..၊ မာမူတို့ ဘိုးဘွားလက်ထက်က[illegible]ည်းက ဒန်အိုး



www.burmeseclassic.com

www.burmeseclassic.com



ဒန်ခွက်တွေကို ဒီလှည်းနဲ့ ဝယ်လာတာ .. မငှားဘူး"

အိသက် မျက်နှာငယ်လေးနှင့် ...

"ခဏလေးပါ မာမူရယ်..၊ ရှိကြီးခိုးပါရဲ့.. ပိုက်ဆံပေးပါ့မယ်"

ပိုက်ဆံဆိုတဲ့ စကားကြောင့် မာမူ ကျေနပ်သွားပါတယ်။ ဒါ

ပေမယ့် ..

"ကန်မလေး နင့်တို့ ကျူပ်လှည်းကို ခိုးသွားရင် ဘယ်လိုလုပ်

မလဲ .. စိတ်ချရပါ့မလား..၊ အကျင့်စာရိတ္တကောင်းကြောင်း ထောက်

ခံစာ ယူခဲ့"

"အမလေး မာမူရယ် .. ကျွန်မတို့ကား မာမူ့ဆိုင်ရှေ့မှာ ရပ်

ထားမှာပါ"

မာမူ ကားကိုလှမ်းကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့် ...

"အင်း .. ပြီးရော တစ်နာရီကို နှစ်ထောင်နော် ...၊ ရန်သူမျိုး

ငါးပါးကြောင့် ပျက်စီးရင် ကားသိမ်းမှာနော်"

မာမူက သူ့လှည်းပျက်စီးရင် သိန်းရာကျော်တန်ကားကြီးကို

အပိုင်သိမ်းမည့်ပုံ..။ အိသက် စရံငွေ ကြိုပေးထားပြီး လှည်းကို တွန်း

လာပါသည်။ လင်းယုန် ရှေ့ ရောက်တော့ ...

"ကဲ .. တက် ကိုယ်တော်"





ယာဉ်ထိန်းရဲ့ နှစ်ယောက်လည်း လင်းယုန်ရဲ့ လုပ်ပုံကြောင့်

တစ်ဖက်လှည့် ရယ်နေကြပါသည်။

"ဟိုတစ်ယောက် လာကူတွဲလေ ..၊ ဘာ ပေကပ်ကပ်လုပ်နေ

တာလဲ"

လင်းယုန် စကားကြောင့် ခင်မင်းဖြူ ဒေါသ တလိပ်လိပ်ထရင်း

မခံချိမခံသာနှင့် မျက်စောင်းထိုးရင်း ...

"တောက်!.. ခုနထဲက အသေတိုက်လိုက်ရမှာ"

ဆောင့်ကြီးအောင့်ကြီးနှင့် လင်းယုန် ကို အိသက် နှင့်အတူ

တွဲထူပြီး လှည်းပေါ် တင်တော့ ...

"ဟဲ့ .. ဟဲ့ .. ဖြည်းဖြည်းလုပ်ပါဟဲ့..၊ ခုနက ကားနဲ့တိုက်တုန်း

က မကျိုးဘဲ နင် လုပ်မှ ကျိုးနေဦးမယ်..၊ ဦးရဲကြီးနဲ့ တိုင်လိုက်ရ

မလား"

"ခင်မင်း .. နင်နော်"

အိသက် က ခင်မင်း ကို လှမ်းထိန်းနေရပါသည်။

"ကဲ .. ဒီတည့်တည့် တွန်း ..၊ သွားပြီ ဦးရဲကြီး တာ့တာ"

ယာဉ်ထိန်းရဲနှစ်ယောက်က ပြုံးမဲ့မဲ့နှင့် လက်ပြနေပြီပါသည်။

တကယ်တော့ ဒါန တို့ရပ်ကွက်ထဲက သူ့အိမ်လေးက နီးနီးလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



လင်းယုန် တမင်ပညာပြချင်တာကြောင့် ဟိုလမ်းကဝင် ဒီလမ်းက ထွက် တွန်းခိုင်းနေပါသည်။

"ဟဲ့ .. ဘာလုပ်နေကြတာလဲ"

လမ်းမှာ ကံဆိုးချင်တော့ နေရီ နဲ့ တန်းတိုးတော့ ...

"အတော်ပဲ ..၊ ဝိုင်းကူတွန်းပေး"

"ဟာ .. ရှက်စရာကြီး"

"နောက်မှ ရှက် .. လာ .."

လင်းယုန် စပ်ဖြီးဖြီးနှင့် ...

"ဟား .. ဟား ပျော်စရာကြီး .. သုံးယောက်ဆိုတော့ သက်သာသွားတာပေါ့..၊ မောင်း ဆရာရေ့"

လင်းယုန် က သီချင်းလေး တကြော်ကြော်နဲ့ အဆင်ကိုပြေလို့။ အိသက် က နေရီ တို့နှင့်အတူ တွန်းရင်း ဖြစ်ကြောင်းကုန်စင် ရှင်းပြနေပါသည်။

"ဟိုး .. ခဏရပ်"

အိသက် က အမောဖြေရင်း ...

"ရောက်ပြီလား"

"မရောက်သေးဘူး..၊ ငါ သရက်သီးသုပ် ငယ်စားမလို့"





"တောက်!.. နင် .. နင်"

"ဘာလဲ .. နင်တို့ရော စားမလို့လား"

"သေတောင် မစားဘူး"

"စိတ်လျှော့စမ်းပါ ခင်မင်း ရယ် .. လုပ်တုန်းက လုပ်ပြီး"

ခင်မင်းဖြူ အံတကြိတ်ကြိတ် တောက်တခေါက်ခေါက်နှင့်ပါ။ လင်းယုန် သရက်သီးအထုပ်ကိုယူ ပိုက်ဆံရှင်းပြီး ...

"တွန်းလို့ရပြီ .. ဘေးကို .. ဘေးကို"

တစ်လမ်းလုံး လူတွေက ပြုံးစေ့စေ့ ကြည့်နေကြပါသည်။ လင်းယုန် နှင့် သိတဲ့လူတွေက လှမ်းအော်ကြပါသည်။

"လင်းယုန် .. မင်းကားက အမျိုးသမီး ဒရိုက်ဘာတွေနဲ့ပါလား"

တစ်ယောက်ပြီးတစ်ယောက် နှုတ်ဆက်လေ ခင်မင်းဖြူ မျက်နှာ ရဲတက်ပြီး တောက်တစ်ခေါက်ခေါက်နဲ့ပေါ့..။ ကံဆိုးချင်တော့ ဒါန နဲ့ သီလ က စက်ဘီးကိုယ်စီနှင့် ရောက်လာကြပြီး လှည်းဘေး တစ်ဖက်တစ်ချပ်မှာ ခြံရံကာ ...

"လင်းယုန် .. မင်းက တယ် အဆင်ပြေနေပါလား"

"ဟဲ .. ဟဲ .. ဒါပေါ့ကွာ"

"လှည်းရှေ့တိုးမယ် .. ကလင် .. ကလင်"



www.burmeseclassic.com

ကြာလာတော့ ခင်မင်းဖြူ စိတ်မရှည်လာတော့..။ ချွေးတွေလည်း ရွှဲနေပါပြီ..။

"လင်းယုန် .. နင့်အိမ် မရောက်သေးဘူးလား"

လင်းယုန် လှည်းရှေ့ကနေထိုင်ရင်း နောက်လှည့်ကြည့်ကာ..

"ရောက်ပါပြီ..၊ ဟိုရှေ့က ခြံစည်းရိုး အပြာလေးနဲ့ အိမ်"

အိမ်ရှေ့ရောက်တော့ ...

"ဆင်းလေ .."

ခေါင့်ကြီးအောင့်ကြီးနဲ့ ခင်မင်းဖြူ ပြောစကားကြောင့် ...

"ငါ့မှာ ဒဏ်ရာကြီးနဲ့ တွဲပေးဦး"

"တောက် .. နင် .. နင် .."

အံကြိတ်ကြိတ် မျက်လုံးကြီးပြူးလာကာ လင်းယုန် ကို စိုက်ကြည့်တော့ အိသက် က ...

"လာပါဟယ် .. တွဲလိုက်ပါ..၊ သူ့အိမ်ပေါ် ရောက်ရင် ငါတို့ ဝင့်ကျွတ်ပါပြီ"

နောက်ဆုံးတော့ အားမတန်လို့ မာန်လျှော့ကာ လင်းယုန် ကို တွဲပြီး အိမ်ပေါ်ကို တွဲတင်ပေးလိုက်ရပါသည်။

"ကဲ .. သွားမယ် .. နေနှင့်ဦးပေါ့ဟာ"





လင်းယုန် က ပြုံးစေ့စေ့နှင့် ..။ အိသက် က အသက်ပြင်းပြင်း ရှူရင်း ...

"လင်းယုန် ရေလေးတစ်ခွက်လောက် တိုက်ပါလား"

"ဟာ .. ရ ရပါစေမယ်"

ဒါနဲ့ က အလျှင်အမြန် ရေခဲသေတ္တာထဲက ရေဘူးကို သွားယူလာပေးပါသည်။ အိသက် နဲ့ နေရီ က အလုအယက် သောက်ကြပါသည်။ ခင်မင်းဖြူ က လုံးလုံးမသောက် ..။

"ကဲ .. သောက်ပြီးရင် သွားမယ် ..၊ ဒီနားမှာ တစ်စက္ကန့်တောင် နေချင်တာ မဟုတ်ဘူး"

ခင်မင်းဖြူ ပြောပြီးထွက်သွားတော့ နေရီ က မျက်နှာငယ်လေးနှင့် ...

"လင်းယုန် .."

လင်းယုန် က မေးဆတ်ပြတော့ နေရီ က မျက်နှာချိုသွေးကာ ...

"ငါ့ကို နင့်လက်ထဲက သရက်သီးသုပ်လေး ကျွေးပါလား"

လင်းယုန် ရယ်ချင်သွားရင်း ...

"ရော့ .. ငါ စွန့်ကြဲတော်မူတယ်"

www.burmeseclassic.com



နေရီ အားရဝမ်းသာနဲ့ ယူတော့ အိသက် က မျက်စောင်းထိုး ရင်း ...

"ငတ်ကိုငတ်တယ် ..၊ ငါ့ နည်းနည်းကျွေး"

"အိသက် .. နေရီ .."

အိမ်ရှေ့က ခင်မင်းဖြူ ရဲ့ ခပ်ဆတ်ဆတ် အော်သံကြောင့်...

"လာပြီ"

ထွက်ပြေးသွားတဲ့ နေရီ နဲ့ အိသက် ကိုကြည့်ရင်း သူတို့သုံး ယောက် တဟားဟားနှင့် ပွဲကျနေပါသည်။







- ဆုံးပြီထင်တဲ့ ကြွေးလေး
  ပြန်ရသလိုပေါ့ ..
  တစ်ခါတစ်ရံ မှုန်ဖြိုးမှ
  ရှန်းပြီး ပြန်ထလာတဲ့ အချစ်လို
  ဟိုလိုလို ဒီလိုလို
  ငှါးရင်ခွင်တစ်ခုလုံ အချိုရည် လွှမ်းသွားတယ် ..။





www.burmeseclassic.com

www.burmeseclassic.com



"ဖော်ကြီး နို့တစ်ဘူတ်မှာ သွားကပ်ထားကွာ"

"ဘာလဲကွ"

"ဩော် .. မစ္စတာလင်းယုန် အတွက် အမျိုးသမီးယာဉ်မောင်း အလိုရှိသည်၊ ရုပ်ရည် ချောရမည်၊ အသက် နှစ်ဆယ် မကျော်ရ..၊ ခန္ဓာကိုယ်အချိုးအစား ဘာညာ..၊ ဦးရာလူ ရမည်"

"ဩော် .. အဲဒီကောင်မလေးကို ဦးရာလူဆိုတဲ့ လူကြီးနဲ့ ပေးစားမယ်ပေါ့"

ခင်မင်းဖြူ ရယ်သံတွေကြောင့် သည်းမခံနိုင်တဲ့အဆုံး ...

"အဲဒီ ဦးရာလူကို နင့်နှမတွေနဲ့ ပေးစားလိုက်ပါလား သေနာရဲ့"

ဒါန က ခင်မင်းဖြူ စကားကြောင့် ..

"အဟီး ငါ့ညီမရဲ့ ရည်းစားက ဦးရာလူ မဟုတ်ဘူး၊ ကိုရာဂျူးတဲ့"

"သေချင်းဆိုး ကာလနာ မြွေပွေး အကောင်တစ်ရာ ကိုက်တွေ တောက်!.."

"ဟဲ့ .. နေဦးလေ"

ခင်မင်းဖြူ ဆောင့်ကြီးအောင့်ကြီးနဲ့ ပြောပြီး ထွက်သွားတော့ နေရီ နဲ့ အိသက် မုန့်စားလက်စနဲ့ အမြန် ကမန်းကတမ်း ပိုက်ဆံရှင်း ရပါသည်။





"ဟော့ .. ရှင်းမယ်"

"လာပြီ .. အစ်မ"

ပိုက်ဆံရှင်းပြီး ထွက်မယ်ပြင်တော့ ဒါန က ...

"တချို့ဆို အရှက်မရှိ သရက်စိ .. အဲ သရက်သီးသုပ်တောင် စားတဲ့လူက ရှိသေးတယ်ကွာ"

"အမ် .. သေချင်းဆိုး"

ဆဲလည်းဆဲပြီး ရှက်ရှက်နှင့် နေရီ နဲ့ အိသက် စုပုပ်ပုပ်နှင့် ထွက်လာကြရင်း အိသက် က ...

"အဲဒါ နင် တောင်းစားလို့ အပြောခံရတာ"

"အောင်မာ နင်ရော မစားဘူးလား"

"ဟိ .. ဟိ စားတယ်"

ထွက်သွားတဲ့ အိသက် နဲ့ နေရီ ကိုကြည့်ရင်း ဖော်ကြီး က ...

"တစ်စ တစ်စနဲ့ မင်းရင်ထဲမှာ အချစ်ချည်စတွေ ရှုပ်ထွေးနေပြီ ထင်တယ်..၊ လင်းယုန်"

ဖော်ကြီး စကားကြောင့် ကျွန်တော် ရယ်မိပါသည်။ ဒါန က ရေနွေးငှဲ့ရင်း ...

"လွယ်တော့ လွယ်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ဒီကောင်နဲ့တွေ့ရင် ခင်မင်းဖြူ က မံနေရတာလေ"

"ဟောကောင် .."

"နှိပ်စက်ခံရတာကို ပြောတာ ဒုတိယတင်မိုး ရဲ့.."

ဒါန စကားကြောင့် သီလ မျက်နှာရှုံ့မဲ့သွားပါသည်။ လင်းယုန် က ပြုံးစေ့စေ့နှင့် ...

"အဲဒါတွေက သူ သတိရအောင် ငါ တမင် ပစ်လွှတ်လိုက်တဲ့ မြားတွေဆိုတာ မင်းတို့ မသိဘူးလား ငတုံးတွေရဲ့"

လင်းယုန် စကားကြောင့် ဟိုကောင်တွေ မျက်နှာတွေ ရှုံ့မဲ့ရင်း ဖော်ကြီး က ...

"အပြစ်များပြီး ကျည်ဆံက ကိုယ့်ဘက်ကိုယ် ဘတ်ပြန်ကန် လာမှာ သတိရဦး မောင်လင်းယုန်"

လင်းယုန် က ရယ်သည်။

"လင်းယုန် ပါကွ...၊ ငါ့ရဲ့ Egele Eye နဲ့ သူ့ရဲ့ရင်ထဲထိ ဖောက်ဝင် ကြည့်ပြီးပါပြီ"

"ဘာတွေ မြင်ရလဲ"

"မြင်တော့ မြင်ရမှာပါ"





"သွေးတွေသံတွေ ဖြစ်မှာပေါ့"

"သံက ဘယ်က ပါလာတာလဲ"

"တူနဲ့ရိုက်မိလို့ နေမှာပေါ့"

"ဒါဆို သူ့တူမကရော .."

စကားကို ဘယ်တော့မှ ဒီဝိုင်းမှာ အကောင်းမပြောလို့ မရတာ ကြောင့် ထ,ထွက်လာတော့ ..

"ဟောကောင် ဘယ်သွားတာလဲ..၊ ပိုက်ဆံရှင်းဦးလေ"

ဖော်ကြီး က မျက်လုံးအပြူးသားနှင့် လှမ်းအော်တော့ သီလ က ...

"ဒါန မှာ ပါမှာပေါ့"

ဒါန က မျက်လုံးလေး ကလယ်ကလယ်နှင့် ...

"ဟင့်အင်း .. ငါ့မှာ လမ်းစရိတ်ပဲ ပါတယ်"

"မင်းမှာရော .."

သီလ စကားကြောင့် ဖော်ကြီး က ခေါင်းလေးတခါခါ ထုံးစံ မတိုင်း ကောင်တာက ကိုကျော်ကြီး ကို ...

"ကိုကျော်ကြီး ထုံးစံ"

ကိုကျော်ကြီး မျက်နှာက ဒုဿဂီရိုလို ..။



www.burmeseclassic.com

www.burmeseclassic.com



"
မောလိုက်တာဟယ် ခင်မင်း ရယ်..၊ သွားမယ်ဆိုလဲ ငါတို့ကို အကြောင်းကြားပါဦးဟဲ့"

"အေးလေ .."

အတန်းထဲ ဝင်ဝင်ချင်း နေရီ နဲ့ အိသက် က မကျေမချမ်းပြော တော့ ခင်မင်း က စာအုပ်တစ်အုပ်နှင့် ရှုပ်ခတ်နေရာမှ ...

"ဟဲ့ .. အဲဒီမှာထိုင်ရင် အရှက်လုံးလုံး ကွဲတော့မယ်"

ခင်မင်း စကားကြောင့် နေရီ က အလန့်တကြားနှင့် ...

"ဟင် .. နင် ထဘီလန်သွားလို့လား"

နေရီ စကားကြောင့် ခင်မင်း က စာအုပ်နှင့် နေရီ လက်မောင်း ကို ရိုက်ရင်း ...

"နင့်ကြီးတော် လန်သွားတာဟေ့"





"ငါ့ကြီးတော်က လန်သွားတာ မဟုတ်ဘူးဟေ့ ..၊ ကျွတ်ကျ တာ .. လက်စွပ်"

အိသက် က ပြုံးစေ့စေ့နှင့် ...

"တော်သေးတာပေါ့ဟယ် .. လက်စွပ်ကယ်ပေလို့"

ခင်မင်းဖြူ က အခုထိ မကျေမချမ်းနိုင်သေး ..။

"ငါ ကျေကို မကျေဘူး"

ခင်မင်း စကားကို အိသက် က သဘောမပေါက် ..။

"နာနာချေပေးလေ"

"ဟဲ့ .. ဘာကိုချေခိုင်းတာလဲ"

"နင် .. ဆေးထိုးထားလို့ မဟုတ်ဘူးလား"

နေရီ က ရယ်သည်။

ခင်မင်း က အိသက် ကို မျက်စောင်းထိုးရင်း ...

"နင့်ဘာသာ နင် နာနာချေ"

"ငါက ဘာကိုချေရမှာလဲ"

နေရီ က တဟားဟား .. နောက်တော့ နေရီ က ... စဉ်းစားမိကာ ...

"ပြောသာ ပြောရတယ် .. လင်းယုန်က မသိရင် ပိုက်ဆံချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာတဲ့လူ ကျနေတာပဲနော်"

နေရီ စကားကြောင့် ခင်မင်း က မျက်မှောင်တွန့်ရင်း ...

"တကယ်လည်း ချမ်းသာတာပဲဟ"

ခင်မင်း စကားကြောင့် နေရီ က သဘောကျစွာရယ်ရင်း ...

"နင်က ရယ်စရာ လာပြောနေပြန်ပြီ"

"ဩော် .. ငါ အဟုတ်ပြောတာဟဲ့"

နေရီ က ရယ်ရင်း ...

"လင်းယုန် တို့ အိမ်ကို ငါတို့ သုံးယောက်လုံး ရောက်ဖူးတာပဲ.."

"အေးလေ"

အိသက် က ထောက်ခံစကားပြောရင်း တစ်ဆက်တည်း ...

"သူတို့မိသားစု ခာတ်ပုံတော့ တွေ့တယ်..၊ ဒါပေမယ့် အဖေ အမေ ရှိပုံမရဘူး"

ခင်မင်း က ဇဝေဇဝါ ဖြစ်နေပါသည်။ နေရီ က အိသက် စကားကြောင့် ...

"သူ့အဖေ အမေရှိပုံမရဘူးလို့ နင်က ဘာကိုကြည့်ပြီး ပြောတာလဲ .."





အိသက် က ဆရာကြီးစတိုင်နှင့် ပြုံးလိုက်ရင်း ...

"ဟဲ့!.. မိသားစု သုံးယောက်လုံးရှိရင် အိမ်က စိုစိုပြည်ပြည် ရှင်းလင်းနေမှာပေါ့..၊ အခုကြည့်ပါလား .. ဘာ အိမ်တောင်ပရိဘောဂ မှ မရှိတာ..၊ ဖုန်တွေနဲ့ ရှုပ်ပွနေတာ"

အိသက် စကားက ဟုတ်နေသလိုလိုရှိပေမယ့် ခင်မင်း လက် မခံနိုင်သေး ..။

"မဖြစ်နိုင်ဘူး ဟာ ..၊ ငါ့အဖေနဲ့ ကိုယ်တက်တဲ့ လူကြီးက သူ့ အဖေ ဖြစ်နိုင်တယ်၊ သန့်သန့်ပြန့်ပြန့်ပဲ"

အိသက် က သူ့အထင်ကို လုံးဝ ဆုပ်ကိုင်ထားပါသည်။

"ခင်မင်း ရယ် .. အဲဒါ အသိမိတ်ဆွေ ဆွေမျိုးသားချင်းလဲ ဖြစ်နိုင်တာပဲ..၊ ဟဲ့ .. ဝင့်နီ"

အိသက် က ခပ်လှမ်းလှမ်းက ဝင့်နီ ကို လှမ်းခေါ်တော့ ဝင့်နီ က စာကျက်နေရာမှ ...

"ဘာလဲဟဲ့ .. မုန့်ဝယ်ကျွေးမလို့လား"

"အေး ကျွေးမယ်..၊ ခွေးအန်ဖတ်ကြော်"

ဝင့်နီ သူမတို့ဆီ လျှောက်လာရင်း အိသက် ကို မျက်စောင်းရိုက်ရင်း ဝင်ထိုင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါဦး"

"ဘာသီချင်းလဲ"

နေရီ နဲ့ ခင်မင်း က ရယ်သည်။

"နောက်မနေနဲ့ ..၊ ကဲ .. ဝင့်နီ နင်တို့တစ်ဖက်ရပ်ကွက်မှာနေတဲ့ လင်းယုန် အဲ .. လင်းချို ရဲ့အကြောင်း .."

ဝင့်နီ က ဇဝေဇဝါနှင့် ...

"ငါ့သူငယ်ချင်းတစ်ယောက်က အဲဒီရပ်ကွက်မှာ နေတယ်၊ တစ်ခါ စကားစပ်မိရင် .."

"ငရုတ်သီး လျှော့လေဟာ"

ဝင့်နီ အိသက်ကို မျက်စောင်းထိုးရင်း ပြောလက်စကားကို ဆက်ပြောပါတယ်။

နင်တို့ရပ်ကွက်မှာ လင်းချို နေတာလား မေးတော့ ..

"အေး ဟုတ်တယ်..၊ သူတစ်ယောက်တည်း နေတာတဲ့..၊ အလုပ်အကိုင်ကတော့ ဒါန တို့ဆီမှာ ဝပ်ရှော့အလုပ်သမားတဲ့"

ဝင့်နီ စကားကြောင့် ခင်မင်း ဇဝေဇဝါ ဖြစ်နေပါသည်။

"ဟုတ်လို့လားဟယ် "

နေရီ က စိတ်မရှည်လာတာကြောင့် ...





"ဘာလဲ နင်က မယုံဘူးလား ..၊ မယုံရင် နင့်ကိုကို လင်းယုန်ကို မေးကြည့်"

"သေလိုက်ပါလား..၊ ဒီကောင်ကိုများ"

အိသက် တို့က ခင်မင်း စိတ်ဆိုးပုံကြောင့် တမင် စနေပါသည်။

"ဟဲ့ .. ဒီကောင်က နင့်ကို ကြိုက်တယ်ဆိုရင်ရော .."

သူမ ကျိတ်ပြုံးမိလိုက်ပါသည်။

"သူ ချစ်မိရင် သူ နောင်တရသွားမှာပေါ့"

"ဘာဆိုင်လို့လဲ"

"တစ်နေ့ ဆိုင်လာတဲ့အခါ ရှင်းပြမယ်"

"ဘာတွေမှန်းလဲ မသိဘူး"

"နင်တို့ မသိတာပဲ ကောင်းတယ်"

ခင်မင်းစကားကြောင့် ဝင့်နီ နဲ့ သူမတို့နှစ်ယောက် ခေါင်းရှုပ်ကျန်ခဲ့တာပဲ အဖတ်တင်ခဲ့ပါသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"တောက်! .."

ခင်မင်း အတော်ကို ဒေါသဖြစ်မိပါသည်။ ဒီနေ့မှ ကျောင်းကို တစ်ဦးတည်းလာမိတာ မဟော မဟာ မဟာ အမှားတစ်ခုပါ။ ဘယ်သူ့ကို ဒေါသဖြစ်ရမှန်း မသိ။

ဒီနေ့မှ သူမကို ဖုန်းဆက်ဝင်မခေါ်တဲ့ ဟိုနှစ်ကောင် အိုသက်နဲ့ နေရီ ကိုပဲ ဒေါသထွက်ရမလား .. ဒါမှမဟုတ် ခပ်လှမ်းလှမ်းမှာ မယောင်မလည်နဲ့ စာအုပ်တစ်အုပ်နဲ့ စာတမ်းပြုစုနေတဲ့ ဟိုကောင် လင်းတဖုဂ် လင်းယုန်ကိုပဲ ဒေါသထွက်ရမလား..။

ပြီးတော့ .. သူမအနားမှာ လူမမာ အမဲခြောက်ဖုတ် တောင်းသလို ရည်းစားစကားကို ရှုပ်ပျစ်နေအောင်ပြောတဲ့ ဘယ်မေကျာက မှန်းမသိတဲ့ကောင်ကိုပဲ ဒေါသထွက်ရမလား မသိ..။



BURMESE CLASSIC .com



လုပ်ပုံကလည်း ကြည့်လက်ထဲက စာရွက်ကိုငုံ့ကြည့်ပြီး ရည်းစားစကားကို စပြောပါသည်။

"C.H.O.R.U.S (ကောရက်စ်) တကယ်ပြောတာပါ..၊ တကယ်ပြောတာပါ..၊ သူ ယုံအောင်လည်း ကိုယ်ညာနေတာ မဟုတ်ဘူး..၊ Solo (ဆိုလို) သကောင့်သားက စာရွက်ကို ပြောင်းပြန်လှန်ပြီး ..၊

တစ်ဖက်သို့ မှားဟာရှိရင် တောင်းပန်ပါတယ် .. Key ကီး F (အက်ဖ်) ဘာကြီးလဲ .. ဘာကြီးလဲ .. သောက်ကျိုးနဲ့ ဆောရီး ကိုယ်ကျိုးနည်း ကိုယ်တော့ ကိုယ်ကျိုးမနည်းချင်ဘူး ခင်မင်း ရယ်"

"တောက်! .. ရှင့်အသံ ရှင့်ပါးစပ် ပိတ်မလား ပပိတ်ဘူးလား ပြော .."

သူမ လုံးဝ သည်းမခံနိုင်တဲ့အဆုံး ဒေါသနှင့် ထိုသို့ ရည်းစားစကား လိုက်ပြောနေတဲ့ ပုဂ္ဂိုလ်ကို မျက်နှာချင်းလှည့် ရင်ဆိုင်တော့ ပုဂ္ဂိုလ်က ပါးစပ်လေးပိတ်ပြီး ...

"ဟုတ်ကဲ့ .. ကျွန်တော့်ပါးစပ်ကို ကျွန်တော် စတော့ (Stop) လိုက်ပါ့မယ်"

"တောက်! .."

"ဟိုလေ .. ဘယ်တော့ပြန်ပြီး ချစ်တယ်ဆိုတဲ့ စကားကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပလေး (Play )ရမလဲဟင်”

“ရှင့် အသုဘချမယ့်နေ့”

စိတ်တိုတိုနှင့်ပြောပြီး သူမထွက်လာခဲ့တော့ သကောင့်သား က တစ်ခုခုကို စဉ်းစားပြီး ကျန်ရစ်ခဲ့ပါသည်။

“ဘာ အဓိပ္ပာယ်နဲ့ ပြောသွားတာလဲ..၊ ဟာ .. အတော်ပဲ လင်းယုန် လာပါဦးကွာ”

လင်းယုန် က စာအုပ်ဖွင့်လျက်သား ကိုင်ရင်း လျှောက်လာပါ သည်။

“ဘာလဲ စိတ္တဇလေဝါ..၊ အဲ .. ဖလော်ကျောင်းသား မောင်ဝေ သာ”

ဖလော်က မောင်ဝေသာကလည်း အားကိုးတကြီး လင်းယုန် ကို မေးသည်။

“သတင်းကြီးတဲ့ မင်းတို့ရဲ့ မင်းသမီး”

“ဟာ .. ငါ့သမီးမှ မဟုတ်တာ”

မောင်ဝေသာ ခေါင်းကုတ်ရင်း ...

“ဘယ်သူ့သမီးလဲ မသိပါဘူး..၊ ထားကွာ .. ဟို .. ငါ ခင်မင်း ကို ချစ်တဲ့အကြောင်း ပြောတာ”



BURMESE CLASSIC .com



လင်းယုန် ကျိတ်ရယ်မိပါသည်။

ဝေသာက ဂေါက်မှ တကယ့်ဂေါက်၊ သတင်းက ရပြီးသား နွေ အခါမှာ ဇော်ကြီး ရေးပေးလိုက်တဲ့ သီချင်းစာအုပ်ပေါင်းစုံက မှုရင်း အတိုင်း ရေးသားထားတဲ့စာကို ပကတိအတိုင်း ဘာသာပြန်ပေး နေတာ သူလည်း အတိုင်းသား ကြားနေရတာပဲလေ..။

“ငါ့ကို ဘာပြန်ပြောသလဲဆိုတော့ ငါ အသုဘချတဲ့နေ့တဲ့၊ အဲဒါ ဘာပြောတာလဲ ဟင်”

မြေမြင်နေတာတောင် ကြိုးလားမေးနေတဲ့ မျက်မမြင်ပုဏ္ဏား ခြောက်ယောက်ရဲ့ လင်ပါသားဖြစ်ပုံရတဲ့ မောင်ဝေသာကြောင့် သူ လည်းအဆင်းမှာ ဂီယာထိုးပြီး စက်နှိုးပေးလိုက်ပါသည်။

“ရှင်းနေတာပဲ မောင်ဝေသာရယ် ..၊ မင်းကို တစ်ဖက်လှည့် နဲ့ အဖြေပေးမယ့်ရက်ကို ညဏ်စမ်းလိုက်တာ၊ ခင်မင်းဖြူ က ဆရာ တာရာမင်းဝေ တို့ စာရေးဆရာ လူနေ၊ သိုးဆောင်းတို့ မိုးကျော်သူ တို့ ဖတ်တာ..”

“အင်း .. မိုးကျော်သူ ဆိုတာ သိုင်းစာအုပ်ရေးတာပဲဟာ”

“ဟင် .. ဟုတ်လား ..၊ အဲ .. ဟို သူ ဖတ်တာကို ပြောတာပါ”

မောင်ဝေသာက ဖလော်ကျောင်းသားကို ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို .. သူက အဲဒီစာရေးဆရာတွေကို လိုက်ဖတ်တယ်၊ ငါလဲ စာရေးရင် ကောင်းမယ်"

ဒီလောက်အထိ အတွေးပေါက်နေတဲ့ မောင်ဝေသာကြောင့် ...

"နောက်မှရေးပါ ..၊ အေးကွ .. မင်းရုပ်ကလဲ စာရေးဆရာယုတ် ဆရာယုတ် .. ဆရာသမားယုတ် စစ်စစ်"

ဒီလောက် ပိုးစိုးပက်စက် ပြောခါမှ မောင်ဝေသာ လည်ပင်းက ကော်လံကိုထောင်ကာ သဘောတွေကျနေပါသည်။

"ကဲ .. ဘာမှ အပိုတွေးမနေနဲ့ ..၊ မင်းကို ဟိုက ညဏ်စမ်းလိုက်တာ ..၊ အဲဒါဘာဆိုတာ နာမ်အရ အဆိုတာက တစ် .. သူက ကြာသပတေး ခြောက် ..."

"ပြော် .. ခြောက်ဆိုတာ မတွေး မင်းဘူးဘက်ပေါ့"

ကျွန်တော် စိတ်မရှည်တော့ဘဲ ဝေသာ ရဲ့ ကြီးမားလှတဲ့ ခေါင်းကို တစ်ချက်ခေါက်ရင်း ...

"အဲလောက်ကုံးရလား ခြောက်ဆိုတာ ဂဏန်းနံပါတ်ခြောက်. အင်္ဂလိပ်လို စစ် .. သိပြီလား"

"ဟုတ် .. ဟုတ်ကဲ့"

မျက်နှာငယ်လေးနဲ့ ခေါင်းညိတ်တော့ ကျွန်တော် ဆက်ပြော





ရပါသည်။

"ဘ က နာမ်အရ ငါး .. ဒီတော့ တစ်ရယ် ခြောက်ရယ် ငါးရယ် ပေါင်းတော့ .."

ဝေသာ က ဝမ်းသာအားရနှင့် ...

"ဆယ့်ငါး .."

ကျွန်တော် လက်ဆစ်က ဝေသာ ခေါင်းကို ခေါက်ခနဲ ပြီးတော့...

"ဆယ့်နှစ် .. ဒီလောက်တောင် ပညာတော်ရလား ပရော်ဖက်ဆာ ခေါက်တာ ဝေသာ"

ဝေသာ က ရှုံ့မဲ့မဲ့နှင့် ...

"ငါက ဆယ်တာန်းကို သင်္ချာဂုဏ်ထူးနဲ့ အောင်လာတာ"

"တော်သေးတာပေါ့ကွာ..၊ မင်းကို ခင်မင်းဖြူ က ဆယ့်နှစ်ရက်နေ့ အဖြေပေးမယ်တဲ့ စောင့်နေ ..၊ ငါ သွားပြီ"

ဝေသာ က ဝမ်းသာအားရနှင့် ကျန်ခဲ့ပါတော့တယ်။

ကျွန်တော်က နုန ခင်မင်းဖြူ ထွက်သွားရာနောက်ကို အမှီပြေးလိုက်ရပါသည်။

"ဟော .. ရှေ့မှာ .. ဟင် နောက်တစ်ကောင်နဲ့ပါလား"

ဒုတိယမြောက် သူမနားမှာ ပလီပလာပြောနေသော နာမည်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးသမားတစ်ဦးရဲ့ အင်္ကျီကို ဝတ်ဆင်ထားပါတယ်။

"ခင်မင်း ရယ် .. ကိုယ့်ရဲ့ အချစ်တွေက ဘာစီလိုနာအသင်းလို အင်ပြည့်အားပြည့်နဲ့ မောင်းကြေးအသာနဲ့ လောင်းကြေးဖွင့်ရင် တောင် အပေါ်ကြေးနဲ့ အတော်လေး အဆင်ပြေမှာပါ ခင်မင်း အဖြူ"

ဩော် .. သိလိုက်ပြီ။

ကန်တဲင်းမှာ ဘောလုံးအကြောင်းကို အာပေါင်အာရင်းသန် သန်နှင့် ပြောတဲ့ကောင်..။ သူ့ကိုယ်သူ ရော်နယ်ချိုဆိုတဲ့ ပထဝီက အောင်ချို။

ပြောတော့ ဘောလုံးအကြောင်း ကော်ဘောလုံးတောင် ကောင်း ကောင်းမသိတဲ့ အကောင် သို့ပေမယ့် ...

"ခင်မင်းအဖြူ မင်းရဲ့ ဘေးနားမှာ မက်ဆီလို ကာကာလို ဖင်ပေါ် တဲ့ အဲ .. မဟုတ်ပါဘူး ထင်ပေါ်တဲ့ နာမည်ကျော်တွေ ရှိပေမယ့် ကိုယ့်လိုဖင်ပြား အဲ .. ထင်ရှား .."

"ဒီမှာ ကိုဖင်ပြား .. ရှင် ကျွန်မ လက်ဝါးနဲ့ ဖရီးကစ် ရိုက်ချက် ကို မြင်ဖူးချင်လား..၊ ပါးရဲ့ ဘယ်ဘက်ထောင့်ကို ရှင် အရိုက်ခံချင်လဲ"

စာအုပ်ထဲရေးမှတ်လိုက် နားထောင်လိုက်လုပ်နေတဲ့ ခပ်လှမ်း





လှမ်းက လင်းယုန်ကို ခင်မင်း မြင်တာကြောင့် ပို၍ ဒေါသထွက်လာ ပါသည်။

သူမရှေ့က ဘောလုံးရူးက ...

"ဟို .. ခင်မင်းအဖြူကလဲ အတော်ကြီးတာပဲ .. နာမည်၊ သွား တော့မယ်နော် .. အဟီး"

ထိုသကောင့်သား ထွက်သွားတော့ ခင်မင်းဖြူ မှုန်ကုပ်ကုပ်နှင့် လင်းယုန် ရှေ့တည့်တည့်ကို လျှောက်လာပြီး ...

"ဒီမှာ .."

လင်းယုန် က ရိုးသားအေးဆေးတဲ့ မျက်နှာလေးနဲ့ ဟိုကြည့် ဒီကြည့်နေတော့ ...

"ရှင့်ကို ပြောနေတာ"

"ကျုပ်ကို .."

သူမ အဲဒီအပြောအဆို လုပ်ပုံတွေမို့ သောက်မြင်ကပ်တာပေါ့။

"တောက် .. ရှင် ဘာလုပ်နေတာလဲ"

"ကျွန်တော်က ဘာလုပ်နေလို့လဲ"

"ရှင်နော် .. ရှင်"

သူမ မျက်စောင်းထိုးတော့ လင်းယုန် က ပြုံးစိစိနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား မျက်စောင်းက မှုမှန်ရဲ့လား"

"ဘာ!..."

"ဖြည်းဖြည်း အော်ပါဗျာ ...၊ တော်ကြာ တစ်မျိုးထင်နေဦးမယ်"

နောက်တစ်ကြိမ် မျက်စောင်းထိုးတော့ ...

"အဲဒါ ပြောတာပေါ့..၊ မျက်စောင်းထိုးတာ မှုမှန်တဲ့ မျက်စောင်း၊ မှုမမှန်တဲ့ မျက်စောင်းရယ်လို့ နှစ်မျိုးရှိတယ်"

"ဘာမှမဆိုင်ဘူး"

လင်းယုန် သူမစကားကို ပြုံးစေ့စေ့နှင့် အခုလို ပြောပါသည်။

"မုန်းလို့ စိတ်ဆိုးလို့ ထိုးတဲ့မျက်စောင်း နောက်တစ်ခုက ချစ်လို့ အချစ်နဲ့ရိုက်ခတ်တဲ့ မျက်စောင်း ဘယ်လိုလဲဆိုတော့ Pala table (ပဲလဲတဗဲလ်)နှစ်လိုဖွယ် ရှိတာပေါ့"

သူမ လင်းယုန်စကားကြောင့် မျက်စောင်းထိုးရမလိုလို အိုးတို့အမ်းတမ်းကြီး ဖြစ်နေပါတယ်။

"ခင်ဗျား ထိုးချင်လဲ ထိုးပါ"

"ရှင်နော် .."

"ဪ .. တစ်လက်စတည်း ဒီစာအုပ်ထဲမှာ လက်မှတ်ထိုးပေးဖို့ ပြောတာပါ"





သူမ ကြောင်တောင်တောင်နဲ့ သူမရှေ့ကို ထိုးပေးတဲ့ စာအုပ်ကို ကြည့်ရင်း ...

"ဘာလုပ်ဖို့လဲ"

လင်းယုန်က ပုံမှန်အတိုင်းပါပဲ..။

"ဪ .. ခင်ဗျားကို ကျွန်တော်ချစ်ကြောင်း ခင်ဗျားလဲ ကျွန်တော့်ကို ပြန်ချစ်ကြောင်း အသိအမှတ်ပြု လက်မှတ်ရေးထိုးလှာ"

သူမ မျက်လုံးပြူးသွားပါတယ်။

"ဘယ်လို ရှင် .. ရှင်"

သူမ ဖြစ်ပျက်သွားတဲ့ ပုံစံကြောင့် လင်းယုန် ရယ်ရင်း ...

"ဟုတ်တယ်လေဗျာ .. ပြောနေရင် ရှုပ်နေဦးမယ်၊ မရှုပ်အောင် ရှင်းရှင်းလေး ရေးထားတဲ့ အချစ်သဝဏ်လွှာကို ခင်ဗျားက ကြိုက်သည်ဖြစ်ကြောင်း မကြိုက်သည်ဖြစ်ကြောင်း စာရေးပြီး လက်မှတ်ထိုးပေးပေါ့"

သူမ ပြုံးစေ့စေ့ဖြစ်သွားရင်း လင်းယုန် ကို မျက်ခနဲ ကြည့်မိပါသည်။ အကြည့်ဘဏ်တစ်ခုကလည်း မျက်ခနဲ ခေါင်းထောင်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ရည်းစားစကား ပြောဖူးလား"

လင်းယုန် က ယုံကြည်ချက်အပြည့်နှင့် ခေါင်းညိတ်ပြပါသည်။

"ဟာ .. ပြောဖူးတာပေါ့..၊ ဒီအရွယ်မှ မပြောဘူးရင် (ဆာ)တွဲ မရသလိုပဲ"

"ရှင် သူ့ကိုပြောတော့ .."

"သူက ငြိမ်ငြိမ်လေး နားထောင်နေတယ်..၊ ဒါပေမယ့် ပြုံးသလိုလို မဲ့သလိုလိုဆိုတော့ ကျွန်တော် ကသိကအောင့် ဖြစ်တာပေါ့"

"ဟုတ်လား ဘယ်သူ့ကိုလဲ"

"မိုနာလီဇာကိုလေ .. သူ့ပန်းချီကားရှေ့မှာ"

ခင်မင်းဖြူ ဟန်မဆောင်နိုင်စွာ ခစ်ခနဲရယ်တော့ လင်းယုန် က ပြုံးစေ့စေ့နှင့်ကြည့်သည်။ သူမ ရှက်ကိုးရှက်ကန်းနှင့် ရပ်ပြန်တည်လိုက်ရင်း ...

"ကဲပါ .. နောက်မနေနဲ့"

လင်းယုန် မျက်နှာချင်းဆိုင်အနေအထားမှ သူမကို ကျောပေးပြီး လှည့်လိုက်တော့ ...

"ဟောတော့ ဒါက ဘယ်လိုဖြစ်ရပြန်တာလဲ"





သူမစကားကြောင့် မျက်နှာချင်းဆိုင် အနေအထား ပြန်နေရင်း...

"ခင်ဗျားပဲ နောက်မှာ မနေနဲ့ဆို"

သူမ နှုတ်ခမ်းကိုက်မိသည်။ မျက်စောင်းတော့ မထိုးရဲ..။

"ဒီမှာ ကိုရွှေလင်းယုန်..၊ ကျွန်မက မိန်းကလေးလေ .. မိန်းကလေးဆိုတော့ ရည်းစားစကား အပြောခံချင်တာပေါ့..၊ ဘယ်လိုလဲဆိုတော့ ရည်းစားစကားဆိုတာ နုနုရွရွ လှလှပပလေး အပြောခံရမှ အဲဒီမိန်းကလေးက အဲဒီလိုပြောတဲ့လူကို စိတ်ဝင်တစားရှိမှာပေါ့"

"နုနုရွရွလေး အဲဒီလို"

သူမက နှုတ်ခမ်းတစ်ဖက်ကွေး ပြုံးပြမိရင်း ခေါင်းညိတ်တော့ လင်းယုန် က သူမမျက်ဝန်းကို စိုက်ကြည့်ရင်း လက်ဖျောက်တစ်ချက်တီးကာ ...

"အိုကေ .. သွားပြီ"

လင်းယုန် ထွက်သွားတော့မှ ခင်မင်း ဟက်ဟက်ပက်ပက် ရယ်ချမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်ရော .."

"ယဉ်ကျေးမှုက ကိုမျိုး ဆီတဲ့"

ဖော်ကြီး က ဒါန စကားကြောင့် ဘာမှဆက်မပြောတော့ အလိုက်သိနေတဲ့ စားပွဲထိုးလေးက ဒုတိယအကြိမ်မြောက် ရေနွေးအိုးကို လာချသည်။

သီလ က မတ်တတ်ထရပ်၍ လုံချည်ပြင်ဝတ်တော့ ...

"ဘာတွေ ဂနာမငြိမ်ဖြစ်နေတာလဲ သီလ"

"စာကြည့်တိုက်ဘက် သွားမလို့ လိုက်မလား"

"ဘာ!... ရေခဲတိုက် .. မင်းကွာ .."

ဖော်ကြီး စကားကြောင့် သီလ က ကျောပိုးအိတ်နှင့် ဒီကောင့်ခေါင်းကို ရိုက်ပြီး ထွက်လာခဲ့ပါသည်။





စာကြည့်တိုက်မှာ သီလ သုမှာထားတဲ့စာအုပ်ကို သွားသွားရှာတာ အကြိမ် မရေတွက်နိုင်တော့ စာကြည့်တိုက်က စာရေးမလေးကလဲ အကြိမ်ကြိမ် ခေါင်းခါပြသည်။

သီလ ပြောတဲ့စာအုပ်ကို ကောင်မလေးက မျက်စောင်းထိုးပြီး ခေါင်းခါပြတတ်တယ်။

စာအုပ်နာမည်က .. 'ရောမမြို့ က မိန်းမပျက်' တဲ့။ စာအုပ်မရလို့ ပြန်လှည့်လာရင်တော့ စိတ်ပျက်ရပါသည်။

အတွေးတွေ လွန်ကဲပြီး စိုးရိမ်ရေအမှတ်နှင့် လျှောက်လာရင်း...

"အမေ့!..."

"ဟာ .. ဆောရီး"

တစ်ယောက်ယောက်နဲ့ တိုက်မိလိုက်ပြီဆိုတာ သိလိုက်တာကြောင့် ကမန်းကတမ်း တောင်းပန်မိကာ သီလ သူနဲ့ တိုက်မိတဲ့ ကောင်မလေးကို ကြည့်တော့ ...

"သြော် .."

"ရှင်ကို .."

ဟိုအုပ်စုထဲက မဟိုဟာလေးမှန်း သီလ သိလိုက်သလို နေရီ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း လင်းယုန် ရဲ့အဖွဲ့ထဲက နာမည်ကျော် သီလ မှန်း သိလိုက်သည်။

သီလ က သူမလက်ထဲက ပြုတ်ကျသွားတဲ့ စာအုပ်တွေကို သူမနှင့်အတူ လိုက်ကောက်ပေးမိသည်။

နေရီ က သီလ တံတောင်ဆစ်နှင့် တိုက်မိလို့ နာကျင်နေတဲ့ သူမဗိုက်ကို ပွတ်နေရင်း စာအုပ်ကို ကောက်ယူတော့ သီလ က စာအုပ်တစ်အုပ်ကို ကောက်ကိုင်ကာ ...

"ဟာ .. ဒါ ကျွန်တော် ငှားမယ့်စာအုပ်ပဲ"

နေရီ က ဗိုက်ပွတ်ရင်း ...

"အင်း .. နှစ်လလောက်ရှိပြီ .. ဒုက္ခပါပဲ"

"ဗျာ!..."

နေရီက ဘာမှမသိ..။

သူမ ဒီစာအုပ်ကို ပို့ရမှာ နှစ်လရှိပြီလို့ ရိုးရိုးသားသား ပြောမိခြင်းရယ်ပါ..။

ဒါကို ကိုသီလ က ဘယ်လိုထင်သွားသည်မသိ မျက်လုံးအပြူးသားကြီးနှင့် ဗိုက်ပွတ်နေတဲ့ သူမကို ငေးကြည့်ရင်း ...

"သြော် .. ဒါဆို ခင်ဗျားက .."





"ကြည့်ကျက် ရှင်းရတော့မှာပေါ့"

သီလ သက်ပြင်းချမိသည်။ နေရီ ကို ငေးကြည့်ပြီး ဘာကို နှ ... ပြောမိမှန်း မသိ ..။

ခင်မင်းဖြူ အလှကြောင့် သိမ်ငယ်နေရတဲ့ ကြယ်လေးတစ်လုံး ဆိုပေမယ့် သူ့အလင်းနဲ့သူ လှပနေတာတော့ အမှန်ပါ။

"ခင်ဗျား သတ္တိကိုတော့ လေးစားပါတယ်"

နေရီက မတ်တတ်ထရပ်ရင်း ပြုံးသည်။

"ဒါပေမယ့် မစဉ်းစားသင့်တာတွေတော့ ခင်ဗျား မစဉ်းစားသင့်ဘူး"

နေရီ မျက်မှောင်ကုတ်သွားပါသည်။ သီလ သူမကို အားပေးအပြုံး ပြုံးပြလိုက်ရင်း ...

"ဒီအရပ်မှာ စိတ်ကို အလိုလိုက်မိလို့ မှားတတ်ကြတာ ခင်ဗျားယုံပြီ မဟုတ်လား"

နေရီ မျက်လုံးအဝိုင်းသား ပါးစပ်အဟောင်းသားနှင့်..၊ ကျော်ကောင် အကြောင်းကြောင်းက ဆက်ပြောနေပါသည်။

"ခင်ဗျား အိုဘီမင်တို့ ဖောလစ်အက်စ်တို့ မှန်မှန်သောက်ရတော့မယ်၊ ပြီးတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် .."

"အမယ်လေး .. ပလုတ်တုတ်"

နေရီ စိတ်မရှည်တော့ဘဲ ကြိုးအော်တော့ သီလ တကယ့်ကို လန့်သွားခဲ့တာပါ..။

"ရှင် ဘာတွေ ပြောနေတာလဲ"

"ဟာင် .. ခင်ဗျားပဲ ဟိုဟာ .."

ပြောလည်းပြော မူးကဲ်လုံးက ချပ်ချပ်ရပ်ရပ်နှင့်ရှိနေသော နေရီ့ ဝမ်းဗိုက်ဆီမှာ ..

"နှစ် .. နှစ်လဆို"

နေရီ အခုမှ သဘောပေါက်ကာ မျက်နှာရဲတက်သွားပြီး သူမ လက်ထဲက စာအုပ်နှင့်ခေါင်းကိုထုကာ ...

"ရှင် .. ရှင် အဲဒါ ဒီစာအုပ် ရက်လွန်နေတာ နှစ်လရှိပြီ ပြောတာ..၊ ဘယ်လိုလူမှန်း မသိဘူး"

ပြောလည်းပြော ရှက်ရှက်နှင့် ပြေးထွက်သွားတာကြောင့် သီလ ပါးစပ်အဟောင်းသားနှင့် ငေးကျန်ရစ်ခဲ့ပါသည်။





"ခင်မင်းဖြူ"

နောက်က ရုတ်တရက် ခေါ်လိုက်တာကြောင့် ခင်မင်းဖြူ လှည့်ကြည့်တော့ လင်းယုန်..။

လင်းယုန် လက်ထဲမှာ တုတ်ချောင်းတစ်ချောင်း လင်းယုန် က တုတ်ကို အပေါ်ကိုမြှောက်ပြီး ...

"စ မယ် နှုတ်ခွန်းဆက်တေး ဝမ်း တူး သရီး .. ဂိုး .."

လင်းယုန် အချက်ပေးလိုက်တာနဲ့ ...

လင်းယုန်နောက်က လူငယ်သုံးယောက်က လက်ထဲက တယောတွေကို စတီးပါသည်။

လင်းယုန်က သီချင်းလိုလို စကားပြောသလိုလို စတင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျော်ရွှင်ကာရယ် တို့မျိုးတစ်တွေ တောင်းဆုမတ္တာဝေ .. မာစေ သာစေ မာကြွစေ ခွန်းနှုတ် ဆက်ရပေ"

ရုတ်တရက် အပြုအမူကြောင့် ခင်မင်းဖြူ ကြောင်တောင်တောင်နှင့် ကြည့်မိနေသလို ...

သွားလာနေတဲ့ ကျောင်းသားကျောင်းသူတွေက ပြုံးစေ့စေ့နှင့် ဝိုင်းအုံကြည့်ကြပါသည်။

လင်းယုန်တို့အဖွဲ့က လုံးဝကို ဂရုမစိုက်ဟန် ...

"ပျော်ရွှင်ကာရယ် တို့မျိုးတစ်တွေ"

"လင်းယုန် .."

ခင်မင်းဖြူ ရှက်ရှက်နှင့် အော်လိုက်တော့ ဝိုင်းက အရှိန်ပျက်သွားပါသည်။

ခင်မင်းဖြူ ရှက်ရှက်နှင့် ဟိုကုတ်ဒီကုတ်နှင့် အုံလာတဲ့လူတွေကို ကြည့်ပြီး လင်းယုန် ကို ပြောသည်။

"ရှင် ဘာတွေ လုပ်နေတာလဲ ..၊ မရှက်ဘူးလား"

လင်းယုန် က ခပ်တည်တည်နှင့် ခေါင်းခါပြပြီး သူ့လူသုံးယောက်ကို လှည့်ပြောသည်။

"တွေ့လား ငါပြောပါတယ်..၊ ကျော်ကြားတဲ့ အနုပညာသမား





တစ်ယောက်ဖြစ်ဖို့ အရှက်မရှိရဘူး..၊ အခုလို ပွဲလယ်တင့်ရမယ်ဆိုတာ"

"ဟုတ်တယ် တို့နှစ်ယောက်ကို စင်တင်ပေးတဲ့ မင်းကို ကျေးဇူးပဲ လင်းယုန်"

သူ့လူနဲ့ သူကတော့ ဟုတ်နေပါသည်။

"ဟဲ့!.. နင် ဘာတွေ လုပ်နေတာလဲ"

တယောသမားတွေကလည်း သူမစကားအတိုင်း လိုက်တီးတော့ ရယ်သံတွေ ကြားရပါသည်။

ကိုရွှေလင်းယုန် ကတော့ အပြုံးမပျက် ..။

"နင်ပဲ အချစ်စကားကို .."

တယောက လိုက်တီးတော့ လင်းယုန် တွန့်သွားသည်။

"နနရှရှ လုလုပပ"

တယောသံကလည်း ထက်ကြပ်မကွာ ..။

"ပြောဆိုလို့ အခုလို စီစဉ်လိုက်တာပါ ..၊ ခုန နှုတ်ခွန်းဆက်.."

တယောက လိုက်တီးနေတော့ လင်းယုန် သူ့လက်ထဲက ဘုတ်နဲ့ ရပ်ဖို့ အချက်ပြသည်။

ပြီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ခုန နှုတ်ခွန်းဆက်တေး ဆိုပြီးပြီဆိုတော့ အခု ရည်းစားစကားကို တယောနဲ့ စပြောရတော့မယ် .. ဘော်ဒါတို့ ဟိုသီချင်း အချစ်ဘယ်ကာစ"

"အိုကေ"

သူလူသုံးယောက်က တယောပေါ် ပါးအပ်ပြီးပြီ ..။

"နေ .. နေပါဦး"

တယောသံတွေက ထက်ကြပ်မကွာ လိုက်လာတော့ ရယ်သံတွေ ဆူညံသွားပါသည်။

"လင်းယုန် .. ရပါပြီဟယ် ..၊ ဒီလောက်ဆို"

"ငါမှ ရည်းစားစကား မပြောရသေးတာ"

တယောသံတွေနှင့် ရယ်သံတွေ ကြားမိရင်း သူမ အရှက်ကွဲရမယ့်ကိန်းဆိုတာ သဘောပေါက်လာပါသည်။

"အေးပါဟယ် ..၊ ပြောပြီးပြီလို့ သဘောထားလိုက်"

"ဟာ .. ပြောမှမပြောရသေးတာ"

"ငါ့စိတ်ထဲမှာ ပြောပြီးပြီလို့ ထင်လိုက်ပြီလေ"

"နင် သဘောတူတယ်ပေါ့"

သူမလည်း ပြီးပြီရောမို့ ...





"အေး."

"ဟာ .. ဝမ်းသာလိုက်တာဟာ ..၊ လင်းယုန် အချစ်ကို လက်ခံလိုက်ပြီတဲ့ဟေ့"

သူမ မျက်လုံးဝိုင်းသွားပါသည်။

"မဟုတ်ဘူး ငါ .."

ကိုယ်တော်ချောက သူမကို လှည့်၍ပင် မကြည့်တော့..။

သူလူတွေကို အတင်းခေါ်ပြီး ထွက်သွားပါသည်။

ကျောင်းသူကျောင်းသားတွေကတော့ အခုလို ရည်းစားစကားပြောတာကို မမြင်ဘူးတာမို့ တဟားဟားနှင့် သဘောကျနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com





♥ အချစ်ကို ရှိုလိုက်ကတည်းက
အမြီးဖြတ်ပြီး လူ့ဘဝရောက်သွားပြီလို့
ကိုယ့်ကိုယ်ကို အထင်ကြီးမိတဲ့ မျောက်လိုပဲ
ဘောင်းဘီလည်း မဝတ်မိ
လုံချည်လည်း မဝတ်တတ်
ငါ့ရဲ့ လူအ မလေးရေ ...
ကားလမ်းဖြတ်သလို ဘီးကြိတ်ခံလာလို့
ငါ့အတွက် လက်ကို ကမ်းလှည့်ပါ..။







"နင့်ရဲ့ သတင်းကတော့ ဟိုးလေးတကြော်ကြော်ပဲ ခင်မင်းရယ် .."

အိသက် က အတန်းထဲ ဝင်လာလာချင်း အပြင်က ကြားလာတဲ့ သတင်းကို ပြောဖို့တာစူတော့ နေရီ၊ ခင်မိုးဆွေ နဲ့ အိအိဝင်း တို့က ရယ်ကြပါသည်။

"မပြောနဲ့တော့ အိသက် ရေ ဒီကျောင်းဝင်းထဲမှာ နှစ်ထောင့်ငယ့်တစ်ရဲ့ ပေါ်ပြူလာ အဖြစ်ဆုံးသတင်းက အဲဒီသတင်းပဲ..။ မယုံကြည်နိုင်ခြင်း၊ လှည့်စားခြင်းနှင့် အငိုက်မိခြင်း ပေါင်းစပ်ထားသည့်သတင်းပဲ .."

အိအိဝင်း စကားကြောင့် သွေးအေးသွားမှ သူမ ရှက်လည်း ရှက် မခံရိုးမခံသာ ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်စုတ် ငါ့ကို လှလည်လုပ်သွားတာ"

နေရီ က ရယ်ရလွန်းလို့ မျက်ရည်စို့နေတာကို သုတ်ရင်း ...

"ဘာပဲဖြစ်ဖြစ် နှင် သူ့အချစ်ကို လက်ခံလိုက်တယ်ဆိုတာ တစ်ကျောင်းလုံး လူသိရှင်ကြား သိလိုက်ကြပြီလေ"

ခင်မင်း နေရီ့ ကို မျက်စောင်းထိုးတော့ ...

"ဟဲ့ .. လင်းယုန် ကို မနိုင်တိုင်း ငါတို့ကို လာရန်မစွာနဲ့ နော့ အိသက် ရယ် .."

အိသက် တို့က ပြုံးစေ့စေ့ ..။ ခင်မိုးဆွေ က ခင်မင်းဖြူ ကို မေးပါသည်။

"နှင် တကယ်ပဲ သူ့အချစ်ကို လက်ခံလိုက်ပြီပေါ့"

"ဟို .. ငါ .."

ဘာပြောရမှန်း မသိတော့ ဟိုလိုလို ဒီလိုလိုဖြစ်နေသော သူမကို ဝိုင်းရယ်ကြပြန်သည်။ သူမ တွေးမိရင်း လင်းယုန် လှလည်ကျသွားတာကို မခံရှိ မခံသာ ဖြစ်နေပါသည်။

"ဒီကောင် ငါ့ကို လှလည်လုပ်သွားတာ တွေ့မယ်"

"ဘာလဲ သူ့နှာခေါင်းနဲ့ နင့်ပါး တွေ့မှာလား"

"ဟဲ့ .. အယုတ်တမာမ"





သူမ နေရီ့ ခါးကို ဆွဲလိမ်တော့ နေရီ က အော်သည်။

အဲဒီ ပြဿနာက မပြီးသေးပါ။ တစ်ယောက်ပြီးတစ်ယောက် လာမေးကြခြင်းပါ။ နွေအခါကို သူမတို့အုပ်စု ထွက်လာတော့ လမ်းမှာ စိုးတင့် နှင့် တွေ့တော့လည်း ...

"ခင်မင်းဖြူ ဘယ်လိုလုပ်လိုက်တာလဲ..၊ ကိုယ့်အလုံးတွေ ကွဲပါပြီ"

"ဟဲ့!..."

မိန်းကလေးတွေ အလန့်တကြားနှင့် ထအော်တော့ စိုးတင့် မျက်နှာငယ်လေးနှင့် ...

"အသဲနှလုံးပါ ခင်မင်း ရယ်..၊ မင်းက မိုးပေါ်မှာပျံတဲ့ သိမ်းငှက်နဲ့ .."

"လင်း .. ယုန်"

နေရီ က အမှားပြင်ဆင်ချက်ပေးတော့ မိုးတင့် က နေရီ ကို မျက်စောင်းထိုးရင်း ...

"ငါ သိပါတယ် လျှာမရှည်နဲ့"

"အောင်မယ် ဂျပုက.. လျှာရှည်တာက နင်..၊ အရှည်သလောက် လျှာက တစ်တောင်လောက် ရှိတယ်၊ အတင်းလည်း ပြောမှပြော..၊



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားရရင်တော့ မေ့ကြည့်ရမယ့်ကောင် ..”

“ငါ့ဘာသာ ပုတာ နှင့်အပူပါလား”

“ပါတယ် နှင့်လို လက်ညှိုးလောက်ရှိတဲ့ ..”

“ဟဲ့ .. နေရီ”

“လျှာ .. လျှာ နှာခေါင်းတိုတို နားရွက်သေးသေးနဲ့ နှင့်လို အီးတီရုပ်နဲ့ ပီပီမှတ်ရမယ့်ကောင်ကို ခင်မင်း မပြောနဲ့ ငါတောင် မကြိုက်ဘူး၊ သွားမယ် .. ခင်မင်း”

နေရီ ရဲ့ အလဲထိုးသိုင်းကွက်ကြောင့် စိုးတင့် ပွဲလယ်မတင့်ဘဲ ပွစိပွစိနှင့် ကျန်ရစ်ခဲ့ပါသည်။ နွေအခါရောက်တော့ အသေအချာ ရောက်နေသူက ကိုရွှေလင်းယုန် တို့ အုပ်စု ...

“လင်းယုန် ရေ မင်းရဲ့ အချစ်ရင်ခုန်သံလေး လာပြီ”

တစ်ယောက်ယောက်အသံကြောင့် သူမမျက်နှာ ရဲတက်သွားသလို နေရီ တို့က ပြုံးစေ့စေ့ ..။ လင်းယုန် က သွားအဖြီးသားနှင့် ကြိုဆိုပါတယ်။

“အသည်း လာ .. ဘာစားမလဲ..၊ ဘာသောက်မလဲ..၊ အရက် မသောက်ရဘူးနော်”

ပြောလည်းပြော လူက သူမတို့ဝိုင်းမှာ ဝင်ထိုင်နေပါသည်။





ပြီးတော့ သူ့လူတွေကလည်း ဟိုလိုလို ဒီလိုလိုနှင့် ဟိုကြား ဒီကြားတိုးနဲ့ ဝင်ရောလာပါသည်။

“စားပြီးပြီလား .. အေးဗျာ ဒီနေ့ မိုးရွာတယ်၊ ဒါနဲ့ ဟိုတစ်နေ့က ဓာတ်လမ်းတွဲ ကြည့်ပြီးပြီလား”

အိသက် ကလည်း ဒါန စကားကြောင့် ...

“ဒါန ဆိုတော့ ရှင့်ညီမက ဓားမ ဖြစ်မယ်၊ အဟော်အိုက်တယ် နော်..၊ ဩော် .. မေ့နေတာ မိတ်ဆက်ပေးရဦးမယ်၊ လက်မပါကြေး နော် .. ဒီဘက်က ခင်မိုးဆွေ သူက အိအိဝင်း၊ ခင်မင်း ကတော့ ရှင် တို့ သိပါတယ် .. သူ့နာမည်က ..”

“နှစ်လ”

သီလ ရဲ့ ပြုံးစေ့စေ့ စကားကြောင့် ဘေးချင်းကပ် ထိုင်နေတဲ့ နေရီ က သီလ ရဲ့နားရွက်ကို ဆွဲလိမ်ပါသည်။

ခင်မင်း က မျက်လုံး အဝိုင်းသားနှင့် ..

“ဟဲ့ .. ဘာ နှစ်လလဲ”

“ဒီလိုဗျ ..”

“သီလ .. နင်နော် ..”

“ဟီဟိ .. လူစုံတုန်း ဖောက်သည်ချရမယ်”



www.burmeseclassic.com

www.burmeseclassic.com



နေရီ ဘယ်လိုပဲတားတား သီလ က အာပေါင်အာရင်းသန်သန်နှင့် ပြောပြတော့ ဘေးဝိုင်းကပါ တဟားဟား..။

နေရီ မျက်နှာကြီး နီရဲနေပါသည်။

"နေရီ ရယ် .. နင်မို့လို့ ကျားရှေ့ မှောက်လျက် လဲရတယ်လို့.."

သီလက မျက်နှာပိုး မသေ..။

"ငါ ထင်ပါတယ်..၊ ဗိုက်က ချပ်ချပ်ရပ်ရပ်လေးပါ"

"သီလ နင့်ပါးစပ်ကြီးကို ပိတ်မလား .. မပိတ်ဘူးလား"

နေရီ မျက်နှာ စူပုတ်နေပါသည်။ လင်းယုန် က သူ့ဘေးက ခင်မင်း ကို လက်ဖက်ရည်ဇွန်းနှင့် ခပ်ပြီး ...

"အသည်းလေး ပါးစပ် ဟ"

ရယ်သံတွေ ကြားရပေမယ့် ခင်မင်း ကျိတ်ပြုံးရင်း ပါးစပ်ဟပေးလိုက်တော့ လင်းယုန် ခွံ့တိုက်လိုက်ပါသည်။

ရယ်သံတွေနှင့် ဆူညံနေတဲ့ ပွဲ..။

"ကဲ .. ဒီတစ်ခါ အသည်းအလှည့် .. ဟ"

ခင်မင်းဖြူ ငေါ့တော့တော့လေသံနှင့် မှာထားတဲ့ အကြော်သုပ်ကို ရေတပ်သီးစိမ်းတစ်တောင့် အသာဖုံးရင်း ခွံ့ပေးလိုက်တော့ ...





"ဟိ .. ဟိ ပျော်စရာကြီး"

လင်းယုန် ပါးစပ်ဟပေးတော့ ခင်မင်းဖြူ က ခွံ့သည်။

"ကောင်းတယ် .. အရသာကို ရှိနေတာပဲ .. အင်!..."

ပလုတ်ပလောင်းနှင့် ဝါးရင်း လင်းယုန် မျက်လုံးပြူးသွားပါသည်။ ပြီးတော့ ချွေးသီးချွေးပေါက်တွေ ...

"လင်းယုန် ဒီတစ်ခါတော့ ခင်မင်း ရဲ့ အချစ်တိုက်ကွက်မှာ မင်း ခံလိုက်ရပြီ"

ဇော်ကြီး စကားကြောင့် လင်းယုန် ခပ်ပြုံးပြုံးနှင့် ကျိတ်ဝါးနေမိပါသည်။ ခင်မင်းက ထပြီး တစ်ရှူးသွားဝယ်ပါသည်။

ပြီးတော့ ခုံမှာပြန်အထိုင် လင်းယုန်က ဆတ်ခနဲ ခုံကို ဆွဲယူလိုက်တော့ ခင်မင်း မြေပြင်ပေါ် ဖင်ထိုင်လျက် လဲကျတော့ ရယ်သံတွေ ညံထွက်လာပါသည်။ ခင်မင်း နာကျင်သွားပေမယ့် အပြုံးမပျက် ခင်မိုးဆွေ က နှာ ရှည်ညှစ်ရင်း ...

"ဒီလို သမီးရည်းစားမျိုးကတော့ ငါ မတွေ့ဘူးပါဘူးဟယ်..၊ ဟို ရုပ်ရှင်ထဲကလို ဖြစ်နေပြီ"

"နင်ပြောတာ မစ္စတာအန် မစ္စတာစမစ်လား.. ဘရပ်ပစ်နဲ့ ဂျိုလီလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ စကားကြောင့် သီလ က အခုလို ပြောပါသည်။

"သူတို့က ဘရပ်လင်းနဲ့ ဂျူဖြူ"

လင်းယုန် က ရယ်ကျဲကျဲနှင့် ...

"ငါတို့အချစ်က ရင့်ကျက်မာကျောကြောင်းပြတာ ဟုတ်တယ်နော် ခင်မင်း"

"ဒါပေါ့ အသည်းရယ်၊ ကဲ .. ဒီဝိုင်းကို နင် ရှင်းလိုက်.၊ ကဲ .. သွားကြမယ်"

ပြောလည်းပြော ထရပ်တော့ သူ့လူတွေကပါ အလိုက်သင့် လင်းယုန် က ...

"ရတယ် အသည်း သွား .. မနက်ဖြန်ကျမှ တွေ့မယ်နော်"

ခင်မင်းဖြူ က ခေါင်းညိတ်ပြပါသည်။ အပြင်ရောက်တော့ အိသက် က ...

"နင် တကယ် အဖြေပေးလိုက်တာပေါ့"

"အင်း .."

"နင်တို့က ချစ်သူတွေသာ ပြောတယ်.၊ တစ်ယောက်ကို တစ်ယောက် ဘယ်လိုနှိပ်ကွပ်ရမလဲ ချောင်းနေကြတာ ဘာသဘောလဲ.."





အိသက် အမေးကို အားလုံးကလည်း သိချင်နေပါသည်။

"ငါတို့နှစ်ယောက်က အချစ်မျက်နှာဖုံးစွပ်ထားတဲ့ ရန်သူတွေလေ..၊ သူဦးသူဆော် ကိုယ်ဦး ကိုယ်ဆော်ပေါ့"

"အံ့ပါရဲ့ ခင်မင်းဖြူ ရယ် .."

သူတို့လိုပဲ လင်းယုန် ကို ဇော်ကြီး တို့ကလည်း မေးနေပါသည်။

"နေပါဦး ..၊ မင်းတို့က တကယ့်ချစ်သူတွေလား"

"အင်း .. ချစ်ကြတာပေါ့..၊ တောင်ကိုးရိုးယားနဲ့ မြောက်ကိုးရီးယားလိုလေ"

လင်းယုန် စကားကြောင့် အားလုံး တဟားဟား ...

သူတို့အချစ်က စစ်အေးတိုက်ပွဲတစ်ခုလို .. တစ်ယောက်ကို တစ်ယောက် လက်ပစ်ဗုံးလို စနက်တံဖြုတ်ရင်း ရင်ချင်းအပ်ထားကြသူလို ..။

အချိန်မရွေး ပေါက်ကွဲနိုင်ခွင့် ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲက သူငယ်ချင်းတွေက ပျော်ပွဲစားတစ်နေရာ သွားကြမယ်ဆိုတော့ အိအိဝင်း က ...

"ဟဲ့ .. လင်းယုန် တို့ကို ခေါ် လိုက်ပါလား.၊ သူတို့ပါရင် ပျော်စရာကောင်းမှာ"

"ဟုတ်တယ် ဟ ..၊ ခင်မင်း ခေါ် လိုက်ပါဟာ"

အိသက် ရဲ့ ထောက်ခံစကားကြောင့် ခင်မင်း ကျိတ်ပြုံးမိပါသည်။

"အင်း .. ငါ့အသည်းလေးကို ခေါ် ရမှာပေါ့"

ခင်မင်း ရဲ့ မျက်နှာထားကို နေရီ အကဲခတ်မိကာ ...

"အင်း နင် တစ်ခုခု ဒုက္ခပေးမလို့မှတ်လား ခင်မင်း"

"ဟီ ... ဟီ"





ခင်မင်း ရယ်ပုံကြောင့် ခင်မိုးဆွေ က နှာခေါင်းရှုံ့ရင်း ...

"ကြည့်လည်း လုပ်နော်..၊ အစာစားရင်း လေးသံလေးလဲ ဂရုစိုက်"

"စိတ်ချပါ ဟာ"

အတန်းပြီးတော့ နေ့လယ်စာစားဖို့ ကင်တဲန်းရောက်တော့ ပျော်ပွဲစားကိစ္စ ပြောပြတော့ ...

"ဟာ .. လိုက်မှာပေါ့ .. ဘယ်နေ့လဲ"

"လာမယ့် စနေနေ့"

နေရီ အဖြေကြောင့် သီလ က စဉ်းစားရင်း ...

"ဒီနေ့ ဘယ်နှစ်ရက်လဲ"

"ဆယ့်ခြောက်ရက်လေ"

"နေရီ ဘယ်နှစ်လလဲ"

"ခုနစ်လ"

"အော် ... ရင့်နေပြီပဲ"

နေရီ က ပထမ သဘောမပေါက်..။

ပထမဦးဆုံး သဘောပေါက်သူက ပါးစပ်ပိတ်ပြီး တခွီးခွီးနဲ့ ကျိတ်ရယ်နေတဲ့ ခင်မိုးဆွေ ..၊ နောက်မှ ဝါးခနဲ ရယ်ကြတော့ နေရီ



www.burmeseclassic.com

www.burmeseclassic.com



ရှက်ကိုးရှက်ကန်းနှင့် သီလ ကျောကို ထုပါတော့သည်။

"စုရပ်က ဘယ်မှာလဲ .."

ခင်မင်း လင်းယုန် စကားကြောင့် စဉ်းစားရင်း ...

"ဒီလိုလုပ် နင်တို့က နေရီ တို့နဲ့ နီးတော့ မနက်ကိုးနာရီ နေရီ တို့ လမ်းထိပ်ကစောင့်နေ ...၊ ကား လာကြိုလိမ့်မယ်"

"အိုကေ"

လင်းယုန် ခေါင်းညိတ်ပြရင်း ထ,ရပ်ကာ ဆေးလိပ်မီးသွားညှိသည်။

ပြန်လျှောက်လာပြီး ခုံကို သတိနဲ့ထိုင်တော့ ခင်မင်း က ရယ်ရင်း ...

"ဟား .. ဟား နင့်အလှည့်ကျတော့ နင် ကြောက်တတ်ပါလား လင်းယုန် ရယ် .."

"ငါတို့အချစ်က ကြိုးစားလေ့ကျင့် သတိရှိရမယ့် အချစ်လေ"

လင်းယုန် စကားကြောင့် ခင်မင်း မျက်စောင်းလဲ့လဲ့ထိုးရင်း...

"ခွေးကောင် သူ့အလှည့်ကျတော့ သိတတ်သားပဲ..၊ ကဲ ငါတို့ အစာန်းပြန်တက်ရဦးမယ်..၊ လင်းယုန် တို့ အတန်းတက်ရဲ့လား၊ စာမေးပွဲနီးနေပြီနော် .. ကြည့်လိုက်ရင် ကန်တင်းမှာချည်းပဲ"





"စေတနာတွေ .. စေတနာတွေ .."

ဒါန စကားကြောင့် ခင်မင်း က ဒါန ကို လှမ်းရိုက်ပါသည်။

"တက်ပါတယ်ဟာ..၊ ခဏနေရင် အတန်းပြန်တော့မှာ..၊ ဟဲ့ ဒီနေ့ ငါ့ကို ဒုက္ခမပေးသွားပါလား"

လင်းယုန် စကားကြောင့် ရယ်နေကြပါသည်။

ခင်မင်း က ပြုံးရင်း ...

"ဒီနေ့ ငါ စိတ်ကြည်လင်နေလို့ နေမှာပေါ့..၊ ကဲ သွားပြီ..၊ မနက်ဖြန်မှ တွေ့မယ်"

"အေး .. ကောင်းကောင်းသွားနော် အသည်း"

ခင်မင်း က ခေါင်းညိတ်ပြပါသည်။ နေရီ ကို သီလ က လှမ်းပြောပါသည်။

"နေရီ ဆေးမှန်မှန်သောက်နော်..၊ အပူအစပ် မစားနဲ့"

"သေနာ .. ခွေးစုတ်"

သူတို့ ရယ်မိကြရင်း လင်းယုန် က ...

"ကဲ .. ပိုက်ဆံရှင်းမယ်ဟေ့ .. ဘယ်လောက်လဲ"

စားပွဲထိုးလေးက လင်းယုန် တို့ဝိုင်းကို ပြေးလာကာ စားထားသမျှကို တွက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းယုန် က လက်ကျန် လက်ဖက်ရည်ကို အပြတ်ရှင်းတော့...

"ဖွီး .."

လင်းယုန် ပါးစပ်ထဲက လက်ဖက်ရည်တွေ ပြန်ထွက်သွားသလို လင်းယုန် မျက်နှာက ရှုံ့မဲ့သွားရင်း အသင့်တွေ့ရတဲ့ ရေနွေးကို အမြန်သောက်တော့ ...

"ထွီး .. ဖွီး"

အဲဒီ ရေနွေးကလည်း ငန်ကျွတ်နေပါသည်။

ဟိုကောင်တွေက တဟားဟား ..။

ဇော်ကြီး က သီးမတတ်ရယ်ရင်း ...

"မင်း ဆေးလိပ်သွားညှိကတည်းက ခင်မင်း က သူ့အိတ်ထဲက ဆားထည့်ထားတဲ့ ဘူးကိုထုတ်ပြီး မင်းလက်ဖက်ရည်ထဲ ထည့်ပြီးပြီ..၊

မင်း ငန်လို့ ရေနွေးသောက်မှာ သိလို့ ရေနွေး အသင့်ငှဲပြီး ရေနွေးထဲ ဆားထည့်ထားတာ၊ မင်း ဒီတစ်ခါတော့ ခံလိုက်ရပြီ ဟေ့ကောင်"

ဒါန က စပ်ဖြဲဖြဲနှင့် ...





"မင်းတို့နှစ်ယောက်က လိုက်လည်း လိုက်ပါ့ကွာ..၊ တစ်ယောက်ကိုတစ်ယောက် ခုက္ခပေးဖို့ ကျောင်းတက်တာတောင် ဆားဘူးကို အသင့် ဆောင်ရတယ်လို့ ..၊ နောက်တစ်ခါ စစ်ကျောပိုးအိတ်နဲ့ ကျောင်းတက် .. သေနတ်တို့ လက်ပစ်ဗုံးတို့ အသင့် ဆောင်ထား"

"ဂန်းနှာမ .. လုပ်ထားဦးပေါ့ကွာ..၊ သွားမယ်"

"အစ်ကို ပိုက်ဆံရှင်းခဲ့ဦးလေ".

ဒေါ်သကြောင့် ပိုက်ဆံမရှင်းဘဲ ထွက်မယ်လုပ်တော့ စားပွဲထိုးလေးက အတင်းဆွဲထားပါသည်။

"မမှလို့ပါကွာ ...၊ ဘယ်လောက်လဲ"

"ထောင့်နှစ်ရာ"

"ရော့ .."

ပိုက်ဆံရှင်းပြီး တရှူးရှူးနဲ့ ရှေ့ကထွက်လာသောတော့ ဟိုကောင်တွေက အရယ်မရပ်သေး..၊ လုပ်ထားဦးပေါ့ အချစ်လေးရယ်..။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ပြင်ဆင်လိုက်ပါဦးမယ်..၊ ဆယ့်တစ်နာရီဆယ့်ငါးဆို အားလုံး ဂိမ်းကစားကြဖို့နဲ့ စားသောက်ကြဖို့ ပြန်လာကြပါ..၊ သွားနိုင်ပါပြီ"

ပန်းခြံထဲကိုရောက်ပြီး သိပ်မကြာတော့ ပွဲစီစဉ်သူ ကိုကိုလွင်က အခုလိုပြောခြင်း ဖြစ်ပါတယ်။

"လမ်းလျှောက်ရအောင်ဟာ"

"သွားလေ .."

နေရီ တို့ အုပ်စုကြီးက ရေခဲမုန့်ဆိုင်ဆိုပြီး ရှေ့က ထွက်သွားပါသည်။

ပန်းခြံထဲက ကတ္တရာလမ်းလေးအတိုင်း နှစ်ယောက်အတူ လျှောက်လာပါသည်။





"ခင်မင်း .."

"ဟာင် .."

ပတ်ဝန်းကျင်ရဲ့ ငြိမ်းချမ်းတဲ့ ထိတွေ့မှုနှင့် အလှတရားကို ငေးကြည့်လိုက်ပါလာရင်း လင်းယုန် ခေါ်သံကြောင့် သူမ ပြန်ထူးတော့ ...

"နင့်ကို ငါ ချစ်တာ နင် တကယ်ယုံနော်"

"အမ် .."

မထင်မှတ်တဲ့ စကားတစ်ခွန်းကြောင့် ခင်မင်း ကြောင်တက်တက်ဖြစ်သွားသလို ရင်ထဲမှာလည်း ဒိတ်ခနဲ ..။

ပြီးတော့ သူမ အလန့်တကြား လှည့်ကြည့်တော့ လင်းယုန်က အဝေးကို ငေးကြည့်နေပါတယ်..။

"အလို .. ထူးထူးဆန်းဆန်းပါလား အင်"

သူမ မျက်နှာ ပြုံးစေ့စေ့ ဖြစ်သွားပါတယ်။

ပြီးတော့ ...

"ယုံပါတယ် ဟာ .. ငါလည်း နင့်ကို .."

လင်းယုန် ကတ္တရာလမ်းကို ငေးစိုက်ကြည့်ရင်း လျှောက်နေတာ သူမ သတိပြုမိပါသည်။



www.burmeseclassic.com

ပြီးတော့ သူမဆီက စကားကို နားစွင့်နေပုံပါပဲ။

"ငါလေ နင့်ကို .."

ပြောမယ့်စကားကို အချိန်ဆွဲထားရင်း ဆတ်ခနဲ ပခုံးနဲ့ လင်းယုန် ကို တွန်းထုတ်လိုက်တော့ ...

"ဟာ!..."

"ဝုန်း .."

ရှေ့တည့်တည့်က သူမတို့အနားကို ဖြတ်နှင်သွားတဲ့ မုန့်လိုက်ပို့တဲ့ မောင်ဗမာစက်ဘီး စီးလာတဲ့ လူကြီးရဲ့ စက်ဘီးပြေးလမ်းကို လင်းယုန် ရောက်ရှိသွားပြီး တိုက်မိကာ စက်ဘီးရော လူရော လင်းယုန် ပါ ပြိုကျသွားပါသည်။

သူမ ချက်လုံးအပိုင်းသားနဲ့ ပြေးထူရင်း ...

"လင်းယုန် ဘာဖြစ်သွားလဲ ..၊ ငါ့ဒေါက်ဖိနပ် ရွှေချော်သွားလို့"

လင်းယုန် က ရှုံ့မဲ့သွားရင်း တံတောင်ဆစ်ကိုကြည့်ကာ ...

"အား .. ရတယ်၊ ကျွတ် .. ကျွတ် .. ဘာမှမဖြစ်ဘူး တံတောင်ဆစ် နည်းနည်းပါးပါး ပွန်းသွားတာ"

"ဖြစ်တာက ငါကွ"

သူစက်ဘီးကို ထောင့်နဲ့ထောင့် ပြန်ထူရင်း မုန့်လိုက်ပို့တဲ့လူကြီး





က ပြောတော့ ခင်မင်း လည်း တောင်းပန်ရပါသည်။

"ကျေးဇူးတင်ပါတယ် ဦးလေးရယ်"

"ဘာကွ ...၊ တိုက်မိတာကို ကျေးဇူးတင်ရတယ်"

"ဟို .. ကန်တော့ .. ကန်တော့ .. သမီး စကားပြောနေလာသွား လို့ပါ"

"ဘယ်လိုကလေးတွေလည်း မသိဘူး..၊ ချစ်ရည်လူးရင်လဲ ရွှံ့ ဗွက်ထဲမှာ သွားလူး..၊ တော်သေးတာပေါ့ မုန့်ပို့ပြီးလို့"

ဒေါနဲ့မောနဲ့ပြောပြီး လူကြီးက စက်ဘီးပေါ် တက်စွပြီး ဆက် နင်းသွားပါသည်။

"နင် .. နာလား"

"နာတာပေါ့ဟာ"

လုပ်ပြီးမှ ခင်မင်း လည်း လင်းယုန် ပုံစံကိုကြည့်ကာ သနား သွားပါသည်။

"ကဲ .. ငါ့ပခုံးကို မှီထား"

လင်းယုန် သူမကိုတွဲပြီး လျှောက်လာတော့ ...

ကန့်စပ်မှာ စကားဝိုင်းဖွဲ့နေတဲ့ ဟိုကောင်က မျက်လုံးအပြူး သားနှင့်...

www.burmeseclassic.com



"ဟော့ကောင် ဘာဖြစ်တာလဲ"

"စက်ဘီးနဲ့တိုက်မိလို့"

လင်းယုန် စကားကြောင့် အိအိဝင်း က ပြုံးစေ့စေ့နှင့် ..

"ဒါဆို .."

အိသက် က ခေါင်းတညိတ်ညိတ်နှင့် ...

"ခင်မင်း လက်ချက် ဖြစ်ရမယ်"

ခင်မင်း ခပ်တည်တည်နှင့် ...

"ဟာ .. အမှတ်တမဲ့ ဖြစ်သွားတာပါ ..၊ ကဲ .. ကဲ .. ဒါန နှ[illegible] တို့ထဲက တစ်ယောက်ယောက် အနာကပ်တဲ့ ပလာစတာ သွားဝယ[illegible] ပေး"

ဒါန က ခေါင်းညိတ်ပြီး အမြန်ပြေးဝယ်ပါသည်။ ဒါန ပြန်ရော[illegible] လာတော့ ...

"ရော့"

ခင်မင်း က လှမ်းယူရင်း ..

"ကဲ .. လက်ကိုမြှောက်ထား"

လင်းယုန် က တံတောင်ဆစ်ကို မြှောက်ပေးတော့ ခင်မ[illegible] က သေသေချာချာ ကပ်ပေးပါသည်။





"အဲဒါပေါ့ ရေနုစ်လိုက် ကိုင်ပေါက်လိုက်ဆိုတာ၊ ဖြစ်ပြီးတော့လဲ သည်းပဲ့"

ဖော်ကြီး က ခပ်ငေါ့ငေါ့ပြောတော့ ခင်မင်း က သဘောကျစွာ ရယ်ပါသည်။

အဲဒီ သတိလက်လွတ်ဖြစ်တဲ့အချိန် အခိုက်အတံ့လေးကို လင်းယုန် ပိုင်ပိုင်နိုင်နိုင် အသုံးချလိုက်ပါတယ်..။

"ဆောရီးနော် .."

"အမေ့!..."

နှစ်ယောက်လုံး ကန်ရဲ့အစပ်မှာ မတ်တတ်ရပ်နေတာမို့ လင်းယုန် ခုနထဲက ကြံ့ရွယ် အခွင့်ကောင်းယူကာ သူမကို ကန်ကိုနောက်ကျောပေးတဲ့ အနေအထားဖြစ်အောင် တမင်နေရာယူကာ အခုလို တွန်းလိုက်တော့ ...

"ဝုန်း"

"ဟာ .. ခင်မင်း ပြုတ်ကျပြီ"

"ဟော့ကောင် .. ဘယ်လိုလုပ်တာလဲ"

ခင်မင်းဖြူ ကို လက်ကမ်းသူကမ်းနှင့် ကမ်းပေါ်ကို အမြန်ဆွဲတင်လိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရေတွေစိုရွဲနေတဲ့ ခင်မင်းကို သူ ပျာပျာသလဲ တောင်းပန်မိပါတယ်။

"ဟို .. ငါ တောင်းပန်ပါတယ် ဟာ"

ခင်မင်းဖြူ ဘာကယ်လည်း စိတ်မဆိုးမိပါ..။ သူ့အပြစ် နည်းနည်းပေါ့သလို ခံစားလိုက်ရသလိုပဲ ရှိပါသည်။

အပြုံးမပျက်ဘဲ ...

"ရပါတယ် ဟာ..၊ ငါလဲ ဒီလိုတွေဖြစ်မှာစိုးလို့ အဝတ်တစ်စုံ ပိုယူလာတယ်"

"ဟောတော် လိုက်လဲလိုက်တဲ့ အတွဲ"

ခင်မင်း က သူ့အိတ်ကိုယူကာ အမျိုးသမီး သန့်စင်ခန်းမှာ သွား၍ အဝတ်လဲပြီး ပြန်လာပါတယ်။

နှစ်ယောက် အတွေ့ထိုင်ကာ အီသက်က မိုးရိမ်မကင်းတဲ့ မျက်နှာနှင့် ...

"ဒီနေ့အဖို့ နင်တို့ရဲ့ အကောက်ကြမှုတွေ တော်တော့နော်"

"အေးပါ"

"စိတ်ချမယ်နော် ...၊ ပြီးရင် လိုက်ခဲ့တော့"

"စိတ်ချပါဟာယ်"





သူတို့ တစ်အုပ်ကြီး ထွက်သွားတော့ ...

"ခင်မင်း .. ဒီမှာ လာထိုင်..၊ နင့်အတွက် ကော်ဖီအေး ဝယ်ထားတယ်..၊ ငါ့မှာ မျက်နှာသုတ်ပဝါ အသေးလေးပါတယ်..၊ ငါ ခေါင်းသုတ်ပေးမယ်"

ခင်မင်း သူ့စကားကြောင့် ပခုံးတွန့်ရင်း ပြုံးမိပါသည်။

ခင်မင်း ခုံတန်းလျားမှာထိုင်ရင်း လင်းယုန် ပေးတဲ့ ကော်ဖီအေးဘူးကို သောက်ကာ လင်းယုန် ငြိမ်ငြိမ်နေပြ ခေါင်းသုတ်ပေးနေတာကို ငြိမ်နှင့် ငြိမ်ခံရင်း ပြုံးမိပါသည်။

ရင်ထဲမှာလည်း တစ်ခုခု ခံစားမိသလို .. တစ်ခုခုကို ကျေနပ်သလို .. သူမ အပြုံးမှာ စိုးရိမ်စရာအချစ် ခိုဝင်နေသလား..။

"ဖျပ်"

"ဖျပ်"

ဓာတ်ပုံအရိုက်ခံလိုက်ရသလို ခံစားမိတာကြောင့် နှစ်ယောက်လုံး မေ့မျောမှုကိုယ်စီမှ ရုန်းထွက်ကာ ရှေ့ကိုကြည့်မိတော့ ကင်မရာကို ကိုင်ထားတဲ့ လူတစ်ဦး..။ ထိုသူက ပျာပျာသလဲ တောင်းပန်ပါသည်။

"ဟို .. စိတ်မရှိပါနဲ့ဗျာ..၊ စကားဆုံးအောင်နားထောင်ပေးပါ



www.burmeseclassic.com

www.burmeseclassic.com



နော်..၊ ကျွန်တော်က အိပ်မက်မဂ္ဂဇင်းရဲ့ အယ်ဒီတာပါ၊ ဒီကို ရိုက်ကွင်းတစ်ခုက မင်းသမီးဆီ အလုပ်ကိစ္စနဲ့လာရင်း ခင်ဗျားတို့နှစ်ယောက်ရဲ့ အခုလို အမှတ်တမဲ့ပုံရိပ်က ကျွန်တော့်ကို ဆွဲဆောင်လွန်းလို့ ရိုက်မိတာပါ..၊ တစ်လက်စတည်း ပုံကို မျက်နှာဖုံးအဖြစ် ခွင့်ပြုပါနော်"

စကားကို အဆက်မပြတ်ပြောရင်း ရှင်းပြပြီးချိန်မှာတော့ ကျွန်တော်နှင့် ခင်မင်း တစ်ယောက်ကိုတစ်ယောက် ကြည့်မိကာ တစ်ပြိုင်နက် ရယ်ချမိပါသည်။

အယ်ဒီတာကြီးက စိုးရိမ်မကင်းတဲ့ မျက်နှာနှင့် ကျွန်တော်တို့ကို ကြည့်နေပါသည်။

"ဟင်း .. ဟင်း ဒီလိုလွယ်လွယ်နဲ့ ရမလားဗျ"

"ဗျာ!..."

"ရပါတယ် ..၊ အဆင်ပြေသလို ယူသုံးလိုက်ပါ"

"ဟာဗျာ.. အတော်နေ့ာက်တာပဲ..၊ ဒီမှာ ကျွန်တော်တို့ မဂ္ဂဇင်းရဲ့ ဗစ်ဇစ်တင်းကဒ်၊ ခင်ဗျားတို့ ဖုန်းနံပါတ်ရှိရင် .."

"ခင်မင်း နှင့် ဖုန်းနံပါတ်ပေးလိုက်"

"အေးပါ .."





ခင်မင်း က ဖုန်းနံပါတ်တစ်ခု ရွတ်ပြတော့ အယ်ဒီတာကြီးက မှတ်ပြီး ယူရေးသွားကာ နှုတ်ဆက်ပြီး ထွက်သွားပါသည်။

ကျွန်တော်က ခင်မင်း လက်ထဲက ဘီးကို အသာဆွဲယူတော့ ခင်မင်း က မော့ကြည့်သည်။ ကျွန်တော် ခင်မင်း ရဲ့ဆံနွယ်တွေကို ဖြီးပေးရင်း ...

"ခင်မင်း .."

"ဟင် .."

"နင်နဲ့ငါနဲ့ တစ်ခုခု ကတိယူရအောင်"

"ဘာကိုလဲ"

"ဒီလိုဟာ .. အခုလို ထူးထူးခြားခြားဖြစ်စဉ် ဖြစ်တဲ့နေ့ကျရင် နင်ရယ်ငါရယ် .. အဲဒီတစ်နေ့လုံး တစ်ယောက်ကိုတစ်ယောက် ဒုက္ခမပေးကြေး"

"ဘယ်လို .."

သူမက အံ့အားသင့်ရင်း ဘီးအဖြီးခံနေရာမှ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်အနေအထားကို ပြောင်းသည်။ ကျွန်တော် ခပ်ဖွဖွ ဖြီးလိုက်ရင်း ...

"ဒီလိုဟာ .. အခုလို ငါတို့နှစ်ယောက်ကို အမှတ်ရစေတဲ့ နေ့တ်



www.burmeseclassic.com

www.burmeseclassic.com



ပုံအရိုက်ခံရသလို ဖြစ်ရပ်မျိုး အခြားအဖြစ်အပျက်တွေ ဖြစ်တဲ့နေ့မျိုး ..ရပေါ့"

ခင်မင်း ပြုံးသွားပါသည်။ ရင်ထဲမှာ ဒီနေ့ ထူးထူးခြားခြား ဖြစ်ခဲ့မိတာ သူမ မငြင်းချင် ...။

"ဒါပေမယ့် လူတွေကြားထဲမှာ အဲဒီနေ့လို့ ပြောရမှာက ရှက်စရာကြီးဟ"

ခင်မင်း ပြောတာလည်း ဟုတ်ပါတယ်။ အဲဒီလိုပြောလိုက်ရင် ဟိုအုပ်စုက ပြောတဲ့လူကို ပျော့ညံ့သူလိုလို ထင်သွားနိုင်ဘယ်။

"နှစ်ယောက်ထဲသိမယ့် သင်္ကေတ တစ်ခုခုပေါ့ ...၊ သိပြီ ခုန ရေထဲပြုတ်ကျသွားတုန်းက ပန်းခြံထဲဝင်ရင် ရင်ဘတ်မှာ ကပ်ပေးတဲ့ ဝင်ခွင့်စတေကာလေး ပြသွားပြီလား"

သူမ ခေါင်းခါရင်း သူမ အကျီမှာ ပြောင်းကပ်ထားတဲ့ စတေကာကို ညွှန်ပြတော့ ...

"ဖြည်းဖြည်းချင်း ခွာ .. မပြဲစေနဲ့"

သူမက အသာခွာယူပြီး လင်းယုန် ကို ပေးတော့ လင်းယုန်က သူ့စတ်ပိုမ်းခြစ်မှာ အသာကာပ်ထားလိုက်ပါတယ်။

ပြီးတော့ သူ့ရင်ဘတ်က စတေကာကို ခွာကာ ..





"ပေး .. နင့်ဖုန်း .."

ခင်မင်း က သူ့ပခုံးသိုင်းအိတ်ထဲက ဖုန်းကို ယူပေးသည်။

လင်းယုန် ဟမ်းဖုန်းရဲ့ နောက်ကျောမှာ အသာကပ်လိုက်ပါသည်။ ပြီးတော့ သူမကို ပြန်ပေးရင်း ...

"တစ်ခုခု ထူးခြားဖြစ်စဉ်ကို သတိရတဲ့သူက ဒီသင်္ကေတကို မြင်အောင် ပြပေါ့..၊ ဒါဟာ နင်နဲ့ငါရဲ့ကြားက ငြိမ်းချမ်းတဲ့နေ့ဖြစ်ကြောင်း အသိပေးတာပဲ"

"ဒါပေါ့ .."

နှစ်ဦးသားပြောပြီး သဘောကျစရာမရှိဘဲ တစ်ဦးကိုတစ်ဦး ကြည့်ကာ ရယ်မိကြပါသည်။

ငြိမ်းချမ်းစရာကောင်းတဲ့ နေ့ရက်ဖြစ်ကြောင်း ဘယ်သူက အသိပေးမှာလဲ .. အချစ်လား..။



www.burmeseclassic.com

♥ မသိတာထိန့်

လာပြီးပြုံးတယ် သူက ဘယ်သူလဲ ..၊

♥ တစ်ကို့တစ်တိုန့်

ဘာစာတောင်း တကယ် ကောင်းတာပါတဲ့ ..။

♥ သဲပယောစဉ်ကို ရှော့သုံးရင်း

ဘာပြီး မစယ်ရှိပေမယ့်

ပြုံးယ်လာသလိုလို ..။





"ဟော့ကောင် .. ဘာတွေစဉ်းစားနေတာလဲ"

"ဟာ!... လန့်လိုက်တာကွာ .."

အိမ်ပေါ်ကို ဒါန နှင့် သီလ တက်လာတာ သူ မသိ။

တွေးချင်ရာ တွေး ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိတဲ့ အတွေးတွေက ဒီနှစ်ကောင်ကြောင့် လန့်ဖျပ် ပြေးထွက်ကုန်တာ တော့ အမှန်ပင်..။

"အောင်မာ ဒီလောက် ဒုန်းဒုန်းဒိုင်းဒိုင်းနဲ့ အိမ်ပေါ်တက်လာ တာတောင် မင်းက မသိရအောင် မင်းက ဘာတွေတွေးနေလို့လဲ"

ဒါန စကားကြောင့် သီလ က ...

"သူ့ရဲ့ ဒုက္ခအိုးလေးဆီ အတွေးရောက်နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ ရယ်မြူရယ်နေမိတော့ ဒါန က နှုတ်ခမ်းတစ်လန် ပန်းတစ်လန်နှင့် ..

"ကိုယ့်ဒုက္ခတော့ ကိုယ်ရှာနေပြီ ..၊ ဘယ်လိုဖြစ်တာလဲ မောင်လင်းယုန်"

"အတောင်ညှပ်ခံရတာ နေမှာပေါ့ကွာ"

ကျွန်တော် သက်ပြင်းကို ရေနွေးနှင့်လောင်းလိုက်သလို ပူပူလောင်လောင်ကြီး မှုတ်ထုတ်ဖြစ်မိသည်။

"ငါ ချစ်မိသွားပြီ ထင်တယ်"

"ဘုရားရေ .. မင်း တကယ်ပြောနေတာလား"

ကျွန်တော် ခေါင်းညိတ်ပြမတော့ သီလ က ကြောင်တောင်တောင်နှင့် ငေးကြည့်နေပြီး ...

"ဒါဆိုရင် မင်းရှုံးမှာ သေချာတယ်နော်"

"ရှုံးတော့လဲ ရှုံးပေါ့ကွာ..၊ ဒါပေမယ့် အဲဒီအရှုံးက ငါ့အတွက် ရှုံးမိမိခြင်းရဲ့ အရသာတစ်ခုကို လက်ဆောင်အဖြစ် ပေးလာတာပဲ..၊ ငါ ယူရမှာပေါ့"

"ရှုံးပေါ့ကွာ"

"အေးလေ ..၊ ဒီကောင်တော့ အထိနာတော့မှာ သေချာတယ်"





ကျွန်တော်က အပြုံးမပျက်ဘဲ ...

"ငါ ကျေနပ်ပါတယ်"

"အခုတော့ ကျေနပ်တယ်လို့ ပြောအားရှိမှာပေါ့..၊ ကြာလာရင်တော့ မင်း အခုလို ရယ်ရယ်မောမော ပြောနိုင်အောင် ကြိုးစား သူငယ်ချင်း"

ကျွန်တော် ပခုံးတွန့်ပြမိတော့ ဒီကောင် မကျေမနပ်..။

ဒါန က ကျွန်တော့်ကို အခုလို မေးသည်။

"ဒါဆို မင်း .. သူပေးတဲ့ ဒုက္ခတွေကို လက်တုံ့မပြန်တော့ဘူးပေါ့"

ကျွန်တော် ခေါင်းညိတ်ပြမိသည်။ ပြီးတော့ ..

"အခုအချိန်ကစပြီး .. ငါ လက်တုံ့မပြန်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ ဒါန..၊ ငါ ကျေကျေနပ်နပ် ခံယူမှာပါ..၊ ငါ ယုံတယ် ဒါန"

"ဘာကိုလဲ .."

"မေတ္တာတရားဟာ သူ့ရဲ့ လက်တုံ့ပြန်မှုကို ချေဖျက်နိုင်မှာပါ"

ကျွန်တော့်စကားကြောင့် သီလ က မဲ့မဲ့ရွဲ့ရွဲ့နှင့် ပြောလာပါသည်။

"ငါတို့ ဒီကောင့်စကားကို လက်အုပ်လေးချီပြီး ကျုံ့ကျုံ့လေး ထိုင်ပြီး နားထောင်ရင် ကောင်းမယ် ဒါန"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ သီလ ရာ .. ဒီကောင်ရဲ့ အနာတရနဲ့နှလုံးသား သေဆုံးလှူဒါန်းပွဲမှာ ကြိုပြီး သာခုလေးခေါ်ရင် ကောင်းမလား"

"ကောင်းတာပေါ့ကွာ ... စမယ်"

နှစ်ယောက်စလုံး သံပြိုင် သာခုခေါ် သံကြောင့် ကျွန်တော် ဒီကောင်တွေကို လိုက်ထိုးတော့ ဒီကောင်တွေ အိမ်ပေါ်မှာ ပတ်ပြေးနေပါသည်။





"ဟာ!.. ဘာလာလုပ်တာလဲ"

ဒါန က စည့်သည်ရောက်နေတယ်လို့ ပြောတာကြောင့် ကားအောက်ပိုင်း ပြင်နေရာမှ သူထွက်လာရင်း ကြည့်လိုက်တော့ အိသက်နဲ့ ခင်မင်းဖြူ ဖြစ်နေမှန်း တွေ့တာကြောင့် အံ့သြမိရင်း အခုလို မေးမိပါသည်။

"သူ ပျက်လို့တဲ့"

"ကားလား .."

"အသည်းနှလုံး"

အိသက် စကားကြောင့် ခင်မင်းဖြူ က ရှက်ကိုးရှက်ကန်းနှင့် လှမ်းရိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှုံ့က ကောင်လေးတွေက တဟီဟိနှင့် စပ်ဖပ်စုစု လေ့လာနေတာကြောင့် ...

"ဟော့ကောင်တွေ ဘာလုပ်နေတာလဲ ..၊ ဆီဒင်အနီလေး ကရိုင်းမကောင်းတာ မြင်လေ..၊ မင်းအဖေက ညနေ လာယူမှာ"

"ဟုတ် .. ဟုတ် .. ပြီးတော့မှာပါ ကိုချို"

ကောင်လေးတွေ ကုပ်ကုပ် ကုပ်ကုပ်နှင့် ရုံအတွင်းထဲကို ဝင်သွားကြပါသည်။

"ဒီမှာလေ .. ခင်မင်း သူ့ကားသော့ပိတ်လိုက်ရင် စက်ရပ်သွားလို့တဲ့"

"ဟုတ်လား ..၊ ဟင် .. နင် ကော်တော်နောက်တာပဲ"

ကျွန်တော် အဟုတ်မှတ်လို့ နားထောင်နေပြီးမှ အိသက်နောက်မှန်းသိတာကြောင့် ရယ်မိပါသည်။

"ကဲပါ .. ငါပြောပါ့မယ် အိသက် ရယ် ..၊ လင်းယုန် .. ငါ့ကားဘရိတ် သိပ်မမိချင်ဘူးဟ"

"ရတယ်လေ .. ထားခဲ့"

ကျွန်တော့်စကားကြောင့် ခင်မင်း က တစ်ခုခုပြောချင်ဟန် ရှိမည်။





ဒါပေမယ့် ပြောမထွက်တဲ့ ပုံစံကြောင့် ...

"ခင်မင်း ဘာဖြစ်လို့လဲ ..၊ နင့်ကား စိတ်မချလို့လား..၊ ဝါးမစားပါဘူးဟာ..၊ ငါ့သွားတွေလဲ အဲဒီလောက် မကောင်းဘူး"

အိသက် က ကျွန်တော့် အရွှမ်းစကားကြောင့် ရယ်သည်။

"ဟဲ့ .. မဟုတ်ဘူး ..၊ သူ နင့်ကို ချောဆွဲမလို့ဟ"

"ဘယ်လို .. ချောဆွဲမလို့၊ ငါ့မှာ ဒီလောက် ဆီချေးတွေပေနေတာ ချောဆွဲလို့ ဖြစ်မလား ဟ"

"သေနာ နင့်ကို အကောင်းပြောနေတာ City Mark မှာ ပစ္စည်းဝယ်စရာရှိလို့ နင့်ကို ပို့ခိုင်းမလို့၊ ကဲ .. သိပြီလား"

အိသက် ဆောင့်ဆောင့်အောင့်အောင့်နှင့် ပြောတော့ ဒါန ကား...

"ဟာ .. အတော်ပဲ ဒီကောင် သူ့အိမ်အတွက် နေ့ဖို့ညစာ ဝယ်စရာရှိတာ၊ ငါတို့ပြန်ရင် နင့်ကား ပြီးလောက်ပါပြီ..၊ လင်းယုန် စူပါရုပ်ဖ်အဖြူလေး မြင်ပြီးပြီ ..၊ အဲဒီကားနဲ့ သွားမလား"

"သွားလေ ကောင်းသားပဲ..၊ ဩော် .. ခင်မင်း ငါတို့ ဒီအတိုင်းလိုက်လို့ နင်တို့ သိက္ခာမကျပါဘူးနော်"

ကျွန်တော့်စကားကြောင့် ခင်မင်းဖြူ က မျက်စောင်းထိုးသည်။

ကျွန်တော့်ရုံက ကောင်လေးတွေကို ခင်မင်းဖြူ ကားကို အမြန်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြင်ပေးဖို့ မှာပြီး ...

"ဩော် .. ဦးလေးအောင်ဒင် အပြင်က ပြန်လာရင် ပြောလိုက်ကွာ..၊ ငါနဲ့ ဒါန ကို ကောင်မလေးနှစ်ယောက် ပြန်ပေးဆွဲသွားတယ်လို့ ပြောလိုက်ကွာ"

ရုံက ကောင်လေး မောင်မြင့် ကလည်း ရယ်ကျဲကျဲနှင့် ...

"အဲဒီလို ပြန်ပေးသမားတွေရှိရင် ကျွန်တော်တို့ကို လက်တို့လိုက်နော် ကိုချို"

ကျွန်တော်တို့စကားတွေကြောင့် အိသက် တို့က မျက်စောင်းထိုးသည်။

ကားပေါ် ရောက်တော့ ခင်မင်း က မေးသည်။

"လင်းယုန်"

"ပြော .."

အိသက် နဲ့ ဒါန က နောက်မှာထိုင်ပြီး ဘာတွေတွတ်ထိုးနေကြသည် မသိ..။

"ဟိုတစ်ခါ ငါ့အဖေနဲ့ စားသောက်ဆိုင်မှာ စကားများကြတဲ့ လူကြီးက ..."

"ငါ့ မိထွေးဘက်က ယောကျ်ား"





"ဩော် .."

နောက်တော့မှ အသေအချာ စဉ်းစားပြီး ...

"သေနာ .. နင့်အဖေပေါ့"

ကျွန်တော် တဟားဟားရယ်တော့ ခင်မင်း က မျက်စောင်းထိုးပြီး သူ့ကို လှမ်းဆိတ်ပြီး ပြောသည်။

"ဒါန .. နင် နေတော့"

ကျွန်တော် မီးပွိုင့်မိတာကြောင့် ကားကိုရပ်လိုက်ပြီး ...

"ဒါန တို့ ဘေးအိမ်ကလေ .. နင်တို့သုံးယောက် ဟိုတစ်ခါ ကွန်းလှည်းနဲ့ လိုက်ပို့တဲ့အိမ်လေ"

သူမ စဉ်းစားမိပြီး ခေါင်းတညိတ်ညိတ် ...

"နင် .. ဘာလို့ နင့်အဖေနဲ့ မနေတာလဲ"

"စိတ်နာလို့ .."

"ဟင် .. ဘာလို့ စိတ်နာတာလဲ"

ကျွန်တော် မီးပွိုင့်စိမ်းပြီမို့ ပုံမှန်အတိုင်း မောင်းထွက်လာရင်း...

"အင်း .. ဘာလို့ စိတ်နာတာလဲဆိုတော့ နင် ခုနကတွေ့ဆိုက်တော့ ဆိတ်ထားတာ နာတာပေါ့"

"လင်းယုန် .. နင်နော် ..၊ စကားအကောင်းပြော .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပြုံးစေ့စေ့နှင့် ကားကိုမောင်းလာရင်း ...

"ဖေဖေက ငါ့မိတွေးနဲ့ နေတာလေ..၊ မိတွေးဆိုပေမယ့် အမေလိုပါပဲ..၊ ဒါပေမယ့် နဂိုအရင် ငါတို့ ငယ်ငယ်ကတည်းက နေခဲ့တဲ့ အစုအိမ်လေးကို နေရတာကို ငါ ပိုမြတ်နိုးတယ်၊ ဖေဖေ မေမေနဲ့ ငါ ဒီအိမ်လေးမှာ မေမေ မဆုံးခင်အထိ အတူနေခဲ့ကြတာဆိုတော့ ဒီမှာပဲ နေချင်တယ် .. ဒါပဲလေ"

လင်းယုန် ရဲ့စိတ်က သဘာဝကို ပိုမြတ်နိုးတဲ့ပုံစံ သဘာဝနဲ့ အလိုက်သင့်နေရတာကို ပိုမက်မောမှန်း ခင်မင်း တဖြည်းဖြည်း သိလာပါသည်။

"နင့်အဖေလဲ တောင်တွေကိုဖြိုပြီး ရောဝတီကို အမှိုက်ပုံဖြစ်အောင် လုပ်နေတုန်းပဲလား"

သူမက လင်းယုန် စကားကြောင့် ဆွဲဆိတ်တော့ ...

"ဟဲ့ .. စိတ်နာအောင်တော့ မလုပ်နဲ့နော်"

"ဟော့ .. ရှေ့က ဘာတွေ စိတ်နာနေတာလဲ"

နောက်ခန်းက လှမ်းမေးတာကြောင့် ...

"ဒီမှာကွာ .. ကားမောင်းနေပြီး ရှေ့ကိုပဲ ကြည့်နေတယ်..၊ သူ့ကို တစိမ့်စိမ့် မကြည့်လို့တဲ့"





ကျွန်တော့်စကားကြောင့် သူမက ဆွဲဆိတ်ပြန်သည်။ နောက်ခန်းက ရယ်ကြပါသည်။

**City Mark** ထဲရောက်တော့ ကျွန်တော်နဲ့ ဒါနု က လိုအပ်တာလေးတွေ ဝယ်သလို ခင်မင်း နဲ့ အိသက် ကလည်း ပစ္စည်းဝယ်ဖို့ ထွက်သွားပါသည်။

ပစ္စည်းတွေဝယ်ပြီးတော့ **Snack Bar** တစ်ခုမှာ ကော်ဖီအေး ဝင်သောက်ကြပါတယ်။

"ဘယ်လဲ မင်းက .."

"တွိုင်းလက်(စ်)"

"အေး .. ငါပါ လိုက်မယ်"

ကျွန်တော်တို့နှစ်ယောက် တွိုင်းလက်(စ်) သွားလိုက်ဦးမယ်လို့ ပြောပြီး ထွက်လာခဲ့ကြပါသည်။ တွိုင်းလက်အဝင်ဝမှာ ကောင်လေးတစ်ယောက်က လက်ထဲမှာ ဘောပင်တစ်ချောင်းနှင့် ဟိုကြည့် ဒီကြည့် လုပ်နေပါတယ်။

ကျွန်တော် တွိုင်းလက်(စ်)ဝင်ပြီး အရင် ပြန်ထွက်လာပါတယ်။ ကျွန်တော် ခင်မင်း တို့ဆီ ရောက်တော့ ...

"ခင်မင်း ရော .."



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့နောက်ကပဲ လိုက်သွားတယ်လေ"

စကားမဆုံးသေးပါဘူး ဒါန က တဟားဟား ခင်မင်းဖြူ က မျက်နှာကြီးနီပြီး ရောက်လာပါတယ်။ ဆောင့်ဆောင့်အောင့်အောင့် နှင့် ခုံမှာ ဝင်ထိုင်တော့ ...

"ကောင်းတယ် ..၊ လင်းယုန် ဒီတစ်ခါတော့ မင်း ရိုက်ချက်က ပီပြင်တယ်ကွာ"

"ဘာ!... ငါက ဘာလုပ်လို့လဲ"

ကျွန်တော်က နဝေတိမ်တောင်နှင့်ပြောတော့ ခင်မင်းဖြူ က ကျွန်တော့်လက်မောင်းကို လှမ်းထုပြီး ...

"နင်နော် .. အခုမှ မသိချင်ယောင် ဆောင်မနေနဲ့"

"ဩော် .. ငါ မသိပါဘူးဆို .."

ခင်မင်းဖြူ က နှုတ်ခမ်းကိုက် မျက်စောင်းထိုးပြီး စားပွဲပေါ်က ခုနဝယ်လာတဲ့ ပစ္စည်းတွေထဲက ဘောလ်ပင်ကို ကောက်ယူကာ ...

"ဒါ ဘာလဲ"

"ဘောလ်ပင်လေ"

ဒါန က တခွီးခွီးနှင့်ရယ်တော့ အိသက် က ဘာတွေဖြစ်မှန်း မသိတာကြောင့် ...





"ဘာဖြစ်တာလဲ ..၊ ငါ့လဲ ရှင်းပြပါဦး"

အိသက် စကားကြောင့် ဒါန က ဝင်ရှင်းပြရပါသည်။

"ဒီကောင် ကွိုင်းလက်(စ်) အတူဝင်ပြီး ပြန်ထွက်တော့ ယောကျ်ားလေးအိမ်သာ အဝင်က လက်ရေးသော့နဲ့ ရေးထားတဲ့ (Man )ဆိုတဲ့ရှေ့မှာ Wo စာလုံး ထပ်ဖြည့်လိုက်တယ်လေ .."

အိသက် က ရေးရေး သဘောပေါက်လာပြီး ရယ်သည်။

"အဲဒါကို အားမရသေးဘူး ယောကျ်ားလေးပုံရှိတယ် မဟုတ်လား"

ခင်မင်း က မကျေနပ်နိုင်ပုံနှင့် ကျွန်တော့်ကို ဆွဲဆိတ်သည်။ အိသက် က စိတ်ဝင်တစား နားထောင်နေပါသည်။

"ယောကျ်ားလေးပုံရဲ့ ဘောင်းဘီနေရာကို ဘောလ်ပင်နဲ့ ဂါဝင်ပုံရေးပြီး ဖြည့်ထားလိုက်ယုံနဲ့ ဟား .. ဟား .. ဟား .. ဟား ..."

ဒါန စကား အဆုံးမသတ်နိုင်တော့ အိသက် လည်း ရယ်သည်။ ခင်မင်း က မျက်နှာနီရဲရဲနှင့် ကျွန်တော့်လက်မောင်းကို ထုပြီး ...

"ငါ့မှာဟယ် အထဲလဲ ဝင်လိုက်ရော လူကြီးတစ်ယောက်က လုံချည်တမမနဲ့ ထွက်လာပြီး ဟော့ ကောင်မလေး .. ဘာဝင်လုပ်တာလဲ ဘာညာနဲ့..၊ ငါ့မှာ ရှက်လိုက်တာဟယ် .. ဒီကောင် ဒါန ထွက်လာ



www.burmeseclassic.com

မှ ငါ အကျိုးအကြောင်း ပြောပြတော့မှ စာလုံးကိုဖျက်ကြည့်တော့မှ မှင်နဲ့ခွဲထားမှန်း သိရတာ..၊ အေးပေါ့ဟာ .. လုပ်ထားဦးပေါ့"

"ဟာ!... မဟုတ်ဘူး ခင်မင်း ..၊ ငါ လုပ်တာ မဟုတ်ဘူး"

ဘယ်လိုရှင်းပြပြ ခင်မင်း က လက်မခံ..။ ကျွန်တော်လည်း ဆက်မပြောသာတော့ .. အခုမှ သတိရမိပါသည်။

ကျွန်တော်နှင့် ဒါနှ တို့င်းလက်ထဲ ဝင်ခါနီး ဘောပင်တစ်ချောင်းနှင့် ဟိုကြည့်ဒီကြည့် လုပ်နေတဲ့ချာတိတ် ဖြစ်ရမယ်..။

ဒီကောင်လေးက ဘောလုံးလူရမ်းကား မဖြစ်နိုင် အိမ်သာ လူရမ်းကားပဲ ဖြစ်မှာပေါ့..။





"ဟဲ့ .. ဟိုကောင်တွေရော .."

"ခါတုဘက်ဆိုပြီး ထွက်သွားတာပဲ"

"နင်က ဘာလို့ မလိုက်သွားတာလဲ"

"ပျင်းတာနဲ့ မလိုက်သွားတာဟ..၊ ဘာသောက်မလဲ လက်ဖက်ရည်ပဲလား"

အိသက် က ကျွန်တော်ထိုင်နေရာဝိုင်းမှာ ဝင်ထိုင်ရင်း ...

"အင်း .. လက်ဖက်ရည် ပုံမှန်တစ်ခွက်ပေါ့"

လက်ဖက်ရည် မှာပြီးတော့ ...

"နင် မနေ့က လုပ်လိုက်တဲ့အကွက်ကတော့ ခင်မင်း အတော်ထိသွားတယ်"

ရွှေသမင်စာစဉ်

www.burmeseclassic.com



အိသက်က ပြောပြီး ရယ်ပြန်ပါသည်။ ကျွန်တော် သက်ပြင်းချမိ ရင်း ...

"အိသက် .. ငါ အမှန်တိုင်း ပြောမယ်နော်"

"ဘာလဲ .. ငါ တကယ် လုပ်တာလို့ ပြောမလို့ မဟုတ်လား"

"ကျွတ်!.."

ကျွန်တော် စိတ်ပျက်ပျက်နဲ့ စုတ်သပ်တော့ အိသက် က မျက် ခုံးတွန့်သည်။

"ဘုရားစူးပါ ဟာ..၊ မနေ့က ငါလုပ်တာ မဟုတ်ဘူး၊ ငါ ဘယ် လို ကျိန်ရမလဲ"

"ဘုရားရေ!... တကယ် .."

ကျွန်တော် သက်ပြင်းကို မှုတ်ထုတ်ပြီး ခေါင်းကို လေးပင်စွာ ချမိပါသည်။

ကျွန်တော် မနေ့က တို့င်းလက်ဝင်ခါနီး ဘောလ်ပင်တစ်ချောင်း ကိုင်ထားတဲ့ကောင်လေး ဖြစ်နိုင်ကြောင်း ပြောမိပါသည်။

"ဒါဆို အဲဒီကောင်လေး ဖြစ်မှာပေါ့ဟဲ့"

"အေး အဲဒီကောင်လေးပဲ ဖြစ်မှာပါ..၊ ဒါပေမယ့် ထုံးစံအတိုင်း ခင်မင်း က ငါပဲ ထင်နေတာ"





အိသက် ပြုံးသည်။

"ခင်မင်း ထင်တာ နင် ဘာစိတ်ပျက်စရာရှိလို့လဲဟာ"

အိသက် စကားကြောင့် ကျွန်တော် ဘာပြောရမှန်း မသိတော့ အိသက် ရယ်သည်။

"နင် .. ခင်မင်း ကို ချစ်နေတယ် မဟုတ်လား"

ကျွန်တော် အနေရအထိုင်ရ ခက်နေတာကြောင့် ...

"နင်တို့နှစ်ယောက်က ရည်းစားလို့ ပြောရအောင်ကလဲ အခက် တစ်ယောက်နဲ့တစ်ယောက် နောက်သလိုပြောင်သလိုနဲ့ မပေါ်တဆ ခြေချုပ်မိနေတဲ့ ရည်းစားအတုကြီးတွေလို တစ်ယောက်ကိုတစ် ယောက် လုပ်ကြဲဖို့သက်သက် အမည်ခံရည်းစား ဖြစ်နေတာကို"

ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်ပါသည်။

"နင် သူ့ကိုတော့ သွားမပြောနဲ့ဟာ .."

အိသက် က နားမလည်နိုင်ပုံနှင့် ...

"ဘာဖြစ်လို့လဲ"

"ဒီအချိန်မှာ ဘယ်လိုပြောပြော သူ ယုံနိုင်မယ် မထင်ဘူးလေ၊ စတွေ့ကတည်းက အမုန်းနဲ့ အငြိုး စခဲ့တာလေ..၊ အခုမှ အမုန်း အငြိုးလေး လျှော့သွားရုံ ရှိသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



အိသက် ကျွန်တော့်စကားကြောင့် ပြုံးနေသည်။

"လင်းယုန် .."

ကျွန်တော် မေးဆက်ပြတော့ ...

"အမုန်းဆိုတာ သိုးနေတဲ့ အစာပါဟာ ..၊ နှစ်ဖက်ညှပ်ထားတဲ့ ဟောဒီ ပေါက်စီလိုပဲ"

သူမက ပေါက်စီတစ်လုံးလို ဆွဲကိုက်စားလိုက်ရင်း အထဲက အစာကို ပြကာ ...

"အထဲက ရှိုးမြစားကောင်းတဲ့အစာဟာ အချစ်ပဲ..၊ နင် ရှင်း လိုက်နော်"

"ဂန်းနွာမ .."

သူမ ပလုတ်ပလောင်းသံကြီးနှင့် ရယ်သည်။

"အခုအမျိုန်မှာ အမှားတစ်ခုခု လုပ်ခဲ့လို့ မျက်မြင်သက်သေမရှိ ရင် ငါပဲ ထင်မှာလေ..၊ နင်လဲ သွားမပြောပါနဲ့ဟာ"

အိသက် ကလည်း နားလည်သည်။

ခေါင်းတညိတ်ညိတ်နှင့် ...

"အိသက် .. နင် ငါ့ကိုတောင် မစောင့်ဘူး"

ပြောလည်းပြောရင်း ဝင်လာသူက နေရီ နှင့် ခင်မင်းဖြူ ..။





"မဟုတ်ပါဘူးဟာ ..၊ ငါ အဒေါ်အိမ် ဝင်စရာရှိတာနဲ့ စောစော ထွက်ခဲ့တာ .."

ကျွန်တော် မီးသွားညှိပြီး ပြန်လာတော့ အိသက် က ကျွန်တော့် ကို မျက်ရိပ်ပြသည်။

သိလိုက်ပါပြီ .. ကျွန်တော့် လက်ဖက်ရည်ခွက်ထဲ ဆားထည့် လိုက်ပြီဆိုတာ၊ နေရီ က ဂဏှာမငြိမ် ခင်မင်း က ဟိုလိုလို ဒီလိုလို ကျွန်တော် ပြုံးလိုက်သည်။

ကျွန်တော့်အပြုံးကို အိသက် က ပါးစပ်အဟောင်းသားနှင့် ကြည့်နေသည်။

ကျွန်တော် အသက်ကိုအောင့်ပြီး ငန်ကျွတ်နေတဲ့ လက်ဖက်ရည် ကို မျက်နှာမပျက် သောက်လိုက်ပါသည်။

ပြီးတော့ မောက်ဖူးထဲက ရေနွေးကိုဖြည့်ကာ သောက်လိုက် သည်။

ခင်မင်း မျက်လုံးလေးပိုင်းပြီး ကျွန်တော့်ကို ကြည့်နေပါသည်။

"တဲ .. နင် ကျေနပ်သွားပြီ မဟုတ်လား"

"နင် .. သိနေတယ်ပေါ့"

"အင်း .."



www.burmeseclassic.com

www.burmeseclassic.com



သူမက မျက်စောင်းလှဲ့လှဲ့ ထိုးသည်။

"အကြင်နာတွေ ငန်ကျွတ်နေတာပဲနော်"

ကျွန်တော့်စကားကြောင့် ရယ်ကြပါသည်။

"ကဲ .. ရှင်းမယ်၊ အတန်းဝင်ရအောင်"

ကျွန်တော် လှမ်းအော်တော့ စားပွဲထိုးလေး ရောက်လာပါတယ်။

ခင်မင်း က လုပြီး ပိုက်ဆံကို ရှင်းသည်။

ကျွန်တော်တို့ ထရပ်တော့ ...

"လင်း .. ယုန်"

မထ,ဘဲ ဆောင့်ဆောင့်အောင့်အောင့်အော်တော့ ကျွန်တော်က ဘာဖြစ်မှန်း မသိတာကြောင့် ...

"ဘာဖြစ်တာလဲ ဟာ"

"နင်နော် .. ငါ့ဖိနပ် ပြန်ပေး .."

"ဘယ်လို!..."

အိဿက် နှင့် နေရီ တခစ်ခစ်နှင့် ရယ်ကြပါသည်။ ကျွန်တော် မျက်လုံးပြူးသွားရင်း ...

"ဘာ .. နင့်ဖိနပ် ငါက ဘာလုပ်ဖို့လဲ"





သူမက မကျေမနပ်နှင့် ...

"နင်နော် .. မုန်လာဥ လာလုပ်မနေနဲ့၊ နင် မလုပ်လို့ ဘယ်သူလုပ်မှာလဲ .."

"ဟာ!.. တဆိတ်ရှိ ငါပဲ၊ ငါ မလုပ်ပါဘူးဆို .."

ပြောလည်းပြော လိုက်ရှာတော့မှ ဖိနပ်က အတော်ဝေးဝေးကို ရောက်နေပါသည်။

ခင်မင်း က အခဲမကျေ ...

" ဟင်း .. ဟင်း .. နင် သိမယ်"

ခင်မင်း က အံကြိတ် ကြိမ်းဝါးပါသည်။ တကယ်လည်း ကျွန်တော် မလုပ်ပါ ..။

ကံများဆိုးချင်ရင် ဘာလုပ်လုပ် အဆင်မပြေ။

ကြည့်ရတာ သူမက ဖိနပ်ချွတ်ပြီး တန်းပေါ်ကို ခြေထောက်တင်ထားပုံ ပေါ်သည်။

ဖိနပ်က ဟိုလူတိုက် ဒီလူတိုက်နဲ့ အပြင်ကို ကန်ထုတ်သလို ရောက်သွားပုံ ဖြစ်နိုင်ပါသည်။

ကျွန်တော်လည်း သူမတို့နှင့်အတူ ကုပ်ချောင်းချောင်းနှင့် အတန်းရှိရာဘက်ကို ပြန်လာတော့ လမ်းမှာ သူမက ပွစိပွစိနှင့် ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောမဆုံးတော့ ..။

"ကလိန်ကကျစ် .. နင် မလုပ်ရင် ဘယ်သူလုပ်မှာလဲ..၊ အေး သိမယ် .. ငါ့အလှည့်ကျရင်တော့ နင် နလံမထူစေရဘူး..၊ စိတ်ချ.. ကြည့်နေ .."

"ငါ မဟုတ်ဘူးဆိုတာ ငါလုပ်ရင် ငါလုပ်တယ်လို့ ပြောမှာပေ့ါ..၊ ခင်မင်း ရယ် .."

"ဟုတ်ပါတယ် ဟယ်..၊ လင်းယုန် လုပ်တာ မဖြစ်နိုင်ပါဘူး ဟယ်"

"သွားရင်းလာရင်းနဲ့ ကျောင်းသားတွေ စားပွဲထိုးလေးတွေ ကိုက်သွားတာ ဖြစ်မှာပေ့ါ"

အိသက် တို့ နေရီ တို့ ဘယ်လိုပဲ ကြားဝင်ဖြေရှင်းဖြေရှင်း သူမ က လုံးဝ လက်မခံ..။

"ဟဲ့ .. ပြန်တော့လေ"

"နေပါဦးဟာ .. အတန်းတက်ဖို့ လိုနေသေးတာပဲ"

"သွား .. လိုက်မလာနဲ့ လင်းယုန် ငါ စိတ်ဆိုးနေတာနော်"

အိသက် နဲ့ နေရီ က ကျွန်တော်တို့ကို ပြုံးစေ့စေ့..။

ကျွန်တော် သူမ စိတ်ဆိုးပြေမှ ဖြစ်မှာမို့ တမင်လိုက်ချော့နေ





ပါသည်။

သူမတို့ အတန်းထဲရောက်တော့ ကျွန်တော်နှင့် မျက်မှန်းတန်းမိနေသူတွေက ပြုံးစေ့စေ့..။

ဆရာ မရောက်သေးတာကြောင့် ကျွန်တော်လည်း အတန်းထဲ လိုက်ဝင်ခဲ့ပါတယ်။

"ဟဲ့ .. ဘယ်လဲ"

ခင်မင်း က အတန်းထဲရောက်ပြီးမှ ပြန်ထွက်မယ်ပြင်တော့ နေရီ က မေးသည်။

ခင်မင်း က ကျွန်တော့်ကိုကြည့်ပြီး ဘာမှမပြောဘဲ ထွက်မယ် လုပ်တော့ ကျွန်တော် ကမန်းကတမ်း ထရပ်ကာ သူမရှေ့က ကာ ရင်း ...

"ဟာ!... ဘယ်သွားမလို့လဲ..၊ စိတ်ဆိုးပြေပါတော့ဟာ"

"ကျွတ် .. ဖယ်ဟာ၊ ဘာလုပ်တာလဲ"

ကျွန်တော် ရှေ့ကတားလေ သူမ ဒေါသထွက်လေပါပဲ။

"ငါ့ကို စိတ်ဆိုးပြီး နင် အိမ်ပြန်မလို့ မဟုတ်လား"

ကျွန်တော့်စကားကြောင့် သူမ အောင့်သီးအောင့်[illegible] ဖြစ်နေပြီ၊ နောက်ဆုံး မခံရပ်နိုင်တဲ့အဆုံး ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ သေးထွက်တော့မယ် ကောင်စုတ်ရဲ့ .. ဖယ် .."

လွယ်အိတ်ကို သူမထိုင်မယ့် စားပွဲရဲ့ အံဆွဲထဲထည့်ပြီး ကျွန်တော့်ကို တိုက်ကာ ထွက်သွားတာကြောင့် အခန်းထဲက ကျောင်းသားတွေက တဟားဟားနှင့် ရယ်ကြပါတော့သည်။

သူတို့အတန်းထဲက ပျော်ပွဲစားထွက်တုန်းက ခင်ခဲ့တဲ့ နေလင်းက ...

"လင်းယုန် ရေ .. မင်းကတော့ စိတ်ဆိုးမှန်းမသိ .. သေးထွက်မှန်း မသိနဲ့ အတော်ခက်တဲ့ကောင်ပဲ"

ကျွန်တော် ရယ်ကျဲကျဲနှင့် ခေါင်းကုတ်နေပါသည်။ နေရီ က ကျွန်တော့်ကို စာအုပ်တစ်အုပ် လှမ်းပေးရင်း ...

"ဟဲ့ .. လင်းယုန် ..၊ ငါ့ ဒိုင်ယာရီစာအုပ်ပေါ်မှာ ဒီပုံလေး ကပ်ပေးဟာ..၊ လှလှလေး လုပ်ပေးထားနော်၊ ငါ အချဉ်ထုပ် သွားဝယ်မလို့"

"ဟာ .. ရှုပ်ကိုရှုပ်တယ်"

ကျွန်တော် လှမ်းယူတော့ နေရီ က စပ်ဖြဲဖြဲနှင့် ပြောင်ပြကာ သူမအိတ်ကို ခင်မင်း စားပွဲပေါ်တင်ပြီး ထွက်သွားပါသည်။

ကျွန်တော် နေရီ အမှတ်တရတွေ ရေးထားတဲ့ စာအုပ်ပန်း





ရောင်လှလှလေးကို စားပွဲပေါ်တင်၍ ခုန နေရီ ပေးလိုက်တဲ့ အသည်းပုံ မြှားစိုက်နေတဲ့ စတေကာကို ဆွဲခွာနေတုန်း ဘေးတစ်ခုံကျော်က မြတ်မိုးထွန်း က ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေရာမှ ...

"လင်းယုန် မြန်မြန်လာကြည့်စမ်း"

"ခဏလေး .."

"ဟေ့ကောင် .. အမြန်လာ နောက်ကျရင် နှောင်တရသွားမယ်"

အလောတကြီး ခေါ်ပုံကြောင့် ကျွန်တော် ခွာလက်စ စတေကာကို စာအုပ်ပေါ် အမြန်ကပ်ဖို့ စဉ်းစားမိပါတယ်။

ဒါပေမယ့် မသေမသပ် ဖြစ်မှာစိုးတာကြောင့် ပြီးမှပဲ လှလှပပ စနစ်တကျ ပြန်ကပ်ပေးမယ်လို့ စိတ်ကူးမိကာ ထိုင်ရာမှထပြီး ခုံနှင့် မကပ်သွားအောင် ထိုင်ခုံပေါ်မှာ ကော်ပါတဲ့ဘက်ကို ပက်လက်လှန်ထားပြီး မြတ်မိုးထွန်း ရှိရာကို သွားတော့ ...

"ဟေ့ကောင် လာကြည့်စမ်း ..၊ ညကမှ အင်တာနက်ကနေ Down Load လုပ်ပြီး ကူးထားတာ"

အဲဒါမျိုးဆိုရင် ကျွန်တော်ကလည်း ဝါသနာခပ်ကြီးကြီးဆိုတော့ ဖုန်းတစ်လုံးနှင့် လူနှစ်ယောက် ခေါင်းချင်းဆိုင်မိကြပါသည်။ ကြည့်နေရင်း နောက်တစ်ယောက် ခေါင်းပူးလာပါတယ်။



www.burmeseclassic.com

"ဟေ့ကောင် .. နေလင်း စွတ်မတိုးနဲ့ကွ"

"မြင်မှ မမြင်ရတာ"

ပွဲက ကောင်းတုန်း ရှိသေးတယ်။

"ဆရာ လာပြီဟေ့"

ဆရာဆိုတဲ့ အသံကြောင့် အားလုံး အလျင်အမြန် ကိုယ့်နေရာကိုယ် ပြန်ထိုင်ကြပါတယ်။

ကျွန်တော်လည်း အတန်းအပြင်ကို လစ်ထွက်လာခဲ့ရပါသည်။

အပြင်ရောက်မှ နေရီ ကပ်ခိုင်းထားတာ သတိရရင်း ...

ဪ ... သူလည်း မြင်မှာပါ၊ သူ့ဘာသာသူ ကပ်မှာပေါ့လို့ တွေးမိရင်း ကိုယ့် အတန်းရှိရာကို ကိုယ် ပြန်လှည့်လာခဲ့ပါသည်။





ရယ်သံတွေ တဟားဟား ..၊

ခင်မင်း နှုတ်ခမ်းကိုကိုက်ကာ စိတ်ဆိုးဆိုးနဲ့ သူ့နားရွက်ကို ဆွဲလိမ်ပါသည်။

"အား!... နာတယ်ဟ .. လွှတ်ပါဟာ"

"မလွှတ်ဘူး..၊ ပြတ်သွားအောင်ကို လိမ်ဆွဲချင်တာ"

နေရီ တို့က သီးမတတ် ရယ်မိရင်း ...

"ဒါတို့လည်း ဘယ်သိပါ့မလဲ ဟ..၊ ကန့်ဘဲင်းသွားမယ်ဆိုတော့ တအုပ်သိမ်း ဘာသိမ်းနဲ့ ခင်မင်း က နောက်ဆုံးက ထွက်လာတာ"

ကျွန်တော် စပ်ဖြဲဖြဲနှင့် ရယ်ပြတော့ ခင်မင်း က ကျွန်တော် ကျောကို ထုသည်။

ပြီးတော့ ..



www.burmeseclassic.com

www.burmeseclassic.com



"အခန်းထဲက မိုးဇော် က မကြားတကြား ပြောသေးတယ်..၊ အသည်းကို ဓားစိုက်တာတော့ ကောင်းပါတယ်တဲ့..၊ ငါလဲ အမှတ်တမဲ့ပဲပေါ့"

အိသက် က ပြုံးစေ့စေ့နှင့် ခင်မင်း ကို ကြည့်ကာ ...

"လမ်းမှာ လှမ်းနောက်ကြတော့ ခင်မင်း ကို ဘယ်ထင်ပါ့မလဲ ဟ..၊ ဘာ ကြောင်ပြာတာလဲတဲ့"

ကျွန်တော် ခေါင်းကုတ်ရင်း ...

"ဆရာလာတယ်ဆိုတော့ ငါလဲ အမြန်လစ်ထွက်ရတာကို .. ပြီးတော့ ကပ်ခါနီးမှ မြတ်မိုး က လှမ်းခေါ်တော့ .."

ခင်မင်း က ကျွန်တော့်နားရွက်ကို ဆွဲလိမ်ရင်း ...

"နင်တို့ မဟုတ်တာရုတ်ပုံတွေ ကြည့်နေတာ မဟုတ်လား ..၊ ငါ ကြားပြီးပြီ"

"ဟာ .. တရုတ်တွေ မဟုတ်ပါဘူး၊ ဂျပန်တွေပါဟ"

"လင်း .. ယုန် .. နင် .."

ခင်မင်း က လိမ်ဆွဲပြန်ပါသည်။

ကျွန်တော့်နားရွက်ကို ပွတ်ရင်း ...

"နင့်တင်ပါးမှာ ကပ်နေတာ"





"လင်းယုန် .. နင် ငါ့တင်ပါးကို ထည့်ထည့်မပြောနဲ့"

"မပြောလို့ရမလား မျက်နှာမှာ ကပ်နေတာမှ မဟုတ်တာ၊ တင်ပါးမှာ .."

"လင်းယုန် .. နင် မပြောနဲ့ဆို .."

ခင်မင်း မျက်နှာကြီး ရဲတက်လာပါသည်။

"နင့်တင်ပါးအကြောင်း ငါ မပြောတော့ပါဘူး ဟာ"

ကျွန်တော့်စကားကြောင့် ဝိုင်းရယ်ကြပါသည်။

ခင်မင်း က ကျွန်တော့်ခေါင်းကို ရေသန့်ဘူးနှင့် ခေါက်ထုပါသည်။ တော်တော့်ကို နာသွားပါတယ်။

"နင်ကရော ထိုင်မယ့်ခုံကို ငုံ့မကြည့်ဘူးလား"

"လင်းယုန် .."

ရယ်သံတွေ ထွက်လာပြန်ပါသည်။

"နင် .. တမင် အကျင့်ယုတ် .. ငါ့အလှည့်ကျရင်တော့ သိမယ်"

ကျွန်တော် သူမရဲ့ စိတ်ဆိုးမပြေတဲ့ မျက်နှာလေးကိုကြည့်ပြီး တပ်စချင်လာတာကြောင့် ...

"ခင်မင်း .."

သူမက ခပ်ဆတ်ဆတ် ပြန်ထူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုန်း"

"နင် ငါ့ဖင်မှာ ပြန်တပ်မှာလား"

"လင်းယုန် .. နင် ပြောလေ ကဲလေ"

ဟိုကောင်တွေကတော့ သဘောကျပြီးရင်း ကျနေပါတယ်။

နောက်ဆုံးမှ ရောက်လာတဲ့ ဖော်ကြီး က အပြင်က ဝင်လာပြီး ခုံတစ်လုံး ယူထိုင်ကာ ...

"ဟ .. သတင်းက ကြီးမှကြီး ..၊ ခင်မင်း နင့်ဖင် .."

"ကဲ .. ဟယ် .."

ရေသန့်ဘူးက ငိုးခနဲ ..

"အောင်မလေးဗျ"

ဖော်ကြီး ရဲ့ ပြောင်နေတဲ့ နဖူးကို စွပ်ခနဲထိပြီး ဖော်ကြီး ပက်လက်လန်ကျသွားပါသည်။

အားလုံးက တဟားဟား ...။





"ခင်မင်း .. မင်းနဲ့ လင်းယုန် က ဘာလဲ"

အိမ်ထဲဝင်ဝင်ချင်း သူမကို ခြံထဲမှာ စကားပြောစရာရှိတယ်လို့ ခပ်တည်တည်နှင့်ပြောပြီး ခေါ်ထုတ်လာတဲ့ ကျော်ငြိမ်းနိုင် ဆိုင်းမပါ ဗုံမဆင့် မေးပါသည်။ သူမကလည်း ကြောင်တောင်တောင်နှင့် ...

"လူတွေလေ"

ကျော်ငြိမ်းနိုင် မျက်နှာက ဝမ်းနုတ်ဆေး စားထားသလိုပါပဲ။

"ဟာ .. မနောက်နဲ့ ခင်မင်း"

သူမကလည်း တကယ် ပြောတာပါ..။

"မနောက်ပါဘူး .. တကယ့်လူတွေပဲ၊ ကျော်ငြိမ်းနိုင်က လူတွေ မထင်လို့လား၊ ပေါက်ပေါက်ရှာရှာ ရှင် .."

ကျော်ငြိမ်းနိုင် ခေါင်းကုတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .. အဲဒီလိုပြောတာ မဟုတ်ဘူး"

"ဘာလဲ ကျော်ငြိမ်းခိုင် ရယ်..၊ စာကျက်လို့ မရလို့ စိတ်ညစ်နေရတဲ့အထဲ"

ကျော်ငြိမ်းခိုင် သက်ပြင်း မှုတ်ထုတ်လိုက်ပါသည်။

"ကိုယ် အတည်မေးမယ် .. မင်းနဲ့ လင်းယုန် က ချစ်သူတွေလား .."

သူမ အလန့်တကြား ခေါင်းခါရင်း ...

"မဟုတ်ပါဘူး"

ခင်မင်း အငြင်းစကားကြောင့် ကျော်ငြိမ်းခိုင် မျက်နှာကြီး ဝင်းလက်ကာ သက်ပြင်း မှုတ်ထုတ်ရင်း ...

"ဟူး .. တော်ပါသေးတယ် ခင်မင်း ရယ် .."

"စကားဆုံးအောင်လည်း နားထောင်ပါဦး ကျော်ငြိမ်းခိုင် ရယ်..၊ ခင်မင်း နဲ့ လင်းယုန်က အတွဲတွေ"

"ဘယ်လို!..."

ကျော်ငြိမ်းခိုင် တစ်သက်နှင့်တစ်ကိုယ် ခေါင်းရှုပ်သွားတာ အမှန်ပင် ..။

"ဟုတ်တယ်..၊ မတော်တဆ ချစ်သူတွေ ဖြစ်သွားလို့ တွဲနေ





ကြတာ အမှန်ပဲ"

ကျော်ငြိမ်းခိုင် ငိုချင်လာသလို ဖြစ်မိတာ အမှန်ပင် ..။

"ခင်မင်း ကိုယ်တိုင်လဲ တကယ့်သမီးရည်းစားတွေလားဆိုတာကို ယုန်ထင်ကြောင်ထင် ဖြစ်နေတုန်းပဲ၊ နေပါဦး .. ကိုကျော်ငြိမ်းခိုင် က ဘာကြောင့် လာမေးနေတာလဲ"

ကျော်ငြိမ်းခိုင် ဘာဖြေလို့ဖြေရမှန်း မသိဘဲ လက်ဆစ်တွေ ချိုးနေတော့ ခင်မင်း က ...

"အားနဲ့ မချိုးနဲ့လေ..၊ ကျိုးကုန်ဦးမယ်"

ကျော်ငြိမ်းခိုင် ဘာလုပ်ရမှန်း မသိတော့ နောက်ဆုံးတော့ ...

"ဟို .. ကိုယ်နဲ့ ခင်မင်း ကို အိမ်က သဘောတူထားတာ ခင်မင်း သိတယ်နော်"

"အဲဒါ ဘာဖြစ်လဲ"

"ဟိုလေ .. အိမ်က သဘောတူထားပြီး ခင်မင်း က လင်းယုန်နဲ့တွဲနေတော့ .."

ခင်မင်း ကျော်ငြိမ်းခိုင် စကားကြောင့် ရယ်ပါတော့သည်။

"ကျော်ငြိမ်းခိုင် ရယ် .. အိမ်က သဘောတူတာပဲ ခင်မင်း မယူရင် ဒယ်ဒီ ယူမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အမ်!..."

"ဟို ဆောရီး .. စကားပြော လောသွားလို့..၊ အိမ်က သဘောတူတိုင်း ခင်မင်း က ခေါင်းညိတ်ရမှာလား။ ကဲ .. ဥပမာ တစ်ခု ပြောမယ်၊ ကျော်ငြိမ်းခိုင် ကို ကျော်ငြိမ်းခိုင် အဖေက ခင်မင်း နဲ့ သဘောမတူဘဲ နွားမတစ်ကောင်နဲ့ သဘောတူတယ်ဆိုရင် ကျော်ငြိမ်းခိုင် ယူမှာလား .."

ကျော်ငြိမ်းခိုင် 'ဝမ်းဘဲ'လို့ ထ,မအော်ရုံ တမယ် ..။

"အဲဒါပဲ .. ကျော်ငြိမ်းခိုင် ကျွန်မ ဘာကိုဆိုလိုချင်တယ်ဆိုတာ ရှင် သိပြီနော်"

နောက်ဆုံးတော့ ဝိုင်ဝိုင်းသီချင်းစားသားလို ဖြေသိမ့်လိုက်လို့ အော်ဆိုပြီး ပြန်လှည့်လာခဲ့ရပါသည်။





ကျော်ငြိမ်းခိုင် ပြန်သွားပြီး စိတ်ချမ်းသာရမလား အောက်မေ့ပါတယ်။ ကျော်ငြိမ်းခိုင် ပြန်သွားပြီး အိမ်ထဲဝင်တော့ ဒယ်ဒီက ...

"သမီး"

"ရှင် .. ဒယ်ဒီ"

ဒယ်ဒီက ဂျာနယ်ဖတ်နေရင်းက လှမ်းခေါ်တော့ ဒယ်ဒီရှေ့က ဆိုဖာမှာ သူမ ဝင်ထိုင်ပါသည်။

"သမီး .. အကောင်တစ်ကောင်နဲ့ တွဲနေတယ်ဆို"

သူမက ဒယ်ဒီ့စကားကြောင့် ...

"ဟင် .. ဒယ်ဒီကလဲ ဘော်ဘို့ကို ဒယ်ဒီပဲ ပယ်ပေးထားပြီး"

သမီးဖြစ်သူ စကားကြောင့် ဦးခင်းထိုက် ကြေကွဲသွားရပါတယ်။

"ဟာ .. အဲဒီဘော်ဘီကို ပြောတာမဟုတ်ဘူး..၊ ဒို ဘော်ဘီ အဲ .. လူတစ်ယောက်နဲ့ တွဲနေတာ ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်းဖြူ ဒယ်ဒီစကားကြောင့် မျက်မှောင်တွန့်ရင်း ...

"ဒယ်ဒီကလဲ လူတစ်ယောက် မဟုတ်ပါဘူး အများကြီးပါ .. နေရီ၊ အိသက်၊ ခင်မိုးဆွေ၊ မြကြာဖြူ၊ ကေသီပန်"

"တော် .. တော် သမီး၊ ကြာရင် အချစ်တို့ မြရိပ်ညိုတို့ မေဖလားဝါးတို့ ပါလာလိမ့်မယ်..၊ သမီးကို ဒယ်ဒီ ရှင်းရှင်းပြောမယ်၊ သမီး လင်းဝက်ဆိုတဲ့ကောင်နဲ့ တွဲနေတယ်ဆို"

"ဟာ ဖေဖေကလဲ လင်းဝက် မဟုတ်ပါဘူး..၊ လင်းယုန် ပါ သူများသားသမီးကို"

"ဟာ .. ကန်တော့ ..၊ ဟာ .. ဘာလို့ ကန်တော့ရမှာလဲ၊ သမီး အဲဒီကောင်က သမီးရဲ့ရည်းစားလား"

ဒယ်ဒီ့စကားကြောင့် ခင်မင်း ရယ်ရင်း ဒယ်ဒီ့ဘေးမှာ ပြောင်းထိုင်ကာ ဒယ်ဒီ့လက်မောင်းကို မှီပြီး ...

"ဒယ်ဒီကလဲ ဘယ်က သမီးရဲ့ရည်းစား ဟုတ်ရမှာလဲ..၊ အတွဲ ဒယ်ဒီရဲ့ .."

"တော်သေးတာပေါ့ ..၊ အမ် .. ဘာထူးလဲ သမီး"

ဒယ်ဒီ့စကားကြောင့် သူမက မျက်လုံးလေးမှေးပြီး ပြုံးလိုက်တော့ ဒယ်ဒီက နားမလည် ..။





"ဒီလိုရှိတယ် .. သမီး အဲဒီကောင်ကို တွဲချင်လို့တွဲတယ် မထင်နဲ့..၊ အကြံရှိလို့ တွဲနေတာ ဒယ်ဒီ"

"ဘယ်လို အကြံလဲ ပြောပါဦး"

"ဒီကောင်က သမီးကို ဒုက္ခအမျိုးမျိုး ပေးတယ်လေ"

ဦးမင်းထိုက် သမီးစကားကြောင့် ဒေါသပိုဖြစ်ရပါတယ်။

"ဘာ! .. သမီးကို အမြဲဒုက္ခပေးတယ် ဟုတ်လား..၊ တောက်!.. လင်းထွန်း .. မင်းက ငါ့ရဲ့ ..."

ဦးမင်းထိုက် ဆက်ပြောမယ် စဉ်းစားပြီးမှ ရှေ့မဆက်တော့။ ပြီးတော့ ...

"လင်းထွန်း မင်းတော့ကွာ .."

"ဒေါသမဖြစ်ပါနဲ့ဦး ဒယ်ဒီရယ် .. သမီး သူ့ကိုတွဲနေတယ်ဆိုတာက အကြောင်းရှိတယ်၊ သူနဲ့ သမီးက သမီးရည်းစားလို့သာ အမည်ခံတာ တစ်ယောက်ကိုတစ်ယောက် လစ်ရင်လစ်သလို ဒုက္ခပေးနေကြတာ"

"ဘယ်လို ..၊ ရှုပ်နေတာပဲ သမီးရယ်"

ဦးမင်းထိုက် ခေါင်းကုတ်ရင်း စိတ်ရှုပ်ရှုပ်နှင့်ပြောတော့ ခင်မင်း ဒယ်ဒီ့ကို တစ်ယောက်တစ်လှည့် လစ်ရင်လစ်သလို ဒုက္ခပေးကြပုံကို



www.burmeseclassic.com

ပြောပြပါသည်။

"အဲဒီလို လုပ်တော့ ဘာဖြစ်သွားမှာမို့လို့လဲ"

သမီးက ရယ်သည်။

"ဖြစ်တာပေါ့ ဒယ်ဒီရယ် .. ရန်သူကို အနီးကပ် ပေါင်းကြည့်မှ နောက်ဆုံး အလဲထိုးရမယ့် ဗျူဟာကို သိရမှာတဲ့"

ဦးမင်းထိုက် လက်ဖျောက်တီးရင်း မျက်နှာကြီး ဝင်းလက်သွားကာ ...

"ကောင်းလိုက်တဲ့ စကားလုံး .. ဒါ ဘယ်သူ့အဆိုလဲ"

"ဖိနပ်ပြင်တဲ့ ကုလားလေး ဆောမီ"

"အမ်!..."

ခင်မင်း က ဒယ်ဒီ့ပုံစံကြောင့် ဟက်ဟက်ပက်ပက် ရယ်သည်။ အရယ်ဆုံးတော့မှ ...

"ဒါနဲ့ ဒယ်ဒီနဲ့ အဲဒီ လင်းထွန်း ဆိုတာ ဟို .. နယ်မှာတုန်းက.."

ဦးမင်းထိုက် ခေါင်းညိတ်ရင်း ...

"ဟုတ်တာပေါ့ .. ဒယ်ဒီရဲ့ အကျိုးစီးပွားတွေ လုပ်ရပ်တွေကို မနာလိုဖြစ်ပြီး ရှုံ့ချတဲ့ကောင်ပေါ့..၊ အခုလဲ ဒီကောင့်သားကို သမီးက အနီးကပ်ပေါင်းနေတော့ ဒယ်ဒီ စိုးရိမ်တယ် သမီး"





"စိတ်မပူပါနဲ့ ဖေဖေရယ် .. ပေါင်းကြည့်တာ မပူလောက်ပါဘူး"

ဦးမင်းထိုက် စိတ်ထဲမှာတော့ 'ပူတယ်နော် သမီး' လို့ ပြောမိနေပါသည်။

ခင်မင်း ကတော့ လင်းယုန် ဆိုတဲ့ကောင်ကို အတောင်ညှပ်ဖို့ အကြံအစည်တွေ ထုတ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်းဖြူ ဒီကောင့်ကို ချောက်ချဖို့ အကြိမ်ကြိမ် ကြိုးစား ပေမယ့် အဆင်မပြေ ..။ ဒီတစ်ခါ ပီပီပြင်ပြင်နှင့် အထိနာအောင် လုပ်မည်လေ။ ဒီရက်ပိုင်း သူမပဲ လိမ့်ပိန့်ခံနေရသည် မဟုတ်လား။

စာအုပ်ကိုဖွင့်ရင်း သူမ အတွေးတွေက ပျံ့နှံ့နေပါသည်။ လင်း ယုန်၊ နေရီ နှင့် အိသက် တို့က ခပ်လှမ်းလှမ်းက မလေးရှားပိတောက် ပင် အောက်မှာ အလုအယက် စကားတွေ ပြောနေကြပါတယ်။

ကံအလွန်ကောင်းလွန်းနေတဲ့ လင်းယုန် ကို ဘယ်လို ပီပီပြင် ပြင်နှင့် အထိနာအောင် လုပ်ရမလဲ စဉ်းစားရင်း သူမ ဆံပင်တွေဖြူ လာမှာတောင် စိုးရိမ်ရပါသည်။ တွေ့မယ်လေ .. ဒီတစ်ခါတော့ ..။

ခပ်လှမ်းလှမ်းက ခုံတန်းမှာထိုင်ပြီး စာအုပ်တစ်အုပ် ဖွင့်ထား ပေမယ့် တစ်ခုခုကို တွေးတောနေပုံရတဲ့ ခင်မင်း ကို အမှတ်တမဲ့ ကြည့်မိပြီး လင်းယုန် သက်ပြင်းချမိသည်။





လင်းယုန် ရဲ့သက်ပြင်းသံနှင့် ငေးကြည့်နေတဲ့ပုံရိပ်ကြောင့် နေရီ သတိပြုမိရင်း ...

"နင် ဘာတွေ သက်ပြင်းချနေတာလဲ လင်းယုန်"

လင်းယုန် က ခပ်လှမ်းလှမ်းက ခင်မင်းဖြူ ကို မေးဆတ်ပြရင်း..

"ဟိုမှာလေ ငါ့ကို ဘယ်လို ချောက်ချရမလဲ တွေးရင်း သောက ရောက်နေတဲ့ ခင်မင်း ကိုကြည့်ပြီး သနားလို့ပါ"

အိသက် လင်းယုန် စကားကြောင့် ပြုံးမိပါသည်။

"နင်ကလဲ နင်ပဲကို ဟာ"

"မဟုတ်သေးဘူး"

"ဘာကို ပြောတာလဲဟဲ့"

လင်းယုန် စကားကို နားမရှင်းဟန်နှင့် တူပါတယ်။ နေရီ က မေးသည်။

"အခုနောက်ပိုင်း သူ့ကို ငါ အရှုံးပေးဖို့ ကြိုးစားနေပါတယ်"

"ဗုဒ္ဓေါ!..."

"ဘုရားရေ .."

လင်းယုန် ဆီက မထင်မှတ်တဲ့စကားသံကြောင့် နေရီ နှင့် အိသက် မျက်လုံးအဝိုင်းသား .. လင်းယုန် နာနာကျင်ကျင် ပြုံးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးခဲ့တဲ့ အဖြစ်အပျက်တွေက ငါလုပ်ခဲ့တာ မဟုတ်ပါဘူး ဟာ..၊ ကံကြမ္မာက စီစဉ်တာပါ။ ငါ့ပယောဂ လုံးဝ မပါပါဘူး"

"ဒါပေမယ့် နင်လုပ်တာပဲ သူ ထင်နေတာ လင်းယုန်"

"အေးလေ .."

နေရီ တို့ရဲ့ စကားကြောင့် ကျွန်တော် ခေါင်းညိတ်ပြမိရင်း ...

"အဲဒါကြောင့် ငါ အရှုံးပေးမယ်လို့ ပြောတာပေါ့..၊ အဲဒီကိစ္စကို ခင်မင်းဖြူ ကို လုံးဝ မပြောမိဖို့ နင့်တို့ကို တောင်းပန်ပါတယ် ဟာ..၊ အရှုံးတွေနဲ့ ကြုံနေရတဲ့ လူတစ်ယောက်အတွက် တစ်ခါလောက် အနိုင်ပေးလိုက်ရင် ဘယ်လောက် ဝမ်းသာလိုက်မလဲ"

နေရီ နဲ့ အိသက် လင်းယုန် ကို ကြည့်ပြီး စိတ်မကောင်းမိ ..။

"ဟော .. လာပြီ၊ နင်တို့ သွားမပြောနဲ့နော်"

သူတို့ဆီ စာအုပ်ကို အိတ်ထဲထည့်ပြီး လျှောက်လာတဲ့ ခင်မင်း ကိုမြင်တော့ လင်းယုန် က အသံကျယ်ကျယ်နှင့် ...

"ဟာ .. မလိုက်ချင်ပါဘူး ဟာ"

ရုတ်တရက်မို့ နေရီ နှင့် အိသက် ကြောင်တောင်တောင်ဖြစ်သွားပါတယ်။ လင်းယုန် မျက်လုံးပြူး မျက်ဆံပြူးပြူးမှ အသိဝင်လာကာ...

"ဟာ .. လိုက်ပို့ပါဟာ"





"အေး .. ဟုတ်တယ်၊ လိုက်ပို့ .."

ခင်မင်း လင်းယုန် ဘေးနားမှာ ဝင်ထိုင်ပြီး ...

"ဟဲ့ .. စာမေးပွဲနီးနေတာ ဘယ်လိုက်ပို့ခိုင်းနေတာလဲ"

ခင်မင်း က ရယ်ကာမောကာနှင့် နေရီ ကိုမေးတော့ နေရီ ဘာပြေရမှန်းမသိ။ သိတော်မူတဲ့အတိုင်း ကြောင်တောင်တောင်နှင့်...

"ဟို .. မြောက်ကိုးရိုးယား အဲ မဟုတ်ပါဘူး .. မြောက်ဥက္ကလာ"

လင်းယုန်က ကမန်းကတန်း ဝင်ပြောရပါတယ်။

"ဟာ .. ကရဝိက်ဥယျာဉ်သွားပြီး ရေခဲမုန့် စားမလို့ဆို"

အိသက် က နေရီ ကို အသာကျိတ်လိမ်ဆွဲရင်း ..

"နေရီ ကတော့လေ သူပဲပြောပြီး ကြောင်တောင်တောင်နဲ့"

ခင်မင်း ကလည်း ဒီကောင်ကို ချောက်ချဖို့ အကွက်သာမိလေး ဘာလေး ရလိုရငြား စဉ်းစားလို့ရနိုင်တာကြောင့် ...

"အေးလေ .. သွားဟာ၊ ငါလဲ စာကျက်ရတာ နည်းနည်း ငြီးငြီး ဖြစ်လာတာနဲ့ အတော်ပဲ"

ခင်မင်း စကားကြောင့် လင်းယုန်က ခပ်တည်တည်နှင့်...

"နင်တို့ပဲ သွားကြလေ..၊ ငါ နေခဲ့မယ်"

ခင်မင်း နှုတ်ခမ်းစူပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"လင်းယုန် နော် .. နင်မလိုက်လို့ မရဘူး"

လင်းယုန် ကလည်း စိတ်ပျက်ဟန် အမူအရာနှင့် အပီအပြင် သရုပ်ဆောင်ပါသည်။

"ဟာ .. ငါက ပန်းခြံထဲ ဘာလိုက်လုပ်ရမှာလဲ..၊ ကုလားကား တွေထဲကလို နင်နဲ့ ငါနဲ့ သီချင်းဆိုပြီး ကနေရမှာလား"

လင်းယုန် စကားကြောင့် ဟိုနှစ်ယောက်က ရယ်သည်။ ခင်မင်း က လင်းယုန် ကျောကိုထုကာ အိသက် က စပ်ဖြီးဖြီးနှင့် ...

"ခင်မင်း .. နင် ဒီကောင့်ကျောကို အရမ်းမထုနဲ့နော်"

"ထုမှာပဲ"

"အေး .. အရမ်းထုလို့ အသည်းနှလုံးကွဲသွားကျရင် .. နင့်ကို မချစ် ဘဲနေရင် ဘယ်လိုလုပ်မလဲ"

အိသက် စကားကြောင့် ခင်မင်း ရှက်ရှက်နှင့် အိသက် ကို လိုက်ထုတော့ အိသက် ပတ်ပြေးသည်။

"ဟိုကောင်တွေရော .."

"ယဉ်ကျေးမှုဘက် သွားတယ်၊ ခဏနေရင် ပြန်လာတော့မှာ ဆရာလေး နိုင်းလိုက်လို့တဲ့"

ဆရာလေးဆိုတာက သူတို့မေဂျာက အား/ကာဆရာ ဆရာ





မြင့်ဇော် ...

"အဲဒါဆို ကရဝိတ်ဥယျာဉ်ထဲ လိုက်ခဲ့ဖို့ ဖုန်းနဲ့ မှာလိုက်ပါလား"

နေရီ စကားကြောင့် ကျွန်တော် ခင်မင်း ဖုန်းကို လှမ်းတောင်း ပြီး ဒီကောင်တွေကို လှမ်းမှာပါတယ်..။

"ဒါန နဲ့ သီလ လင်းယုန် ပြောမယ် .. ကြားလား"

"လင်းယုန် ရထားဖြစ်တယ်၊ ကားပျက်တယ် ကြားလား"

ကျွန်တော်တို့ ဖုန်းပြောပုံကြောင့် ဟိုဟာမလေးတွေက တဟားဟား ..။

"ကြားတယ် .. ပို့ငှ သရီးဝမ်း ဗီးရီးတောင်ကုန်း အနောက်က ကရဝိက်ဥယျာဉ်ကို ဆုံမှတ်ထားမယ် .. ဒါပဲ"

"ကြားတယ် .. ကြားတယ် .. အခုလား"

"အေး .. ဟုတ်တယ် .. ဒါပဲ"

ပေါက်တတ်ကရတွေ ပြောပြီး ဖုန်းချလိုက်ပါတယ်။

"ကဲ .. လစ်မယ်"

ခင်မင်း က သူမရဲ့ကားသော့ကို လှမ်းပစ်ပေးပါသည်။

ကျွန်တော် လှမ်းဖမ်းလိုက်ရင်း သူမကားရှိရာကို လေးယောက် သား လျှောက်လာခဲ့ပါတယ်။ ကျွန်တော် မြေပြင်ကို လက်ညှိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုးပြီး နဖူးမှာ သုတ်တော့ ...

"ဟဲ့ .. ဘာလုပ်တာလဲ"

ခင်မင်း စပ်စပ်စုစုနှင့်မေးတော့ ကျွန်တော် ဖြေသည်။

"မျက်ခုံးတွေ လှုပ်လို့ဟ"

ကျွန်တော့်စကားကြောင့် သူမက မျက်စောင်းထိုးသည်။ ဟိုနှစ်ယောက်က ရယ်သည်။ ကျွန်တော် ခင်မင်း ကားရပ်ထားတဲ့နေရာရောက်တော့ ကားနားမှာ အသင့်စောင့်နေတဲ့ ကျော်ငြိမ်းနိုင်ကို တွေ့သည်။

"ခင်မင်း .. နင့်ကောင် ကားနားမှာ စောင့်နေတယ်"

"လင်းယုန် နင်နော်.. ၊ ဘာမှ ပေါ့ကောင် မဟုတ်ဘူး"

"ဟာ .. နင်ပဲပြောတော့ နင့်အဖေသဘောတူတဲ့ လူဆို"

"အဖေ သဘောတူတာလေ ..၊ ငါမှ သဘောမတူတာ"

"ဒါဆို ငါကျတော့ရော နင် သဘောကောတာပေါ့"

ခင်မင်း က အံကြိတ်ပြသည်။ ကျော်ငြိမ်းနိုင် က ခင်မင်းနှင့်အတူ ကျွန်တော် ပါလာတာကြောင့် ကျေနပ်ချင်ပုံ မပေါ် ..။

"ခင်မင်းဖြူ မင်း ငါနဲ့လိုက်ခဲ့ပါ"

"ဘာကိစ္စလဲ"





နေရီနဲ့ အိသက်က အဲဒီ ကျော်ငြိမ်းနိုင် ကို လုံးဝကြည့်မရ။ အရမ်း ပဲများပြီး မသိရင် မိန်းကလေးတွေက သူ့ကို ကြိုက်နေသလိုလို..။ ဘယ်မိန်းကလေးမှ သူက ပြန်မကြိုက်ဟန် ပုံစံဖမ်းထားတဲ့ရုပ် ..။ ကျော်ငြိမ်းနိုင် က လင်းယုန် ကို မသိမသာကြည့်ပြီး ...

"ဒီနေ့ ညနေ ထရိတ်ဒါးမှာ ဒင်နာတစ်ခု ရှိတယ်၊ ကိုယ့်ဘွားဘွား တောင်ကြီးက လာမှာ .."

နေရီ က မကြားတကြား ပြောသည်။

"တောင်ကြီးပဲလျှော် ရောင်းပြီး ပြန်လာတာ ဖြစ်မယ်"

အိသက် က မရယ်မိအောင် နေရသည်။ ကျော်ငြိမ်းနိုင် က မိန်းမဆန်ဆန် မျက်စောင်းကြီးထိုးသည်။

"အဲဒါ ဘာဖြစ်လဲ"

ခင်မင်း က စိတ်မရှည်တာကြောင့် မေးတော့ ...

"အင်.. မင်းနဲ့ကိုယ်ရဲ့ စေ့စပ်ပွဲအတွက် ဆွေးနွေးတိုင်ပင်ဖို့ မင်းဒယ်ဒီက မင်းကို ကိုယ်နဲ့အတူ တစ်ခါတည်းလိုက်ခဲ့ဖို့ မှာလိုက်တယ်"

လင်းယုန် မျက်နှာမကောင်းမှန်း အိသက် တို့ သိသည်။

"ခြောက်နာရီ မဟုတ်လား .. တို့ လာခဲ့မယ် ကျော်ငြိမ်းနိုင်၊ အခုတော့ သွားစရာရှိလို့ တဆိတ်လောက်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်း ပြောပုံက ကားနားက ဖယ်ခိုင်းမှန်း သိသာတာကြောင့် ကျော်ငြိမ်းခိုင် အောင့်သက်သက်နှင့် ဖယ်ပေးလိုက်ရပါသည်။

"သွားမယ်လေ ..၊ ဟဲ့ .. ဘာငိုင်နေတာလဲ"

ခင်မင်း လှည့်သတိပေးမှ လင်းယုန် သတိဝင်လာကာ ကားတံခါးကိုဖွင့်ပြီး အထဲဝင်ထိုင်ပါသည်။ ကားမောင်းထွက်လာတော့ လင်းယုန် ကားဘတ်ကြည့်မှန်မှတစ်ဆင့် ကျော်ငြိမ်းခိုင် မကျေမနပ်နှင့် ကျန်ရစ်ခဲ့မှန်း တွေ့ရပါသည်။ ကား အတော်မောင်းလာသည်အထိ တစ်ယောက်နှင့်တစ်ယောက် စကားမစဖြစ်ကြ ..။

"နင့် တကယ်ပဲ ဆုံးဖြတ်လိုက်ပြီလား ခင်မင်း"

ခင်မင်း ဆီက အသံထွက်မလာ..၊ အိသက် က ထပ်မေးပြန်သည်။

"ဒါဆို နင်နဲ့ လင်းယုန်က ဘာလဲ"

ကျွန်တော် ရုတ်တရက် ဘရိတ်ဖမ်းလိုက်တာကြောင့် အထဲမှာ ယိမ်းထိုးကုန်တော့သည်။ နေရီ က သူမနဖူးကို ပွတ်ရင်း ...

"မီးပွိုင့်မိတာပဲဟယ် .. ဖြည်းဖြည်းသက်သာ ဘရိတ်အုပ်စမ်းပါ..၊ အကုန် သေကုန်တော့မှာပဲ"

"စိတ်နဲ့လူနဲ့ မကပ်ဘူးထင်တယ်"

ခင်မင်း က ကျွန်တော့်ကို ငေးကြည့်နေမှန်း ကျွန်တော် သိပါ





သည်။ နောက်တော့ အဲဒီအကြောင်းကို ဘယ်သူမှ စကားမဟတော့ဘဲ ငြိမ်ငြိမ်သက်သက် နေနေခဲ့ကြပါတယ်။ ပန်းခြံထဲရောက်တော့ အိသက် နဲ့ နေရီ က အလိုက်တသိ ရှောင်ပေးကြပါတယ်။

ကျွန်တော်နှင့် ခင်မင်း ကန်အစပ်နားကခုံမှာ ထိုင်ပြီး ရေပြင်ကို ငေးကြည့်မိကြပါသည်။ အတန်ကြာ ငြိမ်သက်သည်အထိ တစ်ယောက်နှင့်တစ်ယောက် စကားမဆိုဖြစ်ကြ။ နောက်တော့ .. သက်ပြင်းနှင့်အတူ ခင်မင်း ဆီက စကားသံ စကြားရပါသည်။

"လင်းယုန် .."

ကျွန်တော် အတွေးလွန်နေရာမှ ဆတ်ခနဲ ဖြစ်သွားရင်း ...

"အင်း .. ဟင် .. ဘာလဲ ခင်မင်း"

သူမက ကျွန်တော့်ဖြစ်ပုံကြောင့် ပြုံးသည်။

"ငါ ကျော်ငြိမ်းခိုင် ကို လက်ခံသင့်လား"

ကျွန်တော့်ကို ငေးကြည့်နေမှန်း ကျွန်တော် သိသည်။

"ဒါက နင့်သဘောပါ ..၊ နင်က ရွေးချယ်ရမယ့်သူလေ"

"နင်ကရော တစ်ခုခု မပြောချင်ဘူးလား လင်းယုန်"

ကျွန်တော် ကန်ရေထဲကို သောက်လက်စ စီးကရက်ကို တောက်ထုတ် လွှတ်ပစ်လိုက်မိပါသည်။



www.burmeseclassic.com

"ဝါ ပြောပြီးပြီပဲ"

"ဘယ်လို .."

"ဟုတ်တယ်လေ ..၊ အကြိမ်ပေါင်းများစွာ ငါ့ရင်ခုန်သံတွေကို နင့်ကိုချစ်ကြောင်း ငါ့မျက်လုံးထဲကနေ ပြောပြီးပြီပဲ..၊ နင် မမြင်တာလား .. နင် မမြင်မိတာလား ခင်မင်း"

ကျွန်တော်နှင့် ခင်မင်း တစ်ဦးနှင့်တစ်ဦး အကြာကြီးစိုက်ကြည့်မိကြပါသည်။ နောက်တော့ ခင်မင်း က မျက်လုံးလွှဲသွားပါတယ်။ ခင်မင်း က မတ်တတ်ရပ်ကာ ...

"ခဏစောင့်နေ .. လင်းယုန်"

သူမက ဘေးမှာချထားတဲ့ သူမရဲ့အိတ်ကို ပခုံးမှာ ချိတ်ကာ ထွက်သွားပါတယ်။

ကျွန်တော်ကတော့ ကန်ရေပြင်ကို ငေးကြည့်ရင်း သူမပေးတဲ့ ပုန်းတွေနှင့် အဖြေရှာမရရင်း ကျန်ရစ်ခဲ့ပါသည်။





"လင်းယုန် .. လင်းယုန် .. လုပ်ပါဦး"

စိုးရိမ်တကြီးနှင့် အပြေးရောက်လာတဲ့ သူမကြောင့် ကျွန်တော် ကာမန်းကာတန်း ထရပ်ရင်း ...

"ဘာဖြစ်လို့လဲ ခင်မင်း .. လန့်လိုက်တာ"

ခင်မင်း က အားကိုးတကြီး မျက်ဝန်းတွေနှင့် သူ့ရဲ့ လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ ...

"လူတစ်ယောက် ငါ့အိတ်ကို လုသွားတယ်"

"ဟင် .. ဘယ်မှာလဲ"

"ဟိုဘက်မှာ .."

ကျွန်တော့်လက်ကို ဆွဲပြီး သူမ ဆွဲခေါ်ရာသို့ ကျွန်တော် အလိုက်တသင့် ပါသွားသည်။

www.burmeseclassic.com



"ဟိုမှာ .."

တစ်နေရာရောက်တော့ ခင်မင်း ညွှန်ပြရာ ကြည့်လိုက်တော့ လူတစ်ယောက် ခင်မင်း အိတ်ကို လက်မှာကိုင်ပြီး သူတို့ကို ကျော ပေးလျှောက်သွားတာ တွေ့လိုက်ရပါတယ်။

"နင် ဒီမှာ နေခဲ့"

သူမကိုပြောပြီး တဟုန်ထိုး ပြေးထွက်သွားတဲ့ လင်းယုန် ကို ကြည့်ပြီး သူမ ကျောခိုင်းလှည့်ထွက်ကာ အားရပါးရ ရယ်မိပါသည်။

"လင်းယုန် .. ဒီတစ်ခါတော့ နင့်အလှည့်ပဲ .. ဟား .. ဟား.."

သူမတစ်ယောက်တည်း သဘောကျစွာ ရယ်ရင်း ပြန်လှည့်ခဲ့ပါသည်။ နေရီ နှင့် အိသက် တို့နဲ့ ချိန်းထားတဲ့နေရာရောက်တော့..

နေရီ က သူမရဲ့အိတ်ကို လှမ်းပေးရင်း ...

"ရော့ .. ဘယ်သွားနေတာလဲ၊ ဒါန .. လင်းယုန် ရော .."

"အရေးတကြီးကိစ္စရှိလို့ ပြန်သွားပြီ"

"ဟင်!..."

နေရီ နှင့် အိသက် တစ်ယောက်ကိုတစ်ယောက် ပါးစပ် အဟောင်းသားနှင့် ကြည့်မိကြပါသည်။

နေရီ က မယုံသင်္ကာနှင့် ...





"ဟုတ်လို့လား"

"ဩော် .. ငါက လိမ်ရမှာလား..၊ ကဲ .. ကဲ သွားမယ်၊ ငါ နင် တို့ကို လိုက်ပို့ပေးမယ် ..၊ ပြီးရင် ငါ ဒင်နာ သွားရဦးမယ်"

ခင်မင်း က ပြန်ဖို့ပြင်ဆင်နေတော့ နေရီ ရုပ်တည်တည်နှင့်...

"ရတယ် .. ငါတို့ဘာသာ ပြန်မယ်"

"အေး .. ခဏနေလိုက်ဦးမယ်၊ တစ်ခါတလေ ရောက်တုန်း"

ခင်မင်း ကျိတ်၍ သက်ပြင်းချမိကာ ...

"အေး .. ဒါဆို ငါ သွားတော့မယ် ဘိုင့်ဘိုင်"

သူမ ခြေလှမ်းသုံးလေးလှမ်းရောက်တော့ ...

"ခင်မင်း .."

သူမ လှည့်မကြည့်မိ ..၊ နေရီ က ဆက်ပြောသည်။

"ရှုံးသွားတာနဲ့ တမင်အရှုံးပေးတာ မတူဘူးနော်..၊ နင် သတိ ထားသင့်တယ်"

သူမ ဆတ်ခနဲ ဖြစ်သွားပါတယ်။

နောက်တော့ သူမခြေလှမ်းတွေက လေးတိလေးကန်နှင့် ရှေ့ ကို ခင်မင်း ထွက်သွားပြီး အတော်ကြာမှ အိသက် က ...

"နင် လင်းယုန် ပေးခိုင်းလိုက်တဲ့ မီးခြစ်ကို သေချာထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်လား နေရီ"

နေရီ က ခေါင်းညိတ်ရင်း ...

"အေးပါ .. အိတ်လာအပ်သွားကတည်းက ငါ အသေအချာ ထည့်ပေးလိုက်တာပါဟ ..၊ ဒါနဲ့ လင်းယုန် က ဘာလို့ ထည့်ပေးနိုင်း လိုက်တာလဲ"

နေရီ က ခေါင်းခါရင်း ...

"သိဘူးလေ ..၊ တကာယ်လို့ တစ်ခုခုထူးခြားရင် အဲဒီမီးခြစ်ကို ခင်မင်း မသိအောင် ခင်မင်း အိတ်ထဲ ထည့်ပေးလိုက်ပါတဲ့..၊ အဲဒါပဲ မှာတာ"

"ဟင် .. အခု ဘာထူးခြားနေလို့လဲ"

နေရီ က သက်ပြင်းချရင်း ...

"ငါ့စိတ်ထဲမှာ အလိုလိုသိနေတယ်၊ တစ်ခုခု ထူးခြားပြီ ထင် တယ် ဟ"

"အေး .. ဟုတ်တယ်၊ လင်းယုန် ချက်ချင်းကြီးတော့ မပြန်နိုင် ဘူး၊ ဟော ..."

အိသက် ရဲ့ 'ဟော..'ဆိုတဲ့ စကားကြောင့် အိသက် နည်းတူ လိုက်ကြည့်တော့ ဒါန နဲ့ သီလ..။ သူတို့နှစ်ယောက်က သူမတို့ဆီ





လျှောက်လာရင်း ...

"ဟိုနှစ်ယောက်ရော နိုးပြေးသွားပြီလား"

"ခင်မင်း က ပြန်သွားပြီ ဟ..၊ လင်းယုန် က ဘယ်ထွက်သွားလဲ မသိဘူး"

အိသက် စကားကြောင့် ဒါန က ရယ်ရင်း ...

"အဖြေမရလို့ .. ရေထဲခုန်ဆင်းသွားပြီလား မသိဘူး..၊ နေရီ နှင့် ခါးတောင်းကျိုက်ပြီး ရေထဲဆင်းရှာဟာ"

"သေနာ .."

နေရီ ပက်ပက်စက်စက်ပြောတော့ သီလ က ရယ်ကျဲကျဲနှင့်...

"မလုပ်ပါနဲ့ကွာ ..၊ သူ့မှာ မပေါ့မပါးကြီးနဲ့"

သီလ စကားကြောင့် နေရီ သီလ ကို လိုက်ရိုက်တော့ အိသက် က ...

"နေရီ ရေ နောက်မှ အချစ်စမ်းကြ ..၊ ကိုယ်တော်ချောကို လိုက်ရှာရအောင်"

အိသက် စကားကြောင့် လေးယောက်သား စကားတပြောပြော နှင့် လျှောက်လာကြပါတယ်။

"ဟဲ့ .. ဟိုမှာ ရုတ်စုရုတ်စုနဲ့ ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လူလေးငါးယောက်က မြေပြင်ပေါ်မှာ လဲနေသူကို ပိတ်ကန် သူကန် ရိုက်သူကရိုက်နှင့် လုံခြုံရေးဝန်ထမ်းနှစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်က ထိုးတဲ့ရိုက်တဲ့သူကို လိုက်ဆွဲနေတာ တွေ့ရပါတယ်။

"ရန်ဖြစ်နေတာ ထင်တယ်"

"ခပ်ဝေးဝေး နေ .. ငါတို့ပါ အမှုပတ်နေဦးမယ်"

နေရီ နဲ့ အီသက် က မိန်းကလေးပီပီ ကြောက်ကြောက်လန့်လန့်ပြောတော့ ဒါန က လဲနေသူကို သေချာကြည့်ရင်း ...

"ဟင်!... ဟာ ... လင်းယုန် ဟ"

"ဘာ!... ဒုက္ခပဲ"

"လုပ်ပါဦးဟယ် .. ကိုယ်ကျိုးတော့ နည်းပြီထင်တယ်"

သူတို့လေးယောက် ပြေးသွားရင်း ...

"ဟေ့လူတွေ ဘာလုပ်တာလဲဗျ..၊ ဒါ ကျုပ်သူငယ်ချင်း"

"ခင်ဗျားတို့နော် မတရား အနိုင်မကျင့်နဲ့"

ဒါန နဲ့ သီလ က သွေးသံရဲရဲနှင့် လဲကျနေတဲ့ လင်းယုန် ကို ပွေ့ချီရင်းပြောတော့ နေရီ တို့အရွယ် မိန်းကလေး အတင်းလိုက်ဆွဲနေတဲ့ ဗလတောင့်တောင့်နှင့်ပုဂ္ဂိုလ်က ဒေါသမပြေသေးတဲ့ရုပ်နဲ့ ...





"ဒီကောင်က အလစ်သမားဗျ"

"ဘယ်လို .."

သူတို့လေးယောက်လုံး အံ့အားသင့်သွားပါတယ်။ ကိုဗလ က ဆက်ပြောပါတယ်။

"ကျုပ်ကောင်မလေး တို့ုင်းလက်(စ်)သွားလို့ သူ့ရဲ့ အိတ် ကျုပ်ကိုပေးခဲ့တာကို ဘာမပြော ညာမပြောနဲ့ သူ့ကောင်မလေးဟာပါဆိုပြီး အတင်းဝင်လုလို့ ကျုပ် ဆော်ထားတာ .. ဘာဖြစ်လဲ"

ဘေးမှာ ဝိုင်းလုပ်အားပေးကြတဲ့ သုံးယောက်ကလည်း ...

"ဟုတ်တယ်ဗျ ..၊ သူက 'သူခိုး သူခိုး' ဆိုလို့ ကျုပ်တို့ကလဲ စေတနာနဲ့ ဝင်ထိုးကြတာ"

အဲဒီလူစကားကြောင့် နေရီ က ဒေါသတကြီး ရန်တွေ့သည်။

"အမလေး စေတနာ .. ဒီလောက် ရောင်ကိုင်းအောင် ထိုးထားတာကို စေတနာ .. သီမယ် ရှင်တို့အားလုံးကို ရဲစခန်းကိုင်ပြီး အမှုဖွင့်မယ်"

ရဲစခန်းဆိုတော့ လုပ်အားပေးသမားတွေ လန့်ဖျပ်ကုန်သည်။ ကိုဗလ တစ်ယောက်သာ ...

"အိုဗျာ ကြိုက်သလို တိုင်..၊ ဒီလူက အိတ်ကိုဝင်လုတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



အိသက် က ပွဲကို ဝင်ထိန်းရပါသည်။

"နေပါဦးရှင် .. ကျွန်မ ပြောပြပါ့မယ် ...၊ ဟုတ်တယ် .. အခု လဲနေတဲ့ကောင်လေးရဲ့ ချစ်သူမှာလဲ အဲဒီလိုအိတ် ရှိတယ်"

အားလုံး ပါးစပ်အဟောင်းသား။ ဒါန နှင့် သီလ သိလိုက်ပါပြီ။ ဒါ ခင်မင်း ရဲ့ လှည့်ကွက်မှန်း ရိပ်မိလိုက်ပြီ ..။

"ခုန သူ့ကောင်မလေးက သူ့အိတ်ကိုဖွက်ပြီး သူ့ရည်းစားကို သူ့အိတ်လုသွားပါပြီလို့ တမင်စလိုက်ပုံ ရမယ်"

လုံခြုံရေးဝန်ထမ်းတွေလည်း ရယ်ရမလို ငိုရမလို ..။

"ဟာဗျာ .. ဘယ်လိုစိတ်ထားနဲ့ သမီးရည်းစားတွေမှန်း မသိပါဘူးဗျာ၊ ဒါနဲ့ သူ့ရည်းစားရော .."

"ပြန်သွားပြီ"

အိသက် စကားကြောင့် လုံခြုံရေးဝန်ထမ်းက သူ့နဖူးသူရိုက် ရင်း ...

"အိုးမိုင်ဂေါ့"

အဖြစ်အမှန်သိတော့ ကိုဗလတို့ရော သူ့ကောင်မလေးတွေရော ဟို လုပ်အားပေးဆရာသမားတွေပါ ခြေသလုံး မဖက်ရုံတမယ် တောင်းပန်ပါတယ်။





"တကယ် မသိလို့ပါဗျာ"

"ကဲ .. ကဲ .. ဆေးရုံပို့ဖို့ လုပ်ကြ"

နောက်တော့ ကိုဗလတို့ သမီးရည်းစားကာပဲ သူတို့မှာပါလာ တဲ့ ဆန်နီပစ်ကပ်ကားလေးနှင့် အနီးဆုံးဆေးရုံကို လိုက်ပို့ကြပါ တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်း ထရိုက်ဒါး ကားပါကင်မှာ ကားကိုထိုးရပ်နေစဉ်မှာ ဖုန်းက မြည်လာပါတယ်။

ဖုန်းက အိတ်ထဲမှာမို့ အိတ်ထဲလက်နှိုက်ပြီးအထုတ် တစ်ခုခု ထူးခြားနေတာကြောင့် အိတ်ထဲက စမ်းမိနေတဲ့အရာကို ထုတ်ယူကြည့်တော့ ...

"ဟင် .."

လင်းယုန် ရဲ့ ဇစ်ပိုမီးခြစ် .. သေချာပါသည် .. သူတို့ရဲ့ ငြိမ်းချမ်းရေးသင်္ကေတ ဝင်ခွင့်စတေကာလေးတောင် ကိုင်ပါများလို့ အရောင်မှိန် နေပါပြီ..။

ဖုန်းက အဆက်မပြတ်မြည်လာတာကြောင့် သတိဝင်လာကာ ဖုန်းကို ဖွင့်တော့ ...





"ဟယ်လို .. ပြော .. နေရီ"

သူမ ခပ်အေးအေးပဲ ပြောတော့ တစ်ဖက်က ...

"အခုလောက်ဆို နင့်အိတ်ထဲမှာ ဇစ်ပိုမီးခြစ်လေးကိုတော့ တွေ့ပြီးလောက်ပြီ ထင်ပါတယ် ..၊ နင် ဆန္ဒပြည့်စေချင်တဲ့အတိုင်း လင်းယုန် လုပ်ပေးပြီးပါပြီ၊ ခင်မင်း .. နင် ကျေနပ်လိုက်ပါတော့".

"ဟင်!..."

သူမ ပါးစပ်အဟောင်းသား ..၊ ဒါဆို သူမ ကမန်းကတန်း မေးမိပါသည်။

"လင်းယုန် .. လင်းယုန် .. သိနေကာပေါ့"

"သိပ်သိတာပေါ့ ခင်မင်း ..၊ အဲဒါကြောင့် ငါ့ကို အသေအချာ မှာခဲ့လို့ နင့်အိတ်ထဲကို ငါ ဇစ်ပိုမီးခြစ်လေး ထည့်ပေးလိုက်တာ၊ သူက ကြာပါပြီ နင်ကို အနိုင်ပေးချင်နေတာ..၊ ကျောင်းမှာ ဖြစ်ခဲ့တဲ့ ကိစ္စတွေက သူ့ပယောဂ မပါပါဘူး..၊ ကံကြမ္မာက စီရင်ခဲ့တာပါ"

သူမ မျက်ဝန်းတွေက မျက်ရည်တွေ စီးကျလာပါသည်၊ သူမ ရဲ့ရှိုက်သံကို နေရီ ကြားလောက်ပါပြီ ..။

"လင်းယုန် ပြောဖူးတယ်..၊ အရှုံးတွေနဲ့ [illegible]တွေ့နေရတဲ့ လူတစ်ယောက်အတွက် တစ်ခါလောက် အနိုင်ရရင် ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလိုက်မလဲတဲ့"

"ငါ .. ငါ .. မှားပြီ ထင်တယ် .. နေရီ"

"မှားတာ မှန်တာ နင့်ကိစ္စပါ..၊ နင် ပျော်နေရမယ့်အချိန်မှာ သတင်းဆိုးတစ်ခုကို ပြောရလို့ ခွင့်လွှတ်ပါ ..၊ လင်းယုန် နင်ဖြစ်ချင်တဲ့ဆန္ဒအတိုင်း ဖြစ်ခဲ့ပါပြီ..၊ ငါတို့ .."

နေရီ က ဆေးရုံတစ်ခုနာမည်နဲ့ အခန်းနံပါတ်ကို ပြောပြသည်။ ပြီးတော့ ...

ဖုန်းပိတ်သွားတဲ့အသံ တီ .. တီ .. တီ ဆိုတဲ့ သံရှည် မြည်လာပါတယ်။ သူမ စတီယာရိုင်ပေါ် မျက်နှာအပ်ပြီး ငိုမိပါတယ်။ ပြီးတော့ နောက်တစ်ခါ ဖုန်းဝင်လာပါတယ်။

သူမ မျက်ရည်တွေကို သုတ်ပစ်မိသည် ..။ ဖုန်းနံပါတ်ကိုကြည့်တော့ ဒယ်ဒီ့ဖုန်းနံပါတ် ..။ သူမ ကားပေါ်ကဆင်းရင်း ဒယ်ဒီရှိတဲ့ နေရာနဲ့ သိပ်မဝေးတော့ ..။

သူမ ဖုန်းကို ဖွင့်လိုက်သည်။

"သမီး ဘယ်ရောက်နေတာလဲ .. ဒီမှာ လူစုံနေပြီလေ"

"ဒယ်ဒီ စေ့စပ်ပွဲကို ဖျက်သိမ်းလိုက်ပါ ..၊ ပြီးတော့ သမီးကို ခွင့်မလွှတ်ချင်လဲ နေပါ"





"သမီး .. သမီး .. ဟာလို .."

သူမ ဖုန်းကို ပိတ်လိုက်ပါသည်။

သူမ မျက်ရည်တွေနှင့် ပြုံးမိပါသည်။

ပြီးတော့ စက်နှိုးကီယာထိုးကာ ကားကို ပြန်နောက်ဆုတ်မောင်းထွက်သွားတာကြောင့် ကားလုံခြုံရေးမှူးက အခုရပ်ပြီး အခုပြန်ထွက်သွားတဲ့ကားကိုကြည့်ပြီး ကြောင်တောင်တောင်နှင့် ခေါင်းကုတ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ခုမှ ငိုမနေနဲ့"

လင်းယုန် လက်ဖဝါးကို အုပ်ကိုင်ပြီး သူမကငိုတော့ နေရီ က အမြင်ကပ်ကပ်နှင့် ပြောပါသည်။

ကိုဗလနှင့် သူ့ရည်းစားက မကျေမနပ်နှင့် ...

"ခင်ဗျားဗျာ .. ဘယ်လိုရည်းစားပါလိမ့်၊ အကျိုးစီးသန်တာ ကျုပ်တို့ပါ ထောင်ထဲပို့တဲ့ကိန်းပဲ"

လင်းယုန် က ပြုံးပြီး ခင်မင်း ကို ကြည့်နေပါသည်။

ခင်မင်း က လင်းယုန် မျက်နှာပေါ် က ဒဏ်ရာတွေကို ခပ်ဖွဖွ စမ်းတော့ ...

"အား .."

လင်းယုန် အော်တော့ ခင်မင်း လန့်သွားရင်း ...





"ဟင် .. နင် တော်တော်နာလားဟင်"

ခင်မင်း စကားကြောင့် ဘေးမှာရပ်နေတဲ့ ဒါန က ..

"ဟာ .. မနာဘဲ နေမလား၊ ဒီလူ့ဗလကို ကြည့်ဦး"

ကိုဗလ ရဲ့လက်မောင်းအိုးကို ကိုင်ပြတော့ ကိုဗလ က မျက်နှာပျက်ပျက်နှင့် ...

"ဟို .. ကျုပ်လက်သီးနုနုလေးနဲ့ ဖြည်းဖြည်းလေး ထိုးတာပါဗျာ .."

ကိုဗလ စကားကြောင့် သူ့ ကြင်ရာတော်က ကိုဗလ ကို မျက်စောင်းထိုးပြီး ...

"ဘာ .. ခပ်ဖွဖွလဲ၊ အားကြီးနဲ့ထိုးပြီး သူ့လက်ကြီးနဲ့ တစ်ခါတစ်ခါဖက်လိုက်ရင် လူကို အသက်ရှူကျပ်ရော"

အားလုံးက သဘောကျစွာ တဟားဟား ..၊

ကိုဗလ က ရယ်ကျဲကျဲနှင့် ...

"ကဲ .. ကဲ ဇာတ်ပေါင်းခန်းလေးအတွက် ကျုပ်တို့အပြင်ကို ရှောင်ပေးကြရအောင်"

ကိုဗလ စကားကြောင့် ခင်မင်း က ရှက်ရှက်နှင့် ခေါင်းငုံ့ပြီး ပြုံးနေပါသည်။



www.burmeseclassic.com

ဒါန က အပြင်ကို ထွက်ခါနီး ...

"ဟေ့ကောင် လင်းယုန်"

လင်းယုန် က မေးဆတ်ပြသည်။

"ဒီပွဲအတွက် ပြီးရင် မင်း ဒကာခံရမှာနော်"

"အေးပါ .. အား!..."

စကားပြောလိုက်တာကြောင့် အနာက နည်းနည်းပိုဟသွားတာကြောင့် လင်းယုန် မျက်နှာရှုံ့မဲ့ပြီး ညည်းတော့ ခင်မင်း က စိုးရိမ်စိတ်နှင့် ...

"လင်းယုန် စကားမပြောနဲ့လေ ...၊ မောနေမယ်"

အားလုံးက ထွက်သွားပါပြီ။

လင်းယုန် က ခင်မင်း စကားကြောင့် ...

"နင့်စကားကြီးကလဲ ဟာ .. ငါပဲ သေတော့မယ့်အတိုင်းပဲ၊ ငါ သေလို့ မဖြစ်သေးဘူး"

သူမက ပြုံးလဲ့လဲ့နှင့် သူ့ကို ပြုံးပြရင်း ...

"ဘာဖြစ်လို့"

"ငါ့နောက်ကျောကို ထိုးမယ့် ဓားလေးအတွက် သူ့ထိုးလို့ကောင်းအောင် ငါ ကျောပေးထားဖို့ တာဝန်တွေ ကျန်သေးတယ်





လေ"

"နင်နော် .."

"ခင်မင်း .."

"ရှင် .."

"နင် ငါ့ကို ချစ်လား .."

"အိုး .."

"မှန်းလား .."

"ရက်စ် .."

"ဘယ်လောက်ထိ မှန်းလဲ"

"ရက်စ် .."

"ငါ ဖက်နမ်းလိုက်မှာနော်"

"ရက်စ် .."

"အေး .. ထလာပြီ"

ခင်မင်း မျက်လုံးဝိုင်းသွားပါတယ်။

တကယ်လည်း ပတ်တီးတွေ အပွေးသားနဲ့ လင်းယုန် [illegible] ယောက် ကောက်ခါငင်ခါ ထလာပါသည်။ ခင်မင်း ပါးစပ်[illegible]ပြာင်းသားနှင့် လင်းယုန် ကို လက်ညှိုး တထိုးထိုးနှင့် ...

www.burmeseclassic.com



"နင့်မှာ ဒဏ်ရာတွေနဲ့လေ"

လင်းယုန် က တဟဲဟဲနှင့် မျက်နှာပိုး မသေစွာ သူမကို ပွေ့ဖက်ရင်း ...

"ထိတာက မျက်နှာလောက်တင်ပါ ..၊ ဟိုကောင်တွေက တစ်ကိုယ်လုံး ပတ်တီးစည်းပေးထားတာ၊ လာထား .."

"လင်းယုန် .. နင် .. နင် .. မယုတ် .."

သူမရဲ့ အသံလေး ပျောက်သွားပါတယ်။

သူမရဲ့ နှာခေါင်းဝမှာ ဆေးနံ့လေး တသင်းသင်းနဲ့ပါ ..။

ခင်ဗျားတို့ .. သူတို့ ရန်ဖြစ်နေတယ် ထင်လား ..၊

ထင်နိုင်ပါတယ် ..

ဒါပေမယ့် ...

ဒီနှိုင်းခ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com